# သစ်တောကြေးမုံ

၂၀၁၇ခုနှစ်၊ မေလ



## သစ်တောနှင့် သဘာဝဝန်းကျင်ပြတိုက်









သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သစ်တောနှင့်သဘာဝဝန်းကျင်ပြတိုက် (Forestry and Environmental Museum)အား (၂၉-၃-၂၀၁၆)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ ပြတိုက်သည် ရန်ကုန်- မန္တလေးလမ်းဟောင်းမိုင်တိုင်အမှတ် (၂၅၇/၀)၊ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)နှင့် ကပ်လျက် ဆာဖာရီဥယျာဉ်ဝင်းအတွင်း၌တည်ရှိပြီး(စနေ၊ တနင်္ဂနွေ)များမှအပ နေ့စဉ် နံနက်(၉)နာရီမှ ညနေ(၄)နာရီအထိ ဖွင့်လှစ်ထားရှိပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

ပြတိုက်တွင် ပြခန်းဆောင်ကြီး(၃)ဆောင်ပါဝင်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ မြေတိုင်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှစုပေါင်း၍ ခင်းကျင်းပြသထားပါသည်။

စာမျက်နှာ (၇) သို့

# မာတိကာ


| | |
|---|---|
| ➤သစ်တောနှင့်သဘာဝဝန်းကျင်ပြတိုက် | မျက်နှာဖုံး၆ |
| ➤သန့်စင်သောပတ်ဝန်းကျင်အတွက် လိုအပ်နေသောသစ်ပင်များ(ခေါင်းကြီး) | ၁ |
| ➤သတင်းများကဏ္ဍ | ၂-၄ |
| ➤တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ | ၅-၆ |
| ➤မောင်တို့မယ်တို့ရေ | ၈ |
| ➤ပုလဲရတုမှသည် ပတ္တမြားရတုဆီသို့ | ၉-၁၀ |
| ➤မြေးငယ်သစ်သစ်သို့ ပေးစာ- (၆) | ၁၁-၁၃ |
| ➤လျှပ်စစ်စွမ်းအားဆည်တမံကြီးများ စဉ်းစားစရာတွေပါလား- | ၁၄-၁၆ |
| ➤သစ်ပင်စကားသံ(ကဗျာ) | ၁၆ |
| ➤ဒီရေရောက်သစ်တောခုတ်လွှန်တောပျက်ရေိယာများမှာ - - - - - | ၁၇-၂၀ |
| ➤ဟဲ -ဟဲ ဒါလေးများ (၅) | ၂၀-၂၂ |
| ➤ကာတွန်းကဏ္ဍ | ၂၂ |
| ➤သစ်တောသမားခရီးသွား(၅) | ၂၃-၂၅ |
| ➤ ဂေဟဗေဒဆိုသည်မှာ - (၅) | ၂၆-၂၇ |
| ➤သူတို့နားခိုရာ ဘုရားအရိပ်ပါ | ၂၈-၃၀ |
| ➤မြန်မာနိုင်ငံသစ်တောများတည်ထောင်ခြင်းစီမံကိန်း | ၃၁-၃၂ |
| ➤မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော | ၃၃-၃၄ |
| ➤မြန်မာ့ကျွန်းတောများ | ၃၅-၃၈ |
| ➤အိုလာဖို့ရာ ဘာတွေပြင်ဆင်ထားသင့်သလဲ | ၃၉-၄၀ |
| ➤ကျိန်စာတွေနဲ့သင် (ကဗျာ) | ၄၀ |
| ➤ECD, IUCN and FREDA on Sustainable Management of Peatland Ecosystem Project in Inle Lake of Myanmar | ၄၁-၄၃ |
| ➤သစ်တောရောဂါဗေဒအကြောင်းသိကောင်းစရာ | ၄၄-၄၇ |
| ➤နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးငွေရတု | ကျောဖုံး ၄၈-၄၉ |


**သစ်တောများသည်**
**အတိတ်ကာလ၏ အမွေအနှစ်**
**ပစ္စုပ္ပန်၏အကျိုးစီးပွားနှင့်**
**အနာဂတ်ဖွံ့ဖြိုးမှု**
**အတွက်ဖြစ်သည်။**




## စာတည်းချုပ်နှင့် ထုတ်ဝေသူ

ဦးအောင်ခင်ဦး
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

## စာတည်း

ဦးလှမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး

## စာတည်းအဖွဲ့ဝင်များ

ဦးအောင်ကျော်ဦး — လက်ထောက်ညွှန်ကြားရေးမှူး
ဦးစိန်မိုး — လက်ထောက်ညွှန်ကြားရေးမှူး
ဦးကိုကိုထွန်း — ဦးစီးအရာရှိ

## ပုံနှိပ်သူ

ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



**ဆက်သွယ်ရန် -**
၀၆၇-၄၀၅၃၉၄
extension@forest.gov.mm

# သန့်စင်သောပတ်ဝန်းကျင်အတွက် လိုအပ်နေသောသစ်ပင်များ

**'ပန်းမန်သစ်ပင်၊ လေသန့်စင်၏'**ဟူသော ဆောင်ပုဒ်ကို ကြားဖူးကြပါမည်။ ပင်ကိုအသိဖြင့်လည်း မိမိပတ်ဝန်းကျင်၌ သစ်ပင်၊ ပန်းပင်များရှိခြင်းသည် လေကောင်းလေသန့်ရရှိစေကြောင်း၊ စိတ်ကြည်လင်ရွှင်လန်းရကြောင်းကိုသိရှိပြီးဖြစ်ပါသည်။ သစ်ပင်မရှိသော အရပ်ဒေသ၏ ပတ်ဝန်းကျင်ဆိုးရွားမှုအနေအထားကိုလည်း သဲကန္တာရဒေသများ၊ ခြောက်သွေ့မိုးခေါင်ရေရှားဒေသများကိုကြည့်ခြင်းဖြင့် သိသာနိုင်ပါသည်။

ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီးသည် လူသားများအတွက် မျှတသောသဘာဝ(Balance of Nature)ကိုဖန်တီးပေးခဲ့ပါသည်။ ထိုပေးစွမ်းထားခဲ့သော အနေအထားကို ကျွန်ုပ်တို့လူသားများကပင် ပြန်လည်ဖျက်စီးခဲ့ပါသည်။ သစ်တောများပျက်စီးစေမှု၊ ကာဗွန်ဓါတ်ငွေ့များ အဆမတန်ထုတ်လွှတ်မှု၊ မှန်လုံအိမ်အာနိသင်ဖြစ်ထွန်းစေမှုများကြောင့် ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေ ဆိုးရွားလာလျက်ရှိနေပါသည်။ ယခင်က မကြုံတွေ့ခဲ့ဖူးသော ဆိုးရွားသည့် ရာသီဥတုအနေအထားများကို လူသားတို့ကြုံတွေ့လာရပါသည်။

ထိုသို့သောအခြေအနေမှ ကာကွယ်ရန် ကာဗွန်ဓါတ်ငွေ့များ၊ Chlorofluorocarbons(CFCs)များ ထုတ်လွှတ်မှုလျှော့ချခြင်းနှင့်အတူ လက်ကျန်သစ်ပင်သစ်တောများထိန်းသိမ်းခြင်း၊ အသစ်တဖန်စိုက်ပျိုးခြင်းများဆောင်ရွက်ရန် အလေးထားလာကြပါသည်။ ကာဗွန်ဓါတ်ငွေ့ထုတ်လွှတ်မှုနှင့် ပြန်လည်စုပ်ယူထိန်းသိမ်းမှု အချိုးညီရန် အလေးထားတောင်းဆိုနေကြပါသည်။ သို့ကြောင့်ပင် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများအနေဖြင့် သစ်တောသယံဇာတကြွယ်ဝသော နိုင်ငံများထံမှ သစ်တောသစ်ပင်များ ဝယ်ယူထိန်းသိမ်းခြင်း(Carbon Trade)ကို စိတ်ကူးဆောင်ရွက်လာကြပါသည်။ မလုပ်မဖြစ်အနေအထားသို့ ရောက်ရှိလာရပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် နိုင်ငံဧရိယာ၏ ၄၂.၉၂% ကျော်မှာ သစ်တောများဖုံးလွှမ်းလျက်ရှိနေပါသေးသည်။ စနစ်တကျဆောင်ရွက်ခဲ့သော သစ်တောစီမံအုပ်ချုပ်မှု(Forest Management)ကြောင့်လည်း သစ်တောများ ရေရှည်တည်တံ့နေမည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှု၊ ကိုယ်တိုင်ပါဝင်အားပေးချီးမြှင့်မှုတို့ဖြင့် တစ်တိုင်းပြည်လုံး ပါဝင်ဆင်နွှဲသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်လျက်ရှိနေပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ စိုက်ပျိုးတည်ထောင်သော သစ်တောစိုက်ခင်းများသာမက ပြည်သူတစ်ရပ်လုံးပါဝင်စိုက်ပျိုးသည့် သစ်ပင်များနှင့် နိုင်ငံအဝန်းစိမ်းလန်းလျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ ကမ္ဘာပေါ်တွင် သစ်တောသယံဇာတ ပေါ်များကြွယ်ဝသော၊ စိမ်းလန်းစိုပြည်သော၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု မများသော နိုင်ငံတစ်ခုအဖြစ် ရပ်တည်လျက်ရှိနေရန် ဆောင်ရွက်နေမှုများသည် ယနေ့ကျွန်ုပ်တို့လက်ရှိ လူများအတွက်သာမဟုတ်ဘဲ၊ နောင်သားစဉ်မြေးဆက်တိုင်အောင် လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် ရည်မှန်းဆောင်ရွက်နေခြင်းပင်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

FOREST

### သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

# သတင်းကဏ္ဍ

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တတိယအကြိမ်မြောက် မဲခေါင်မြစ်ကော်မရှင်ထိပ်သီး အစည်းအဝေးတက်ရောက်ခြင်း

## (3rd Mekong River Commission Summit)







ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိမြို့၌ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ်မြောက် မဲခေါင်မြစ်ကော်မရှင်ထိပ်သီး အစည်းအဝေး (3rd Mekong River Commission Summit)နှင့် ဝန်ကြီးအဆင့်အစည်းအဝေး (Ministerial Meeting)သို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပါသည်။

၅-၄-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ်မြောက် မဲခေါင်မြစ်ကော်မရှင် ထိပ်သီးအစည်းအဝေးကို Sokha Siem Reap Resort and Convention center ၌Enhancing Joint Efforts and Partnerships towards Achievement of the Sustainable Development Goals in the Mekong River Basin-One Mekong, One Sprit" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E. Samdech Akka Moha Sena Padei Techo Hun Sen မှ အဖွင့်မိန့်ခွန်းပြောကြားပါသည်။

ဆက်လက်၍ မဲခေါင်မြစ်ကော်မရှင်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Thong Loun Sisoulith၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Prayuth Chan-ocha၊ ဗီယက်နမ် နိုင်ငံဝန်ကြီးချုပ် H.E. Nguyen Xuan Phuc တို့က မိန့်ခွန်းပြောကြားပါသည်။ ဆက်လက်၍ ဆွေးနွေးဘက်နိုင်ငံများ ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရေသယံဇာတဝန်ကြီး H.E. E Jingpin ကလည်းကောင်း၊ မြန်မာနိုင်ငံ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းကလည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများမှ အဆင့်မြင့်ကိုယ်စားလှယ်များမှလည်းကောင်း မိန့်ခွန်းပြောကြားပါသည်။

မဲခေါင်မြစ်ကော်မရှင် ထိပ်သီးအစည်းအဝေးတွင် ကော်မရှင်၏ အနာဂတ်လုပ်ငန်းစဉ်များ၊ ၁၉၉၅ခုနှစ် မဲခေါင်သဘောတူညီချက်အပေါ် ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များရရှိရေးအတွက် အထောက် အကူပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ မဲခေါင်မြစ်ဝှမ်းဆိုင်ရာ ရေအရင်းအမြစ်၊ ရေအရင်းအမြစ်နှင့် ဆက်စပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များခိုင်မာစေရန် မဲခေါင်ဒေသနိုင်ငံများအချင်းချင်းဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းရေကြီးခြင်း၊ မိုးခေါင်ခြင်းအပါအဝင် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအကြားပူးပေါင်းမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စများဆွေးနွေးကြပြီး မဲခေါင်မြစ်နိုင်ငံ အဖွဲ့ဝင်နိုင်ငံများအတွက် "Siem Reap Declaration" ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

ထို့အပြင် မြန်မာကိုယ်စားလှယ်အဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများသည် ၄-၄-၂၀၁၈ ရက်နေ့တွင် ကျင်းပသည့် ဝန်ကြီးအဆင့်အစည်းအဝေးသို့ ဆွေးနွေးဖက်နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများအဖြစ်တက်ရောက်ခဲ့ပြီး၊ ၄-၄-၂၀၁၈ ရက်နေ့ညပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပါသည်။

# ၂၀၁၈ ခုနှစ် အခြေခံသစ်တောပညာ အထူးသုံးလသင်တန်းဆင်းပွဲကျင်းပ




သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံသစ်တောကျောင်း၊ ပြင်ဦးလွင်မြို့၊ ကျွန်းရတနာခန်းမတွင် ၂၀၁၈ခုနှစ်၊ အခြေခံသစ်တောပညာ၊ အထူး(၃)လ သင်တန်း၊ သင်တန်းဆင်းပွဲ အခမ်းအနားကို(၅-၄-၂၀၁၈)ရက်နေ့ နံနက်(၉)နာရီတွင် ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ဦးခင်မောင်ရီ က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပါသည်။

အမြဲတမ်းအတွင်းဝန်မှ အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံသစ်တောကျောင်းသည် ၁၈၉၈ခုနှစ်မှ စတင်၍ သာယာဝတီမြို့တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ၁၉၅၃ခုနှစ်တွင် ပြင်ဦးလွင်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်မှာ ယခုထိနှစ်ပေါင်း(၁၂၀) တိုင်ခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံသစ်တောကျောင်းအား အခြေအနေ၊ အချိန်အခါနှင့် လိုအပ်ချက်များအရ (၂)နှစ်သင်တန်း၊ တစ်နှစ်ခွဲသင်တန်း၊ (၉)လသင်တန်းစသည်ဖြင့် သင်တန်းကာလများ ပြောင်းလဲဖွင့်လှစ်ခဲ့ရာ ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ် စဉ်(၁၁၃)အထိ သင်တန်းသားဦးရေ စုစုပေါင်း (၆၁၃၀)ဦး မွေးထုတ်ပေးခဲ့ပြီး သင်တန်းသားများအနေဖြင့် သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းဌာနတို့မှဖြစ်ပြီး သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင်အမာခံကျောရိုးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊

ထိုကဲ့သို့ သင်တန်းကာလများကို ပြောင်းလဲဖွင့်လှစ်ခဲ့ရာမှ ၂၀၁၈ခုနှစ်၊ မေလတွင် အခြေခံသစ်တောပညာ သင်တန်း၊ အမှတ်စဉ်(၁၁၄)ကို သင်တန်းကာလ(၂)နှစ် သတ်မှတ်၍ ဖွင့်လှစ်သင်ကြားပို့ချတော့မည်ဖြစ်ပြီး သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့တွင် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများမှာ လုပ်ငန်းပမာဏများပြားသည့် အတွက် ဝန်ထမ်းအင်အား တိုးချဲ့ခန့်ထားရန် လိုအပ်လာပါ၍ သတ်မှတ်ထားသည့် အရည်အချင်းကိုက်ညီသူများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြေခံသစ်တောပညာ၊ အထူး(၃)လသင်တန်းကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ(၂)ရက်နေ့မှစတင်၍ သင်တန်းဖွင့်လှစ်ပို့ချခဲ့ကြောင်း၊ ထို့အပြင် ပြည်သူ့ဝန်ထမ်းများပီပီ တာဝန်နှင့်ဝတ္တရားများကို စေတနာ အရင်းခံနှင့်ဆောင်ရွက်ပြီး အဂတိတရားကင်းရှင်းစွာဖြင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် ဝန်ထမ်းများဖြစ်အောင် ပြုမူကျင့်ကြံနေထိုင်ကြရန်နှင့် ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ မျက်ခြေမပြတ် လေ့လာသုံးသပ်ပြီး မိမိတို့၏စွမ်းဆောင်ရည်ကို အမြဲကြိုးစားမြှင့်တင်ဆောင်ရွက်ကြရန်တိုက်တွန်းပြောကြားပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆရာများနှင့် သင်တန်းသားစုစုပေါင်း (၁၉၇)ဦး တက်ရောက်ခဲ့ကြပါသည်။



# (၁/၂၀၁၇)ကြိမ်မြောက် နိုင်ငံအဆင့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ကူးသန်းရောင်းဝယ်မှုအား ဥပဒေအရ ထိရောက်စွာတားဆီးရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပခြင်း




(၁/၂၀၁၈)ကြိမ်မြောက် နိုင်ငံအဆင့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ကူးသန်းရောင်းဝယ်မှုအား ဥပဒေအရ ထိရောက်စွာတားဆီးရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကို (၁၀-၄-၂၀၁၈)ရက်နေ့ နံနက်(၁၀)နာရီအချိန်တွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော် တက်ရောက်အမှာစကားပြောကြားသည်။

လုပ်ငန်းအဖွဲ့ကို ၂၀၁၆ ခုနှစ် အစိုးရသစ်လက်ထက်တွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက်ပိုင်း နိုင်ငံအတွင်းဖြစ်ပွားနေသည့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင် ကူးသန်းရောင်းဝယ်မှုများ တားဆီးနှိမ်နင်းရေးကိစ္စများကို ယခင်ကထက်ပိုမိုပြီး ပေါင်းစပ်ညှိနှိုင်းမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်နိုင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)နှင့်ပူးပေါင်းပြီး တရားမဝင် ကူးသန်းရောင်းဝယ်မှုအများဆုံးဖြစ်ပွားနေသည့် မန္တလေး-လားရှိုး-မူဆယ်- နမ့်ခမ်းလမ်းကြောင်းကို ဦးစားပေး စီမံကိန်းနေရာ သတ်မှတ်ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ စီမံကိန်းကာလ(၂)နှစ်အဖြစ် ဆောင်ရွက်နိုင်ရန် စီမံကိန်းမိတ်ဆက်ခြင်းနှင့်လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်းတို့ကိုလည်းကောင်း၊ ၂၀၁၆ - ၂၀၁၇ ခုနှစ်အတွင်းတွင် မန္တလေးမြို့၊ လားရှိုးမြို့နှင့် မုံရွာမြို့တို့တွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းကိုလည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ သဘာဝထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့(WWF)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံ၊ တာချီလိတ်မြို့များတွင် သင်တန်းအလုပ်ရုံဆွေးနွေးပွဲ (၃)ကြိမ်ကိုလည်းကောင်း၊ ၂၀၁၈ခုနှစ် မတ်လအတွင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင် သင်တန်းအလုပ်ရုံဆွေးနွေးပွဲကိုလည်းကောင်း သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရအဖွဲ့၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့၊ ကမ္ဘာလုံးဆိုင်ရာသဘာဝထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့နှင့် သစ်တောဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ဈေးများ၊စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ အမှတ်တရအရောင်းဆိုင်များ၊ လက်မှုပစ္စည်းအရောင်းဆိုင်များ၊ မော်တော်ယာဉ်လိုင်းများနှင့် ရန်ကုန်၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်များ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မြို့တော်ခန်းမရှေ့နှင့် ပြည်သူ့ရင်ပြင်တို့တွင် တောရိုင်းတိရစ္ဆာန်နှင့် ၎င်းတို့၏ အစိတ်အပိုင်းများကို အသားဟင်းလျာအဖြစ် ရောင်းချခြင်း၊ အသုံးအဆောင်ပစ္စည်းများအဖြစ်ရောင်းချခြင်း၊ သယ်ဆောင်ခြင်းတို့ကိုမပြုလုပ်ရန် ကောင်တာများ၊ ပစ္စည်းရွေးချယ်သည့်နေရာများရှိ TVများတွင် ဆက်တိုက် ထုတ်လွှင့်ခြင်း၊ ပိုစတာများချိတ်ဆွဲခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဆင်ရုပ်ထုနှင့် အသိပညာပေးခြင်းများတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် နယ်စပ်ဂိတ်ပေါက်များတွင် တာဝန်ကျသည့် သက်ဆိုင်ရာဝန်ထမ်းများအား တောရိုင်းတိရစ္ဆာန်နဲ့ သစ်ပင်ပန်းမန်များတရားမဝင်ကူးသန်းရောင်းဝယ်နေမှုများကို စစ်ဆေးနိုင်ရေး၊ အရေးယူဆောင်ရွက်နိုင်ရေးတို့အတွက်သာမက တရားဝင်ကူးသန်းရောင်းဝယ်မှုများအတွက် လိုအပ်သည့် သစ်တောဦးစီးဌာနထောက်ခံချက်၊ CITES လုပ်ထုံးလုပ်နည်းများကိုလည်း သိရှိဆောင်ရွက်နိုင်ရေး သင်တန်းများပို့ချပေးနိုင်ခဲ့ပါသည်။

လုပ်ငန်းအဖွဲ့တွင် ပါဝင်သောဌာနများနှင့် ကျန်သည့် ဆက်စပ်ပတ်သက်သူအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်လာရေးနှင့်အဖွဲ့၏ လုပ်ငန်းတာဝန်၊ လက်ရှိဆောင်ရွက်ဆဲစီမံကိန်းများ၊ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများတွင် တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ပေးသွားကြရန်အတွက် အစည်းအဝေးအား ကျင်းပရခြင်းဖြစ်ပါသည်။

# တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်း

## ပဲခူးတိုင်းဒေသကြီး



၁–၄–၂၀၁၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင် သစ်ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ရေတာရှည်မြို့နယ်၊ အနောက်ဆွာကြိုးဝိုင်း အကွက်အမှတ်(၃၆)အတွင်း တရားမဝင် ပျဉ်းကတိုးသစ်(၁၄၂)လုံး (၆၁.၇၂၉၄)တန် အား ဖမ်းဆီးရမိခဲ့ပါသည်။

## ကချင်ပြည်နယ်



၂–၄–၂၀၁၈ ရက်နေ့တွင် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်၊ သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ ခမရ(၆၀၂)တပ်မှ စုရုံးတပ်စိတ်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ် ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ဗန်းမော်မြို့နယ်၊ စင့်ကင်ကျေးရွာ မြောက်ဘက်(၇)မိုင်ခန့်အကွာနေရာ၌ တရားမဝင်ကျွန်းခွဲသား ဆိုဒ်စုံ(၈၈၃)ချောင်း (၂၂.၀၁၄၂)တန် အားဖမ်းဆီးရမိခဲ့ပါသည်။

## ရှမ်းပြည်နယ်

၃–၄–၂၀၁၈ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ကြီး)၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်၊ သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ ခ.လ.ရ(၉)မှ တပ်ဖွဲ့ဝင်(၇)ဦး၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ရာ လွိုင်လင်မြို့နယ်၊ ပန်လွယ်တောင်ကျေးရွာအနီးနေရာ၌ ယာဉ်အမှတ် (YGN 8B/7371)တပ်ဆင်ထားသော NISSAN (အဖြူ) (၁၂)ဘီးယာဉ်နှင့်ယာဉ်အမှတ်(YGN 7B/4839) တပ်ဆင်ထားသော NISSAN (ဖြူ/ပြာ)(၁၂)ဘီးယာဉ် (၂)စီးပေါ်မှ တရားမဝင် ပိတောက်ဓါးရွေ(၂၀)တန်ခန့်နှင့် တရားခံ(၂)ဦးတို့အား ဖမ်းဆီးရမိခဲ့ပါသည်။





## မကွေးတိုင်းဒေသကြီး

၄-၄-၂၀၁၈ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှရဲတပ်ဖွဲ့ဝင်များ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ မြိုင်မြို့နယ်၊ မကျီးကန်ကျေးရွာအုပ်စု၊ ညောင်ကုန်းရွာအနောက်မြောက်ဘက် (၁)မိုင်ခန့်အကွာနေရာ၌ တရားမဝင်ပိတောက်ခွဲသား(၁၂၃)ချောင်း (၁၀.၅၃၈၂)တန်အားဖမ်းဆီးရမိခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး



၄-၄-၂၀၁၈ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ/ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးဆောင်သော သစ်တောဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ် ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ပုလဲမြို့နယ်၊ ပုလဲ-ဂန့်ဂေါ ကားလမ်း၊ မိုင်တိုင်အမှတ်(၂၇/၄)အနီးနေရာ၌ ယာဉ်အမှတ်(MDY 8J/3315) တပ်ဆင်ထားသော UD (၁၂)ဘီးယာဉ်ပေါ်မှ တရားမဝင်တမလန်း/ပိတောက်ခွဲသား(၈၉)ချောင်း (၁၀.၈၃၁၀)တန်အား ဖမ်းဆီးရမိခဲ့ပါသည်။

### တိုင်းဒေသကြီးနှင့် ပြည်နယ်၊ သစ်တောဦးစီးဌာနများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဧပြီလမှ မတ်လအထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၁၁၀၅၆.၅၀၈၁ | |
| ၂ | သစ်မာ | တန် | ၁၃၃၄၀.၉၈၆၈ | |
| ၃ | အခြား | တန် | ၂၄၂၈၃.၆၂၀၂ | |
| | စုစုပေါင်း | | ၄၈၆၈၁.၁၁၆၁ | |
| ၄ | မီးသွေး | တန် | ၉၄၃၃.၈၅၆၉ | |
| ၅ | ကား | စီး | ၂၄၃၈ | |
| ၆ | မြေတူးစက်/မြေကော်စက်/ ကရိန်း | စီး | ၁၀ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း/ ထွန်စက် | စီး | ၁၄၃ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၆၅၆ | |
| ၉ | စက်လှေ/ ပဲ့ထောင်/ရေယာဉ် | စီး | ၂၃၃ | |
| | စုစုပေါင်း | | ၃၄၈၀ | စဉ် (၅) မှ (၉)၊ ယာဉ်/ ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၅၂၇ | |

မျက်နှာဖုံးမှ အဆက်



သစ်တောဦးစီးဌာနပြခန်းဆောင်တွင် အလောင်းမင်းတရားလက်ထက်မှ တော်ဝင်ကျွန်းသစ်လုံးနှင့် မြန်မာနိုင်ငံ သစ်တောစီမံအုပ်ချုပ်မှု သမိုင်းကြောင်းအား ရှေးမြန်မာမင်းများခေတ်မှ ယနေ့မျက်မှောက်ခေတ်ထိ စုံလင်လှသည့် သမိုင်းဝင်ပစ္စည်းများ၊ စာအုပ်များ၊ ဆုတံဆိပ်များနှင့် မြန်မာ့သစ်တောထွက်ပစ္စည်းများ၊ သစ်တောဦးစီးဌာနလက်အောက်ရှိ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှလည်း ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးအတွက်ရည်ရွယ်၍ အလွန်ရှားပါးပြီးမျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော တိရစ္ဆာန်များ၏ ရုပ်လုံးသွင်းနမူနာပုံစံများ၊ မြန်မာနိုင်ငံရှိ သဘာဝထိန်းသိမ်းထားသော နယ်မြေများ၊ အာဆီယံအမွေအနှစ်ဥယျာဉ်များနှင့် မြန်မာနိုင်ငံရှိ လိပ်ပြာမျိုးစိတ်များအား ခင်းကျင်းပြသထားပါသည်။

မြေတိုင်းဦးစီးဌာနပြခန်းဆောင်တွင် မြန်မာနိုင်ငံနှင့်အိမ်နီးချင်း(၅)နိုင်ငံတို့၏ နယ်နိမိတ်တို့အား တိုင်းတာထားသော မြေပုံများနှင့် နယ်နိမိတ်မှတ်တိုင်များအားနမူနာပုံစံများဖြင့် လည်းကောင်း၊ နိုင်ငံတော်အတွက် မြေမျက်နှာသွင်ပြင်ပြမြေပုံများ တိုင်းတာထုတ်လုပ်ခြင်း ဆောင်ရွက်မှုလုပ်ငန်းအဆင့်ဆင့်တို့ကိုလည်းကောင်း ခင်းကျင်းပြသထားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနပြခန်းဆောင်တွင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ မူဝါဒ၊ ရည်ရွယ်ချက်များနှင့်အတူ မြေ၊ ရေ၊ လေတိုင်းတာရေး စက်ကိရိယာများအား စုံလင်စွာပြသထားပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် ဌာန၏အဓိကတာဝန်ကြီး(၄)ရပ်ဖြစ်သော စိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောကျန်များထိန်းသိမ်းခြင်း၊ ထင်းအစားအခြားလောင်စာအသုံးပြုခြင်းနှင့် ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို နမူနာပုံစံငယ်များဖြင့်လည်းကောင်း ထင်းအစားထိုးမီးဖိုနှင့် လောင်စာအမျိုးမျိုးတို့ကိုလည်းကောင်း စုံလင်စွာပြသထားရှိပါသည်။

မြန်မာ့သစ်လုပ်ငန်းပြခန်းတွင် မြန်မာ့သစ်လုပ်ငန်း၏ သမိုင်းကြောင်း ရည်ရွယ်ချက်လုပ်ငန်းစဉ်များနှင့် မြန်မာ့ဆင်စွယ်များအား ပြသထားပြီး မြန်မာ့သစ်လုပ်ငန်းမှဖွင့်လှစ်တည်ထောင်ထားသော ဆင်စခန်းများ၏ သတင်းမှတ်တမ်းများကိုလည်းကောင်း၊ ဂေဟစနစ်၏မဏ္ဍိုင်ဖြစ်သော ဆင်၏အသုံးအဆောင်ပစ္စည်းများ၊ မြန်မာနိုင်ငံရှိ ဆင်ဖြူတော်များ၏ မှတ်တမ်းများအား စုံလင်စွာခင်းကျင်းပြသထားပါသည်။

သစ်တောနှင့် သဘာဝဝန်းကျင်ပြတိုက်အား အောက်ပါရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပြသထားခြင်းဖြစ်ပါသည် –

၁။ အများပြည်သူများ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်၊

၂။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်များ၊ သမိုင်းဝင်ပစ္စည်းများနှင့် သမိုင်းဝင်စာအုပ်စာတမ်းများ၊ ဓါတ်ပုံများအား တစ်နေရာတည်းတွင်လေ့လာကြည့်ရှုနိုင်စေရန်၊

၃။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ထိစပ်ဆက်နွယ်နေသော ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်နေကြောင်းသိရှိလာစေရန်၊

၄။ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်၏ အရေးပါပုံကို ပြည်သူများသိရှိလာပြီး ပြည်သူများမှ တတ်စွမ်းသမျှ ပါဝင်ကူညီလာစေရန်တို့အတွက် ရည်ရွယ်၍ဖွင့်လှစ်ထားပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော် ဆာဖာရီဥယျာဉ်ဝင်းအတွင်းရှိ သစ်တောနှင့်သဘာဝဝန်းကျင်ပြတိုက်သို့ လာရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်း ---



ဝေဝေတင် (တိုးချဲ့)

# မောင်တို့ မယ်တို့ရေ

ဦးသန်းနွယ် (သစ်တော)

ယခင်တစ်ပတ်ကတော့ အကြံပြုချက်လေးတွေ တင်ပြခဲ့ပါတယ်။ အဲဒီအကြောင်းပဲ ဆက်ခွင့်ပြုစေလိုပါတယ်။ ဦးတို့ခေတ် (၁၉၆၁–၁၉၉၇)လောက်က ဝန်ထမ်းတွေကို Pre war –စစ်ကြီးမတိုင်မီနဲ့ စစ်ပြီးခေတ် သစ်တောဝန်ထမ်းကြီးတွေက အားမရကြဘူး။ ထိုအချိန်က လုပ်ကိုင်တာဝန်ယူနေတဲ့ အပိုင်းတွေကပါ။ သူတို့ခေတ်တွေမှာ သစ်တောအတွင်း မည်မျှနေထိုင်လေ့ရှိကြောင်း– သစ်တောလုပ်ငန်းများလုပ်လျှင်လည်း စခန်းမှမိုးမလင်းမီ–မီးထုတ်ကိုင်၍ သစ်တောဆောင်ရွက်မည့်နေရာသို့ အရောက်သွားခဲ့တယ်ပေါ့။ ထို့အပြင် သစ်တောဝန်နှင့် သစ်တောမင်းကြီးများမှာ တောစခန်း(Camp)များတွင် တစ်လရက်မည်မျှနေကြပြီး Dake- runner (ခြေမြန်လုလင်)ဖြင့် သစ်တောဝန်ရုံးနှင့်ဆက်သွယ်တဲ့အကြောင်းတွေပါ။

ထိုခေတ်ထိုအခါက မှန်ခဲ့ကြပါသည်။ လုပ်ကိုင်လို့ရခဲ့သကိုး။ ဘယ်နိုင်ငံရေးပါတီ– ဘယ်ကောင်စီ– ဘယ်ဌာနမှ သူတို့ကိုမစွက်ဖက်ခဲ့ကြပဲကိုး။ ဒီအပြင် ဘာအစည်းအဝေးတွေမှ အုပ်ချုပ်ရေးပိုင်းက ခေါ်ဆိုတာတွေ မရှိခဲ့ကြဘူးလေ။ အင်မတန်မှ ကိုယ့်လုပ်ငန်းကိုယ်လုပ်နိုင်တဲ့ခေတ်ပေါ့။ အားကျစရာကောင်းပါတယ်။ သစ်တောထဲကို Double Fly ခေါ်တဲ့ အမိုးနှစ်ထပ်နဲ့ မိုးကာတဲကြီးတွေနဲ့ စခန်းချနိုင်တယ်။ မိုးကာတဲက ရေချိုးခန်းပါတယ်။ အိပ်ခန်း၊ ထမင်းစားခန်းတွေပါပြီး– အမိုးက နှစ်ထပ်ဆိုတော့ မပူတော့ဘူးလေ။ ရေအေးအေးသောက်လိုရင် မိုးကာအိပ်နဲ့ ရေထည့်(Water Bag)တပည့်တွေက ကြိုးနဲ့ဆွဲပြီး–လွှဲပေးရင် အေးသွားတယ်။ သစ်တောဝန်ရုံးတွေမှာလည်း လေအေးစက်တို့ ပန်ကာတို့မရှိတော့– ယပ်ဆွဲတဲ့ရုံးလုလင်တစ်ယောက်က Panker Puller ဆွဲပေးနေရတယ်။ အဲဒီခေတ်ကို ဦးက တစ်နှစ်မီလိုက်ပါတယ်။ အလွန်အမင်း လွတ်လပ်မှုရှိပြီး ကိုယ့်အလုပ်ကို လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ရှိပါတယ်။

ဦးတို့ခေတ်–၁၉၆၂လောက်ကစပြီး သိကြတဲ့အတိုင်းလေ– မောင်–မယ်တို့ မမီကြရင်–share လိုက်ဦးမယ်။ ရှယ်ယာလုပ်ပေးလိုတာကြာပါပြီ။ တော်လှန်ရေးအစိုးရတက်လာတယ်။ တက်စက အခြေအနေတွေအုပ်ချုပ်ရေးကောင်းသေးတယ်။ လာပါပြီ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပေါ်လာပြီး ရုံးလုလင်က ပါတီကလပ်စည်း ခေါင်းဆောင်၊ သစ်တောဝန်က အဖွဲ့ဝင်၊ ရုံးလုလင်က သစ်တောဝန်ကို ဘယ်လွန်ဆန်နိုင်မှာလဲ။ ကျောင်းဆရာတွေ– စစ်ဗိုလ်တွေ ပါတီထဲဝင်လာတယ်။ ၄င်းတို့က တစ်ဖွဲ့တည်းလေ။ နွားလှည်းမောင်းတဲ့အခါ တိုင်နွားနဲ့အဖက်နွားရှိတယ်။ လှည်းရပ်လိုရင် နွားကြိုးကိုပြိုင်တူမဆွဲရသူ– လျှော့သင့်တဲ့ကြိုးလျှော့– တင်းသင့်တဲ့နွားတင်းရတယ်။ ဝန်ထမ်းအများဟာ အဲဒီလို နွားလှည်းမောင်းသမားတွေ။ ကျောင်းဆရာနဲ့စစ်ဗိုလ်က အမိန့်လိုက်နာတဲ့အတိုင်း နွားနှစ်ကောင်ကိုပြိုင်တူကြိုးဆွဲကြတာ။

မြို့နယ်လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မတီ (မဝတ) မြို့နယ်ပြည်သူ့ကောင်စီပါတီ ယူနစ်တွေပေါ်လာတော့ အုပ်ချုပ်ရေးပိုင်းလျှော့ပြီးလာတယ်။ ရေးရလျှင် ပျက်လာတယ်ပေါ့။ သစ်တောအတွင်း ခရီးထွက်လိုလျှင် မဝတ ဥက္ကဋ္ဌထံမှ ခွင့်ပြုချက်တောင်းရတာမျိုးတွေဖြစ်လာတယ်။ အခြေအနေအရပ်ရပ်က အထက်အောက်အုပ်ချုပ်ရေး မကောင်းဖြစ်လာတယ်။

အဲဒီလိုအခြေအနေမှာ ဘယ်သစ်တောဝန်ထမ်း တောထဲဝင်တော့မလဲ။ မြို့မှာ နုပ်နေတော့တာပေါ့။ နောက်ပိုင်းမှသာလျှင် ခရီးသွားခွင့်လွတ်လပ်လာတော့တယ်။

ခေတ္တရပ်နားခွင့်ပြုပါ

# ပုလဲရတုမှသည် ပတ္တမြားရတုဆီသို့

ဝင်းချစ်(အမျိုးသားစာပေဆုရ)



လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်၊ တိတိကျကျပြောရလျှင် ၁၉ရ၈ခုနှစ်၊ ဧပြီလ သင်္ကြန်အပြီးမှာ စာရေးသူတို့ FRTC(Forest Research and Training Circle- သစ်တောသုတေသနနှင့် လေ့လာသင်ကြားရေးတိုင်း)မှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်း (၆၀)ကျော်ဟာ ရန်ကုန်ကနေ ရေဆင်း၊ FRI (Forest Research Institute –သစ်တောသုတေသနဌာန)ကို စတင်ပြောင်းရွှေ့ခဲ့ကြပါသည်။ ရုံးပစ္စည်းတွေကိုတော့ နှစ်လ၊သုံးလ စောပြီး တဖြည်းဖြည်း ပြောင်းရွှေ့ထားပြီးဖြစ်ပါတယ်။

စာရေးသူတို့ထက်စောပြီး Pioneer အဖြစ်သွားခဲ့တဲ့သူက ဒေါက်တာဉာဏ်ထွန်း (မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့ ဒု–ဥက္ကဋ္ဌ၊ သစ်တောပညာရှင်အဖွဲ့ခေါင်းဆောင်)ပါ။ ဦးဉာဏ်နှင့်အတူ လိုက်ပါခဲ့တဲ့သူတွေကတော့ ဦးစိန်အောင်(ရုံးအုပ်ကြီး–ငြိမ်း)၊ ဦးလှ(ပန်းရံဆရာ–ကွယ်လွန်)၊ မာမာ၊ မောင်နိုင်/ဝက်ကြီး (အငယ်လေးတို့ရဲ့အဖေ)၊ ကိုမြငွေ(ယာဉ်မောင်း–ကွယ်လွန်) တို့တစ်တွေပါ။ ရွှေ့ပြောင်းအဖွဲ့အထွေထွေသုံးဖို့ 'တစ်ပါ' ကားကြီးတစ်စီးပေးလိုက်ပါတယ်။ ဦးဉာဏ်က အခု ဒေါ်ခင်မေလွင်တို့တိုက်မှာနေပါတယ်။

FRI ကိုစတင်တည်ထောင်တုန်းက ညွှန်ကြားရေးမှူး(စာရေးသူတို့အခေါ် မင်းကြီး)က ဦးစိန်မောင်ဝင့် (ညွှန်ကြားရေးမှူးချုပ်–ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူးက ဦးစိန်ဝင်း(ကွယ်လွန်–Chlef Technical Adviser-FAO)၊ မင်းကြီးရော အစ်ကိုကြီး ဦးစိန်ဝင်းပါ မိသားစုတွေပါတယ်။ မင်းကြီးကအခု ဦးသန်းနိုင်ဝင်းနေတဲ့အိမ်မှာနေပြီး၊ အစ်ကိုကြီးဦးစိန်ဝင်းကအခု ဦးမင်းဇော်ဦးနှင့် ဒေါ်ဝေမွန်ကျော်တို့နေတဲ့အိမ်မှာနေကြတယ်။ အဲ့ဒီအချိန်တုန်းက 450-scale တိုက်(၆)လုံး(တိုက်တစ်လုံးကို တစ်သိန်းတန်တဲ့အတွက် စာရေးသူတို့က ငါတို့က တစ်သိန်းတန်တိုက်နှင့်နေတာလို့ ကြွားကြသေးတယ်)၊ 320-scale အိမ်(၄)လုံး(အခု ဒေါ်ဘီလီနေဝင်း တို့နေတဲ့အိမ်(၄)လုံးတန်း)၊ 210-scale အိမ်ကသုံးလေးလုံး (အခုဦးကျော်စိုး၊ ဒေါ်ခင်ဝင်းမြင့်တို့နေတဲ့ အိမ်တန်း)နှင့် 40-scale အိမ်က (၁၀)လုံး(အခု အကြင်တို့ ပေါက်စတို့ အေးစန်းတို့နေတဲ့အုပ်စု)ပဲရှိသေးတာ။

ရုံးက အခုစိုက်ပျိုးပြုစုရေးလုပ်ထားတဲ့ ရုံးတစ်ရုံးပဲပြီးသေးတာ။ အဲ့ဒီရုံးမှာ အားလုံးစုပြီး ရုံးတက်ကြရတယ်။ ဒုတိယပြီးတဲ့ရုံးကတော့ သစ်အသုံးချရေးဌာနခွဲ၊ အောင်စိုးတို့ ဝင်းဦးနိုင်တို့ရုံး။ ဝါဆိုသင်္ကန်းကပ်ရင်ဆောက်ပြီးစရုံးတွေမှာ လှည့်ပြီးကပ်တယ်။ ပရိတ်ရွတ်ပြီးသားဖြစ်သွားတာပေါ့။

မှတ်မိသေးတယ်။ Wood Chemistry ရုံးနှင့် သစ်တောကာကွယ်ရေးရုံး နှစ်ရုံးဆောက်မယ်ဆိုတော့ ဆောက်လုပ်ရေးအင်ဂျင်နီယာတွေက အောက်မှာကျောက်ဖျာကြီးခံနေတယ်– Plan အတိုင်းဆောက်လို့မရဘူး၊ ရွှေ့တိုးဆောက်မှရမယ်လို့ပြောကြတယ်။ အဲဒီတုန်းက CTA Dr.Planrmstrong ကလက်မခံဖို့၊ Plan ပျက်သွားပြီးအရုပ်ဆိုးသွားမယ်။ ကျောက်ဖျာကိုမိုင်းခွဲပြီး မရရအောင်ဆောက်ခိုင်းပါလို့ မင်းကြီးကိုတိုက်တွန်းပါတယ်။ မင်းကြီးကလည်း ဆလကတာဝန်ခံ အင်ဂျင်နီယာ(ဦးအောင်မြင့်)ကို မရမက အတင်းတောင်းဆိုတဲ့အတွက် မူလ Plan မပျက်သွားဘဲ အခုလို U ပုံသဏ္ဌာန်(၆)လုံးကို လှလှပပမြင်ကြရတာပါ။ အခုခေတ်အမြင်နှင့်ကျတော့ သိပ်မသားနားဘူး ထင်ရပေမယ့် လွန်ခဲ့တဲ့နှစ်(၃၀)တုန်းက ထိပ်တန်းမှာ ပါပါတယ်။

ညွှန်ကြားရေးမှူးရုံး(ရုံးကြီး)က ၁၉၈၂ခုနှစ်ကျမှ ဆောက်တာပါ။ အဲဒီ့အချိန်တုန်းက မြဝတီမဂ္ဂဇင်းမှာ ခေါင်းစဉ်အမျိုးမျိုးပြောင်းပြီး လစဉ်လုပ်ပေးတဲ့ဓါတ်ပုံပြိုင်ပွဲရှိပါတယ်။ ခေတ်မီအဆောက်အအုံများခေါင်းစဉ်မှာ စာရေးသူတို့ရဲ့ သစ်တောသုတေသနဌာန ညွှန်ကြားရေးမှူးရုံး ဓါတ်ပုံကဆုရခဲ့ဖူးပါတယ်။ ရုံးကြီးရှေ့က မြက်ခင်းကိုလည်း နောင်တစ်ချိန်မှာ Dinner ကြီးတွေပေးနိုင်အောင် ရည်ရွယ်ပြီး အကျယ်ကြီးလုပ်ပေးခဲ့တာပါ။ အဲဒီမြက်ခင်းမှာ သစ်တောတက္ကသိုလ်ဘွဲ့နှင်းသဘင် ဂုဏ်ပြုညစာစားပွဲတွေနှင့် တခြားDinnerတွေလုပ်ခဲ့တာ မနည်းတော့ပါ။

အခုရိပ်သာ(၂)လို့ခေါ်တဲ့ အဆောက်အအုံက သင်တန်းဆောင်ပါ။ Project Document အရ In-service Training တွေပေးရပါမယ်။ သင်တန်းသား(၅၀) တစ်ပြိုင်

တည်း တည်းခိုနိုင်အောင်ဆောက်ခဲ့တာပါ။ အမြော်အမြင်ကြီးတဲ့ လူကြီးတွေကြောင့် နောင်းလူငယ်တွေခံစားကြရတဲ့ အသီး၊အပွင့်တွေထဲကတစ်ခုပါ။ ရေစက်ဆိုရင်လည်း လျှပ်စစ်နှင့်မောင်းတဲ့တစ်လုံးအပြင် မီးပျက်ရင်သုံးဖို့ ဒီဇယ်နှင့်မောင်းတဲ့တစ်လုံး တစ်ခါတည်းဝယ်ထားတာ (အဲဒီအချိန်က လျှပ်စစ်မီးသိပ်မပျက်သေးပါ။) Capacity ဆိုရင်လည်း ဝန်ထမ်း(၆၀) မိသားစု(၂၀၀)ကျော်လောက်သာရှိတဲ့အချိန်ကတည်းက ပိုတွက်ထားတဲ့အတွက် ဝန်ထမ်း(၃၀၀)ကျော် မိသားစု(၁၀၀၀)ကျော်ရှိတဲ့အခုလိုအချိန်အထိ လောက်လောက်ငှငှသုံးနိုင်တုန်းပါပဲ။ နောက်ပြီး Transformer နဲ့ Generator တွေကလည်း အကောင်းစား၊ အကြီးစားတွေ၊ အခုလက်ရှိ Transformer က တကယ်တော့ ပျဉ်းမနားမြို့နယ် ကောင်စီကဟာ၊ မူလ FRI Transformer ကသူ့ထက်ပိုကြီးတယ်။ (မြို့နယ်ကောင်စီကို ပေးလိုက်ရတာ၊ သူ့ခေတ်နှင့်သူပေါ့လေ)

ထပ်ပြီးဂုဏ်ယူဝင့်ကြွားစွာ ပြောရဦးမယ်ဆိုရင် မူကြိုကျောင်း(အခုမူလတန်းကျောင်း) အဆောက်အအုံက ရန်ကုန်သုဝဏ္ဏက မူကြိုကျောင်းပုံစံအတိုင်းဆောက်ထားတာ၊ အဲဒီတုန်းက တစ်နိုင်ငံလုံးမှာ ဒါမျိုးနှစ်ကျောင်းပဲရှိပါသေးတယ်။ ကိုယ်ပိုင်မူကြိုကျောင်းရှိတဲ့ ကျေးဇူးကြောင့် ကလေးမိခင်ဝန်ထမ်းများ အလုပ်မထွက်ရဘဲ ရုံးမှာဆက်ပြီးတာဝန်ထမ်းနိုင်ကြတာပါ။ မူကြိုထားလို့မရသေးတဲ့ အရွယ် အိမ်မှာအဆင်မပြေသေးတဲ့အခါ ကလေးပေါက်စလေးတွေကို ရုံးခေါ်လာရင်လည်း လူကြီးတွေကနားလည်ခွင့်လွှတ်ပေးထားကြပါတယ်။ (အဲဒီမူကြိုကျောင်းထွက်ကလေးတွေက အခုဆိုရင် ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ သစ်တောပညာရှင်တွေ၊ စိုက်ပျိုးရေးပညာရှင်တွေ၊ တိမွေးကုဆရာဝန်တွေဖြစ်နေကြပါပြီ၊ တချို့ဆိုရင်လည်း ကတော်ကြီးတွေဖြစ်နေကြပါပြီ)။

အခုလမ်းဘေးမှာတွေ့ရတဲ့ သစ်ပင်ကြီးတွေ မဲဇလီတစ်တန်း၊ ပိတောက်တစ်တန်း၊ ယူကလစ်တစ်တန်းက ၁၉၇၉ ခုနှစ် မိုးတွင်းမှာ စာရေးသူတို့တစ်တွေ စုပေါင်းပြီးစိုက်ခဲ့ကြတာ၊သစ်ပင်တွေစိုက်အပြီးမှာ ဘူးသီးနှင့်ကြက်သားဟင်း၊ ငပိထောင်းနှင့်အင်ဖက်တွေပေါ်မှာပုံပြီး ထမင်းစားကြရတာ တစ်သက်စာမမေ့စရာပါ။ တစ်ယောက်ကို နှစ်ကျပ်နှုန်းနှင့် ချက်ကျွေးခဲ့တဲ့အတွက် ပြောစမှတ်တွင်ခဲ့ပါတယ်။ အိုးသူကြီးကတော့ စာရေးသူ၊ စံထွန်းတို့ ကိုအုန်းမောင်ကြီးတို့ပါ။

Tennis Court က သစ်စေ့တွေကို နေလှန်းဖို့လုပ်ထားတဲ့တလင်း၊ ရေကူးကန်က ရုံးကစိုက်ထားတဲ့သစ်ပင်တွေ ရေလောင်းဖို့လုပ်ထားတဲ့ ရေလှောင်ကန်၊ ရုပ်ရှင်ရုံက မတည်ငွေ–Capital တစ်ပြားမှမပါဘဲ သုတေသန လုပ်ထားတဲ့ 'လယ်စ'သစ်ကိုအမာခံပြီး တခြားစုပေါင်းစပ်ပေါင်းနှင့် အစ်ကိုကြီးဦးစီဒူး ဆောက်ခဲ့တာ။ ရုပ်ရှင်ပြရုံသာမက၊ အလှူပွဲနှင့် မင်္ဂလာဆောင်တွေကိုလည်း ဒီထဲမှာပဲလုပ်ခဲ့ကြတာ၊ တန်ဆောင်တိုင်ဆိုရင် FRI က ငါးသလောက်ပေါင်းနှင့် မဲဇလီဟင်းချိုက နာမည်ကြီး။

ဂေါက်ကွင်းက အစ်ကိုကြီး ဦးစိန်ဝင်းနှင့် အစ်ကိုကြီးဦးစီဒူးတို့ Green (၄)ခုနှင့်စဖောက်ခဲ့တာ၊ ဒီနေရာမှာလည်း အပြစ်မဖြစ်အောင် Diplomacy နည်းနှင့်ဆောင်ရွက်ခဲ့တာပါ။ အဲ့ဒီအချိန်တုန်းက ဌာနပိုင်ဂေါက်ကွင်းဆိုတာမရှိသလောက်ပါပဲ အလွန်ရှားပါတယ်။

အမြော်အမြင်ကြီးတာနှင့်အမျှ စေတနာကောင်းပြီး တာဝန်ယူရဲတဲ့ လူကြီးတွေက အစဉ်အလာကောင်းတွေပေးခဲ့ကြပါပြီ–မျိုးဆက်သစ်လူငယ်တွေအနေနှင့်

(က) အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းထားကြရန်၊
(ခ) မိမိရှေ့ကလူကြီးများထက် ပို၍အဆင့်မြင့်အောင်ကြိုးစားကြရန်၊
(ဂ) FRI ၏ အဓိကပင်မသွေးကြော အသီအနှစ်ဖြစ်သည့် သုတေသနလုပ်ငန်းများကို ပထမဦးစားပေးထားပြီးဆောင်ရွက်ကြရန် အလွန်

အရေးပါကြောင်းတိုက်တွန်းရင်း အမိသစ်တောသုတေသနဌာန၏ ပုလဲရတုအခမ်းအနားကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။

(မင်းကြီး ဦးစိန်မောင်ဝင့်မှအစပြု၍ FRI မှာ တစ်မြေတည်းနေ တစ်ရေတည်းသောက် အေးတူပူမျှ၊ ဆိုးတူကောင်းဖက်နေထိုင်ခဲ့ကြသော အစ်ကိုကြီးများ၊ နောင်တော်ကြီးများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ညီငယ်ညီမငယ်များနှင့် တပည့်များအား တသအောက်မေ့လျက်)

**မှတ်ချက်။** "မကြာမီကျင်းပတော့မည့် FRI ပတ္တမြားရတု အခမ်းအနား"ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "၂၀၀၉ခုနှစ်၊ ဇန်နဝါရီလ သစ်တောသုတေသနဌာန၊ ပုလဲရတုအထိမ်းအမှတ်" နံ့ရုံကပ်စာစောင်တွင် ဖော်ပြခဲ့သော "နှစ်ပေါင်း ၃၀ ကျော်က FRI "ဆောင်းပါးကို ပြန်လည်ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

- စာရေးသူ





# မြေးငယ် သစ်သစ် သို့ပေးစာ ≫ ၆

သီရိတင် (သစ်တော)

**''မင်္ဂလာပါမြေးငယ်ရေ''**

၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့မှာ ''၁၁၃ ကြိမ်မြောက် မြန်မာနိုင်ငံသစ်တောကျောင်းဆင်းပွဲ'' အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့ သစ်တောကျောင်းမှာကျင်းပခဲ့ပါတယ်။ သစ်တောဦးစီးဌာနက အငြိမ်းစားအရာထမ်းများကို အဲဒီအခမ်းအနားတက်ရောက် ချီးမြှင့်ဖို့ ကျောင်းဆင်းတဲ့နှစ်တိုင်းမှာအမှတ်တရ ဖိတ်ကြားလေ့ရှိပါတယ်။ ဒီနှစ်မှာတော့ အခမ်းအနားမတိုင်ခင် တစ်ပတ်အလိုလောက်က ဖုန်းနဲ့ကြိုတင်ဖိတ်ကြားတယ်။ ဖိတ်စာလဲ ပို့ပေးပါတယ်။

ခရီးစထွက်မဲ့မနက်မှာတော့၊ ရန်ကုန်တိုင်း သစ်တော ဦးစီးဌာနရုံးဝင်းထဲကနေ၊ အငြိမ်းစားကြီးများကို တိုင်းညွှန်ကြားရေးမှူးနဲ့ဝန်ထမ်းများက ဝမ်းပန်းတသာ ကြိုဆိုကြပြီး နံနက်ခင်းစားဖွယ်စုံနဲ့ ဧည့်ခံကြပါတယ်။ ဌာနပိုင်ကားကြီးတွေနဲ့ ခရီးစတင်ထွက်ခွာလာပြီး လမ်းခရီးမှာ ''ဝါးကတုတ်'' သစ်တောပျိုးဥယျာဉ်၊ ၁၁၅မိုင် "Feel" စား သောက်ဆိုင်၊ နေပြည်တော်အဝင် ''တိုးဂိတ်'' နားက ''မြောင်းမြဒေါ်ချို''ဆိုင်၊ ရေဆင်းသစ်တောသုတေသန ဧည့်ရိပ်သာမှာ ညအိပ်ရပ်နား။ နောက်နေ့ ''စည်ပင်'' ပျော်ဘွယ်သစ်တောပျိုးဥယျာဉ်၊ ကျောက်ဆည် သစ်တောရုံး၊ မန္တလေးသစ်တောရုံး၊ နောက်ပြင်ဦးလွင်၊ လမ်းခရီးမှာတော့ တန်ခိုးကြီးဘုရားတွေဖူးဖို့ကားရပ်နားပေးတယ်။ ''ပြင်ဦးလွင်'' ရောက်တော့လဲ ''ပြင်ဦးလွင်'' တစ်ဝိုက်က တန်ခိုးကြီးဘုရားတွေဖူးဖို့ လိုက်ပို့ပေးပါတယ်။ အခမ်းအနားပြီးတဲ့ နောက်ရက်မှာလဲ နှစ်စဉ် ကလော၊အင်းလေး၊ တောင်ကြီး ပင်းတယ၊ ထမ်ဆမ်းဂူ ။ ။ ။''ဒါမှမဟုတ် ''ပုဂံညောင်ဦး'' စသည်–––စသည်–––ဘုရားဖူး လိုက်ပို့လေ့ရှိပါတယ်။ ဒီနှစ်မှာတော့ ''ပုဂံညောင်ဦး''ကို ဘုရားဖူးလိုက်ပို့တယ်၊ အကြီးအကဲများက၊ ပင်စင်ယူသွားပြီ ဖြစ်တဲ့ ဝန်ထမ်းတွေကို မေတ္တာရှေ့ထား၊ လေးစားခင်မင်တာတွေ့ရတော့ သိပ်ပြီးဝမ်းသာပီတိဖြစ်ရပါတယ်။ အလွန်ဂုဏ်ယူဝမ်းမြောက်ရပါတယ်။ သိပ်ပြီးတော့လဲ ကျေးဇူးတင်ရပါတယ်။ ဒီကောင်းမြတ်တဲ့ မင်္ဂလာအစီအစဉ်ကို ဟို– –ဟို –– နှစ်ပေါင်းများစွာကတည်းက လုပ်ကိုင်ဆောင်ရွက်ခဲ့တာပါ။ သိပ်ချစ်စရာကောင်းတဲ့ ''ခလေ့'' တစ်ခုပါ ''မြေးငယ်''ရေ။ ''ပုဂံညောင်ဦး''ရောက်တော့ "REGENCY HOTEL"မှာ တည်းခိုရပါတယ်။ ဟိုတယ်က တော်တော်လေးကောင်းပါတယ်။ သန့်ရှင်းသပ်ရပ်တယ်။အစားအသောက်လဲကောင်းတယ်၊ ဟိုတယ်ဧည့်ခန်းမှာလဲ၊ သတင်းစာဂျာနယ်တော်တော်စုံတယ်။ ''ဖိုးဖိုး''က တော့ ဝယ်မဖတ်ဖြစ်တဲ့ ပြည်ပသတင်းစာနဲ့ဂျာနယ်တွေကို လျှောက်မွှေတယ်။ အဲဒီမှာ''၂၀၁၇ နိုဝင်ဘာလ ၂၇–ဒီဇင်ဘာလ ၃ရက်''နေ့ထုတ် "CHINA DAILY"...(ASIA WEEKLY) စာစောင်ကိုတွေ့တယ်။ အဲဒီစာစောင် စာမျက်နှာ(၁၀) မှာပါရှိတဲ့ ဆောင်းပါးရှင် "DAVID BLAIR" ရေးတဲ့ ဆောင်းပါးကိုတွေ့တော့၊ မြေးငယ်တို့ကို သတိရလို့ သိစေချင်လို့၊ မူရင်းကိုဆီလျော်အောင် မြန်မာမှုပြုလို့ ဝေငှလိုက်ပါတယ်။

## ''ယူး'' (YEW) သစ်ပင်များက ''ချန်ဆူရီ'' (CHANGSHUI) ဒေသတွင်း လုပသော ဘဝသစ်များဖော်ဆောင်ပေးသည်''

လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်က ''ဝူနမ်''(WUNING)ပြည်နယ်ရှိ ''ချန်ဆူရီ'' ဒေသခံမြို့သူမြို့သားများသည် သစ်ခုတ်လုပ်ခြင်းလုပ်ငန်းဖြင့်၊ အသက်မွေးဝမ်းကျောင်းခဲ့ကြသည်။ ဤသို့သော သစ်ခုတ်လုပ်ခြင်းလုပ်ငန်းသည် တရုတ်နိုင်ငံအရှေ့ပိုင်း ''ဂျီအင်ဇီ'')(JINGXI) ပြည်နယ်ရှိ ကျေးရွာများအတွက် ပတ်ဝန်းကျင်ပျက်စီးယိုယွင်းခဲ့သည်။ အထူးသဖြင့်

နှစ်ပေါင်း (၁၀၀၀)ခန့်ရှိသော အလွန်ရှားပါး သည့် ''ယူး'' သစ်ပင်ကြီးများကို ခုတ်လှဲထုတ်လုပ်ခဲ့ကြရာ၊ ဒေသပတ်ဝန်းကျင်ရှိ သဘာဝသစ်တောသယံဇာတများ ဆုံးရှုံးခဲ့ပါသည်။

၁၉၉၀ ပြည့်နှစ်တွင်''ကင်ဆာ''ရောဂါကုသရေးအတွက် အဆိုပါ ''ယူး''သစ်ပင်များမှ ၅၀%ကျော် ဓာတုပစ္စည်းများထုတ်လုပ်နိုင်သည်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ထို့ကြောင့် ထို ''ယူး'' "Yew- Taxus baccatia" သစ်ပင်များကိုမခုတ်ဘဲ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် အလေးထားစဉ်းစားခဲ့ကြသည်။

ယနေ့အခါသမယတွင် ထို''ယူး''သစ်ပင်ကြီးများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ရွာသူရွာသားများတွင် ဝင်ငွေများစွာရနေကြပြီဖြစ်သည်။ ထိုအရပ်ဒေသ လွင်ပြင်တစ်လျှောက်တွင် အသေးစားစီးပွားရေးလုပ်ငန်းများ စတင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်လာသည်။ ''ချန်ဆူရီ'' ဒေသသည် ၁၂ ကီလိုမီတာကျော်ရှည်လျားပြီး သစ်ပင်များဖြင့် စိမ်းစိုသော တောင်တန်းတစ်လျှောက်၊ ရေစီးကောင်းသော ချောင်းငယ်လေးများ တသွင်သွင်စီးဆင်းလျက်ရှိသည်။ လှပသော ရှုမျှော်ခင်းများ၊ သန့်ရှင်းလတ်ဆတ်သော လေများနှင့် စိမ်းစိုလန်းဆန်းသော သစ်ပင်သစ်တောကြီးများသည် ခရီးသွားဧည့်သည်များအတွက်၊ ဆွဲဆောင်မှုကောင်းသော စိတ်ဝင်စားဖွယ်သဘာဝအလှများဖြစ်နေပါသည်။ ''တကယ်လို့ သစ်ပင်တွေ အကုန်ခုတ်ပစ်လိုက်ရင် ခရီးသွားတွေ ဘယ်စိတ်ဝင်စားပါတော့မလဲ?'' လို့ ဒေသခံရွာသား ''လူဇီအင်ချင် (LU XIANCHENG) ကပြောသည်။ ''၂၀၀၇''ခုနှစ်တွင် ယခင်ဝန်ကြီး ''ဝင်ချီရာဘို''(WEN JIABAO)၏ အလည်အပတ်ခရီးစဉ်တွင် ''လူ''၏ ထမင်းဆိုင်လေးတွင် ရိုက်ကူးထားသော ဓာတ်ပုံများကိုပြသလိုက်သည်။ ''လူ'' သည်ထိုအရပ်၊ ထိုဒေသတွင် သူ၏ အိမ်နီးချင်းများကဲ့သို့ပင်၊ လက်သမားအလုပ်နှင့် သစ်ခုတ်သည့်အလုပ်ကို၊ လုပ်ကိုင်ခဲ့သူဖြစ်သည်။ ထိုအချိန်က၊ သစ်တောများသည် ဒေသခံများအတွက် သစ်ထုတ်လုပ်ရောင်းချရန်သာ ဖြစ်နေပြီး၊ သစ်ပင်၊ သစ်တောများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်စိတ်ကူးမရှိကြချေ။ သို့ရာတွင် ''ဝင်'' ဝန်ကြီးအလည်အပတ်ရောက်ရှိလာသည့်အခါ သစ်တောသယံဇာတများကို ခုတ်လှဲထုတ်လုပ်ခြင်းမပြုဘဲ၊ ပစ္စည်းများ၊ ဝင်ငွေများရရှိသည့် နည်းလမ်းကို ညွှန်ပြခဲ့ပါသည်။ ထိုဒေသရှိ ရွာသူရွာသားများအား၊ ၎င်းတို့ပိုင်သစ်တောမြေကွက်များခွဲဝေပေးပြီး၊ ထိုအကွက်များအတွင်းရှိ သစ်ပင်များကို မခုတ်လုပ်ပဲ၊ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်စေပါသည်။ ယခုအခါ ထိုဒေသတွင် သစ်ခုတ်လှဲထုတ်လုပ်ခြင်းကို ပိတ်ပင်တားမြစ်ထားသည်။

ဒေသခံများသည် သစ်ပင်များသစ်တောများကို အထူးကာကွယ်စောင့်ရှောက်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ခရီးသွားဧည့်သည်များသည် သစ်ပင်သစ်တောများကို စိတ်ဝင်စား၍ဖြစ်သည်။ ''သစ်ပင်များဖြင့် စိမ်းစိုသောတောင်တန်းကြီးသည် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းအတွက် စိမ်းလန်းစိုပြည်သော ဘဏ်တိုက်ကြီးဖြစ်သည်'' ဟု ''လူ'' ကပြောသည်။ သူနှင့်သူ့ညီနှစ်ယောက်သည် ဒေသထွက်ကုန်ပျားရည်များ၊ သစ်သီးများ ရောင်းချခြင်းနှင့် ထမင်းဆိုင်ငယ်လေး ဖွင့်လှစ်ခြင်းတို့မှ နှစ်စဉ် ယွန်၂၀၀,၀၀၀ ခန့်(ဒေါ်လာ ၃၀၀၀၀ခန့်) အမြတ်အစွန်းရရှိနေပြီဖြစ်သည်။ အလုပ်သမားသုံးယောက်/ လေးယောက်လည်း ခန့်ထားနိုင်လျက်ရှိသည်။

၂၀၀၀ပြည့်နှစ်မတိုင်ခင်က တရုတ်နိုင်ငံသစ်တောများ၏ စောစောပိုင်းပျက်စီးယိုယွင်းမှုများဖြစ်သည့် သစ်ခုတ်လှဲထုတ်လုပ်ခြင်းကိုရပ်နားစေပြီး၊ ကမ္ဘာ့ဘဏ်မှ "Eco - Compensation Programs" ဂေဟစနစ်အစားထိုးအစီအစဉ်များကို စတင်မိတ်ဆက်အကောင်အထည်ဖော်ခဲ့သည်။ သဘာဝသစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဲမုန်တိုင်းများဒဏ်မှ ကာကွယ်ခြင်း၊ လေကာတန်းများ စိုက်ပျိုးတည်ထောင်ခြင်း၊ ရေဝေရေလဲဒေသများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြေလွတ်မြေရိုင်းများကို ကောင်းမွန်စွာ စီမံခန့်ခွဲ၍ သီးနှံစိုက်ပျိုးခြင်းစသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို ဒေသခံများအား လုပ်ကိုင်ဆောင်ရွက်စေသည်။ ထိုလုပ်ငန်းများအတွက် နိုင်ငံတော်အစိုးရမှ အရင်းအနှီးမတည်ငွေများထုတ်ပေးလျက်ရှိသည်။ ထို့ပြင် အခြား ပံ့ပိုးပစ္စည်း (Incentives) များလည်းပေးဝေလျက်ရှိသည်။

၂၀၀၉ ခုနှစ်တွင် နိုင်ငံတဝှမ်းပြုပြင်ပြောင်းလဲခဲ့သော သစ်တောအုပ်ချုပ်သည့်စနစ်မှာ သစ်တောများထာဝစဉ်တည်တံ့စေရေးသို့ ဦးတည်ပြီး ဒေသခံအိမ်ထောင်စုများကို သစ်တောပိုင်ဆိုင်ခွင့် နှစ်(၇၀)ထိ စာချုပ်ကာလတိုးမြှင့်ပေးလျက်ရှိသည်။ ထို့ပြင် ဒေသခံများအား အိမ်ဆောက်ရန်၊ အိမ်ဝယ်ရန် ဘဏ်မှ ချေးငွေများထုတ်ပေးပြီး ဒေသခံများအား အထောက်အပံ့ပစ္စည်းများ ထုတ်ပေးခြင်းဖြင့် အားပေးချီးမြှောက်ခဲ့သည်။

''ဝမ်လီယွန်'' (WAN LIYUN) သည်ထိုလွင်ပြင်ချိုင့်ဝှမ်းအထက် ကီလိုမီတာအနည်းငယ်ဝေးသော နေရာတွင် ပျိုးဥယျာဉ်တစ်ခု တည်ထောင်ထားရှိသည်။ ထိုဥယျာဉ်တွင် ယူ "YEW" ပျိုးပင်များကို ပျိုးထောင်ပြီး ''ရှန်ဟိုင်း'' နှင့် ''ချောင်စု'' (SHANGHAI & GUANGZHO) ပြည်နယ်များသို့ရောင်းချသည်။ ထိုသစ်ပင်သစ်တောများသည် ရှုချင်စဖွယ် လှပရုံသာမက၊ လေထုသန့်ရှင်းလတ်ဆတ်စေသည်။''ဝမ်''သည် ထိုဒေသ

တွင် ဟိုတယ်တစ်ခုတည်ဆောက်ခဲ့ပြီး စမ်းချောင်းဘက်သို့ လေသာဆောင်ထုတ်ကာ လဖက်ရည်ဆိုင်ဖွင့်လှစ်ထားရှိခဲ့သည်။ ''ဝမ်''သည် ယခင်က ''ချောင်စု'' တွင်စာပေးစာယူနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ရင်း စူပါမတ်ကတ်ဆိုင်ငယ်လေးတစ်ခုကိုလည်း ဖွင့်လှစ်ရောင်းချခဲ့သည်။ ယွန်(၆၀၀,၀၀၀) ခန့်စုဆောင်းရရှိပြီးနောက်တွင်၊ ၎င်း၏မွေးရပ်မြေသို့ပြန်ရန် ဆုံးဖြတ်ခဲ့သည်။ သူ့စိတ်ကူးမှာ မွေးရပ်မြေတွင် လေကောင်းလေသန့်ကိုရှူပြီး နေထိုင်စားသောက်ရန်ဖြစ်သည်။ နိုင်ငံပေါ်လစီမှာလည်း ''မွေးရပ်ဌာနီသို့ ပြန်လာသော ပြည်သူပြည်သားများကို အခွန်တော်ပေးဆောင်ရန်မလို၊ အခွန်မပေးဆောင်ရ'' ဟုချမှတ်ထားသည်။ ဒေသခံပြည်နယ်အစိုးရသည်လည်း၊ ထိုသို့ ပြန်လာသူများကို အနည်းဆုံးအတိုးဖြင့် ချေးငွေများကို ထုတ်ချေးလျက်ရှိပြီး၊ သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို ကျွမ်းကျင်စေရန်၊ သင်တန်းများလည်း ဖွင့်လှစ်ပို့ချပေးခဲ့သည်။ ထို့ပြင်၊ ချိုင့်ဝှမ်းလွင်ပြင် အထက်တစ်နေရာတွင် ''ရမိုင်ချောင်းစခန်း'' (7 MILES STREAM) အမည်ရသော (AGRITOURISM RESORT) စိုက်ပျိုးရေးဆိုင်ရာနားနေစခန်းတည်ဆောက်ထားရှိပြီး၊ဟိုတယ်နှင့်စားသောက်ဆိုင်(၇)ဆိုင်ဖွင့်လှစ်ထားရှိသည်။ အစိုးရမှ မော်တော်ကားများ၊ တောင်တက်လူသွားလမ်းများ ဖောက်လုပ်ပေးသည့်အပြင်၊ ဒေသထွက်ကုန်များနှင့် ရိုးရာစိုက်ပျိုးရေး လုပ်ငန်းများကို ဖော်ဆောင်သော ပြတိုက်ငယ်တစ်ခုကိုလည်း တည်ဆောက်ပေးခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ''ဒေါ်ဆန်ဂုန်ဂျီရာအို'' (SUN GONGJIAO)မှာ သူမ၏နေအိမ်ကို ဟိုတယ်နှင့် စားသောက်ဆိုင်အဖြစ်ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ ''ခရီးသွားဧည့်သည်များသည် သဘာဝပတ်ဝန်းကျင်တို့၏ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုသည့်အကျိုးပြုသော ဂေဟစနစ်(Ecological Environment) ကိုစိတ်ဝင်စားကြောင်း သန့်ရှင်းလတ်ဆတ်သော ဒေသထွက်ကုန်အစားအသောက်များသည်လည်းခရီးသွားများကို စိတ်ပျော်ရွှင်ချမ်းမြေ့စေသည် သာမက ကျန်းမာရေးအတွက် အဓိကကောင်းမွန်စေကြောင်း''သူမက ပြောကြားသည်။ သူမသည် ယခင်က ''ဂျီယုဂျန်''(JIUJIANG) မြို့အနီးအနားတွင် ဟင်းသီးဟင်းရွက်ဆိုင်ငယ်လေးဖွင့်လှစ်ရောင်းချခဲ့သော်လည်း ယခုအခါ ပြည်နယ်အစိုးရ၏ အထောက်အပံ့ကြောင့်မွေးရပ်မြေသို့ပြန်လည်နေထိုင်နိုင်ပြီး၊ ထာဝစဉ်တည်တံ့စေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။ ပြည်နယ်အစိုးရသည် ယွန်(၄၀၀,၀၀၀)ထုတ်ချေးခြင်း၊ သင်တန်းများပို့ချခြင်းလိုအပ်သည့်လမ်းများ၊ ကျောင်းများဆောက်လုပ်ပေးခဲ့သည်။ ယခုအခါသူမသည် ခရီးသွားများအတွက် ''ဘာဘေရီယံစတိုင် တဲ (၂၀)'' (20 BARVARIAN STYLE COTTAGES) ဆောက်လုပ်ခဲ့ပြီးဖြစ်သည်။

''ဝူနမ်'(WUNING)ပြည်နယ်ဒုဥက္ကဋ္ဌကြားရေးမှူး ''ကီဆူရှီရှန်'' (KE SHUISHENG) သည် ဒေသခံတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၂၀)ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပြီး၊ ပြည်နယ်ဒေသဖွံ့ဖြိုးရေးနှင့် "GDP" တိုးတက်ရရှိအောင်ဆောင်ရွက်လျက်ရှိသည်။ ၎င်းက ''ဝူနမ်''၏ ကြီးမားသော အောင်မြင်မှုအကျိုးရလဒ်မှာ၊ သဘာဝပတ်ဝန်းကျင်၏ ဂေဟစနစ်ပင်ဖြစ်ပြီး ''တရုတ်နိုင်ငံ၏ ရည်မှန်းချက်မှာလည်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးတို့ပင်ဖြစ်ကြောင်း'' ယခုအခါ ဤသို့သော ဖွံ့ဖြိုးတိုးတက်မှုကို ပျက်ပြားစေမည့် မည်သည့်ဖိအား/အနှောက်အယှက်မျှ မရှိပါကြောင်း'' ''ကျွန်တော်တို့အားလုံးချမ်းသာပျော်ရွှင်လှပသည့် ''ဝူနမ်'' ပြည်နယ်ကြီးဖြစ်အောင်၊ အားကြိုးမာန်တက် အလုပ်လုပ်နိုင်ပြီဖြစ်ပါကြောင်း၊ ပြောကြားခဲ့သည် ----''

သူ့ ''ဆောင်းပါး''ကတော့ ဒီမျှပါပဲ။ ဘယ်နဲ့လဲ ''မြေးငယ်လေး''-ဘာတွေတွေးနေ၊ ငေးနေလဲ? မြေးငယ်တို့ကို ''ဖိုးဖိုး''ဒီအကြောင်းပြောရတာက --''သစ်ပင်သစ်တောတွေ သစ်တောသယံဇာတတွေဟာ လူသားတွေအတွက်၊ သက်ရှည်ကျန်းမာစိတ်ချမ်းသာစေဖို့ဖြစ်တာမို့၊ သစ်ပင်သစ်တောနဲ့ လူသားကမ္ဘာအပြန်အလှန် အကျိုးပြု နေကြတာလေးကို အမြဲနှလုံးသွင်းပြီး ၊ သစ်ပင်တွေကို မခုတ်ဖို့၊ သစ်ပင်ကြီးတွေကို ထိန်းသိမ်းဖို့၊ သစ်ပင်သစ်တောတွေကိုချစ်ဖို့ - ဒေသခံပြည်သူတွေကို လက်တွဲကူညီထောက်ပံ့ဖို့ပါ---။''

''မြေးလေးတို့ဘဝ ၊ သာယာလှပပါစေ''



ကျွန်တော်တို့မှာ
စောင့်ပြီးကြည့်နေဖို့ အခွင့်အရေး
မရှိတော့ဘူး။ ခုချက်ခြင်း
လုပ်ဆောင်ရမယ်။

Pia Hansen

*APK*

# လျှပ်စစ်စွမ်းအားဆည်တမံကြီးများ၊ခဉ်းစားစရာတွေပါလား

ကိုငယ် (ရန်ကုန်တက္ကသိုလ်)

မြန်မာနိုင်ငံ၏ သဘာဝအရင်းအနှီးရေရှည် တည်တံ့အောင် စီမံခန့်ခွဲခြင်းသည် ပြည်သူများ၏အနာဂတ်အတွက်အခြေခံအချက်တစ်ခုဖြစ်သည်။ သဘာဝအရင်းအနှီးများအားရေရှည်တည်တံ့စေ၍ ပြည်သူလူထုအတွက် အခွင့်အလမ်းများ တစ်ပုံတစ်ပင်ပေးစွမ်းနိုင်လျှင် စီးပွားရေးစနစ်ကို ထိထိရောက်ရောက်တိုးတက်လာစေနိုင်မည်ဖြစ်သည်။ သဘာဝအရင်းအနှီးများအား စနစ်တကျ စီမံခန့်ခွဲမှုမရှိပါက ကျွန်ုပ်တို့စားသုံးသောအစားအစာ၊ သောက်သုံးသောရေနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးမည့် အရာများအားလုံးကို ခြိမ်းခြောက်ခံရမည်ဖြစ်ပါသည်။ သစ်ပင်တောတောင်များသည် ရွာသွန်းသောမိုးရေများကို ရယူသိုလှောင်ထားနိုင်ပြီး တစ်နှစ်ပါတ်လုံးတစိမ့်စိမ့်ပြန်လည် စိမ့်ထွက်စေနိုင်ခြင်းကြောင့် စိမ့်စမ်းရေများအဖြစ် တသွင်သွင်စီးဆင်းနေခြင်းဖြစ်ပါသည်။ ထိုသို့ရွာသွန်းသောမိုးရေကို သိုလှောင်ထားနိုင်မှုမှာမြေပေါ်၌ပေါက်ရောက်လျက်ရှိသော သစ်တောသစ်ပင်များ၏ သိပ်သည်းမှု၊ သစ်တောအမျိုးအစား၊ သစ်ပင်တို့၏အမြစ်နှင့် သစ်တောများအောက်ရှိ အပေါ်ယံမြေသားကို ဖုံးအုပ်ပေးထားသည့် သစ်ခေါက်၊ သစ်ရွက်သစ်ခက်စသည့်သစ်ဆွေးအနည်း အများပေါ်တွင် မူတည်ပါသည်။ ရွာချသောမိုးရေကို ဖမ်းယူထိန်းသိမ်းစေရာ၌ သဘာဝအလျောက်သစ်ပင်တောတောင်များမှထိန်းသိမ်းထားစေခြင်းနှင့် လူတို့တည်ဆောက်ပြုလုပ်ထားသော ဆည်မြောင်းတမံ၊ ရေကာတာများဖြင့်ဆည်ဖို့ထိန်းသိမ်းထားနိုင်ပါသည်။ မြန်မာနိုင်ငံ၌ လက်ရှိလယ်ယာသီးနှံများ စိုက်ပျိုးဖြစ်ထွန်းနေသောဒေသများသည် သစ်ပင်သီးနှံများအတွက် အဓိကဖြစ်သောရေနှင့်မြေကို သဘာဝဖြစ်အောင် အချိုးညီညီပေါင်းစည်းပေးနိုင်သော ဒေသများသာဖြစ်ပါသည်။ မြေသာရှိ၍ ရေမရှိသော(သို့မဟုတ်) ရေမလုံလောက်သော မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ သီးနှံစိုက်ပျိုးမှုမဖြစ်ထွန်းသကဲ့သို့ ရေများအလျှံပယ်ပိုလျှံပြီး မြေမလုံလောက်သဖြင့် သီးနှံစိုက်ပျိုး၍မရသော မြန်မာပြည်မြစ်ဝှမ်းဒေသအချို့နှင့် မြစ်ဝကျွန်းပေါ်ရေလျှံဒေသအချို့တွင်လည်း စိုက်ပျိုးသီးနှံမဖြစ်ထွန်းသည်ကိုလည်း တွေ့ရှိရပါသည်။ရေမရှိသောဒေသ၌ ဆည်မြောင်းတာတမံဆည်ဖို့ တူးဖော်ပိတ်ဆို့၍ ရေကိုသိုလှောင်ထိန်းသိမ်းပေးရသကဲ့သို့ ရေများပိုလျှံနေပြီး မြေမရှိသောဒေသများ၌ တာတမံများပိတ်ဆို့ကာကွယ်၍ စိုက်ပျိုးမြေကို သဘာဝရေများကို အတတ်နိုင်ဆုံးထိန်းသိမ်းထားရန်နှင့် ပိုလျှံနေသောရေများ၏ ဘေးအန္တရာယ်မှကာကွယ်ရန်အတွက် လူတို့၏စွမ်းဆောင်ချက်များသာဖြစ်ပါသည်။ ရေနှင့်မြေကိုထိန်းသိမ်းရန်၊ ကာကွယ်ရန်များအတွက် အစွမ်းကုန်အထောက်အကူပြုနိုင်သည့်အရာမှာ မြေပေါ်၌ ပေါက်ရောက်လျက်ရှိသော သဘာဝတောတောင်နှင့် လူတို့စိုက်ပျိုးမှုဖြင့်ဖုံးအုပ်နေစေသော သစ်ပင်များပင်ဖြစ်ပါသည်။ သစ်ပင်များသည် ရွာချသောမိုးရေကို မြေကြီးအတွင်းသို့ စုပ်ယူရာ၌ အများဆုံးအထောက်အကူပြုခြင်း၊ သစ်မြစ်များ၏ ဆွဲဆိုင်းထားမှုကြောင့် မြေစိုင်မြေခဲပြိုပျက်မှုမှတားဆီးစေခြင်း၊ သည်းထန်သောမိုးသီးမိုးပေါက်တို့၏ ရိုက်ခတ်မှုဒဏ်မှ မြေကြီးကို ကာကွယ်ပေးထားစေခြင်း၊ မြစ်ချောင်းအင်းအိုင်များ၌ ရေကြီးရေလျှံမှုကိုဖြစ်ပေါ်စေမည့်ရေပိုရေလျှံများကို





ရေခိုးရေငွေ့အဖြစ်လေထဲသို့ ပြန်လည်ထုတ်လွှတ်ပေးခြင်း၊ မြေကြီးအတွက်စုပ်ယူထားသောရေများကို တဖြည်းဖြည်းတသွင်သွင်စီးဆင်းနိုင်ရန်အတွက် ထိန်းသိမ်းပေးခြင်း စသည့် ရေမြေထိန်းသိမ်းမှုလုပ်ငန်းအတွက် အများဆုံး သဘာဝအလျှောက်အကျိုးပြုနိုင်ဆုံး သယံဇာတပစ္စည်း ဖြစ်ပါသည်။

၁၉၇၅ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရသည် ဘက်စုံရေဝေရေလဲစီမံကိန်းအုပ်ချုပ်ခြင်း အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် UNDP နှင့် FAOတို့မှ နည်းပညာအကူအညီများတောင်းခံ ခဲ့သဖြင့် UNDP နှင့် FAOတို့၏အစီအစဉ်အရ (၁၉၈၇) ခုနှစ်တွင် ကင်းတားဆည်ရေဝေရေလဲထိန်းသိမ်းရေး ရှေ့ပြေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့သည်။ စီမံကိန်းအမှတ် MYA/၈၁/၀၀၃ဖြင့်(၁၉၈၇)ခုနှစ်မှစတင်၍ ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်တွင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အစိုးရမှ ထည့်ဝင်ငွေကျပ်(၃၄)သန်း UNDP မှထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ(၃.၃)သန်းဖြင့် ဆောင်ရွက်ခဲ့သည်။ စီမံကိန်းလုပ်ငန်းများအဖြစ် ရေဝေရေလဲစိုက်ခင်းတည်ထောင်ခြင်း၊ ကမ်းပါးပြိုထိန်းသိမ်းခြင်း၊ ကွန်တိုလှေကားထစ်များ၊ ကွန်တိုကန်သင်းကန့်များ (Contour Bund and Terracing)ပြုလုပ်ခြင်း၊ တစ်ဖက်ရပ်ဆည်များ ဆောက်လုပ်ခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစသော တောင်သူအကျိုးပြုလုပ်ငန်းများအပါအဝင်ဘက်စုံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ရှေ့ပြေးဆောင်ရွက်ခဲ့ပါသည်။ကင်းတားဆည်ရေဝေရေလဲစီမံအုပ်ချုပ်ခြင်းရှေ့ပြေးစီမံကိန်း၏အဆက်ဖြစ်သော UNDP လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် ရေဝေရေလဲဒေသထိန်းသိမ်းခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ် တောင်ပိုင်း၊ ရွာငံမြို့နယ်၊ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့်ပင်းတယမြို့နယ်များတွင် နိုင်ငံတော်နှင့်ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်တို့၏ ထည့်ဝင်ငွေများဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြေပြိုတိုက်စားမှုများကာကွယ်ခြင်း၊ ကွန်တိုလိုင်းအလိုက် စိုက်ပျိုးခြင်း၊ သီးနှံရောနှောစိုက်ပျိုးခြင်း၊ ကမ်းပါးပြိုထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများတည်ထောင်ခြင်း၊ ရေဝေရေလဲစိုက်ခင်းများတည်ထောင်ခြင်း တစ်ဖက်ရပ်ဆည်နှင့်နုန်းထိန်းတမံများဆောက်လုပ်ခြင်းတို့ကို အဓိကလုပ်ငန်းများအဖြစ်ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည် မြန်မာနိုင်ငံတွင် UNDP-FAOတို့ ပူးပေါင်းပြီး ရေဝေရေလဲဘက်စုံတိုးတက်ဖွံ့ဖြိုးစီမံအုပ်ချုပ်ရေး စီမံကိန်းကို(၁၉၈၇)ခုနှစ်မှ (၂၀၀၂) ခုနှစ်အထိ(၁၅)နှစ်ခန့် ပူးတွဲဆောင်ရွက်ခဲ့ရခြင်း၏ အဓိကရလဒ်မှာ (၁၉၈၄)-ခုနှစ်တွင် ဖျက်သိမ်းခဲ့သောရှမ်းပြည်နယ် တောင်ကြီးမြို့တွင်အခြေစိုက်သည့် မြေယာထိန်းသိမ်းရေးယူနစ်အင်အားကို အခြေခံ၍ သစ်တောဦးစီးဌာန၌ (၁၉၉၄)ခုနှစ်တွင်ရေဝေရေလဲစီမံအုပ်ချုပ်ရေးဌာနခွဲတစ်ခုကိုသစ်တောဦးစီးဌာနအတွင်း သီးခြားလွတ်လပ်သော ဌာနခွဲတစ်ခုအဖြစ် တိုးချဲ့တည်ထောင်နိုင်ခဲ့ပြီး လိုအပ်သောရေဝေရေလဲဒေသများအတွက် စီမံကိန်းစီမံချက်များရေးဆွဲ၍ ရေဝေရေလဲဒေသစီမံအုပ်ချုပ်မှုလုပ်ငန်းများကို ရန်ပုံငွေရရှိမှု အပေါ်အခြေခံ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း လေ့လာသိရှိနိုင်ပါသည်။

မြန်မာ့အနာဂတ်သည် သဘာဝအရင်းအမြစ်များကိုမည်သို့စီမံခန့်ခွဲ၍ သယံဇာတထုတ်ယူမှုမှရသည့် အကျိုးအမြတ်များကို မည်သို့ဝေမျှကြမည်ဟူသောအခြေအနေအပေါ် များစွာမှီတည်နေပါသည်။ ဆီလျော်သောသဘာဝသယံဇာတစီမံခန့်ခွဲမှုဖြစ်တည် အောင်မြင်ရန်မှာ ကောင်းမွန်သောစီမံအုပ်ချုပ်မှု (Good governance) အပေါ်မူတည်နေပါသည်။ ထိုသို့သော အုပ်ချုပ်မှုသည် မျှတမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူတာဝန်ခံမှု၊ ဥပဒေစိုးမိုးမှု ပြည်သူတို့ပါဝင်နိုင်မှုတို့အပေါ်တွင်တည်ဆောက်ရပါမည်။ ရေရှည်တည်တံ့မှုနှင့် အကျိုးအမြတ်ဝေမျှခံစားနိုင်မှုတို့ အပေါ်တွင် အခြေပြုရသည့် ဖွံ့ဖြိုးတိုးတက်မှုမျိုးဖြစ်ရပါမည်။ မြန်မာ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေကို ၂၀၁၂ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော်လည်း ဆည်ကြီးများ၏ ဆိုးကျိုးသက်ရောက်မှုများကိုလျှော့ချရန်၊ သဘာဝဝန်းကျင် ရေရှည်တည်တံ့စေရန် အားကောင်းသော နိုင်ငံတော်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှု လိုအပ်ပါသည်။ အသစ်ပြဋ္ဌာန်းသောမြန်မာ့သဘာဝပတ်ဝန်းကျင်ဥပဒေ(၂၀၁၂)သည် ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းများကို အကျိုးသက်ရောက်မှု အားပျော့လွန်းလှသည့်နည်းတူ မြန်မာ့ရေအရင်းအမြစ်ကဏ္ဍတွင်ခြုံငုံသော အစီအမံနှင့် အစီအစဉ်တကျဖွဲ့စည်းပုံအားနည်းမှုကြောင့် ပဋိပက္ခအခြေအနေများ ပိုမိုများပြားလာစေနိုင်ပါသည်။ အကြီးစားရေအားလျှပ်စစ် စီမံကိန်းစနစ်အစီအစဉ်တို့တွင် ပြည်သူ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မြစ်ချောင်းများ၏ ဂေဟစနစ်

လိုအပ်ချက်များကိုထည့်သွင်းစဉ်းစားရန် လိုအပ်နေပါသည်။ အထူးသဖြင့်မြစ်ချောင်းကြီးများ၏ ရေဝေရေလဲဒေသများတွင် သာမန်လူတန်းစား တိုင်းရင်းသားပြည်သူတို့အဓိကနေထိုင်ရာဖြစ်ပါသည်။ သို့သော်မြေယာဥပဒေအသစ်များသည် ပို့ကုန်အဓိကအကြီးစားစက်မှု လယ်ယာကဏ္ဍကို ဦးတည်ရေးဆွဲထားကြောင်း လေ့လာသုံးသပ်ရပါသည်။ မြေယာနှင့် ပတ်သက်သောအခွင့်အာဏာသည် ကျေးရွာဦးဆောင်မှု အတန်းအစားမှသည် နိုင်ငံတွင်းရှိပြည်တွင်းပြည်ပစီးပွားရေးသမားများထံသို့ ကူးပြောင်းသွားပြီး အခွင့်အာဏာနှင့်အုပ်ချုပ်မှုဆိုင်ရာ ဖက်ပြိုင်ရုန်းကန်နေကြရသည့်တိုင်းရင်းသားများကို နယ်စပ်ဒေသတွင်အများဆုံးတွေ့ရှိနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာအစိုးရများသည် အကြီးစားရေအားလျှပ်စစ်စီမံကိန်းများစတင်သောအခါ သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူ့ဘဝကုန်ကျစရိတ်များကို ဆိုးဆိုးရွားရွား လစ်လျူရှုလေ့ရှိသည်ဟု ကမ္ဘာတစ်ဝှမ်းမှ ပိုမိုကျယ်လောင်စွာ စွပ်စွဲလာခဲ့ကြသည်။ ကမ္ဘာ့ဆည်ကြီးများကော်မရှင်၏ အစီရင်ခံစာတွင် ရေကာတာအခြေပြုဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ဒေသခံပြည်သူများနှင့် ဌာနေတိုင်းရင်းသားတို့ အခြေအမြစ်ပျက်၍ အစဉ်အလာပိုင်ဆိုင်မှုဆုံးရှုံးရခြင်း၊ အခြေခံလူ့အခွင့်အရေးငြင်းပယ်ခံရခြင်းတို့ကြုံတွေ့ရသည်ဟုဖော်ပြထားသည်။ အထူးသဖြင့်စိုက်ပျိုးမြေ၊ သစ်တော၊ ငါးဖမ်းရာနေရာ၊ စားကျက်မြေစသည်တို့ကိုလက်လွှတ်ဆုံးရှုံးရသည်။ ထိုနေရာရပ်ဝန်းတို့သည် ဌာနေတိုင်းရင်းသားတို့၏ အသက်မွေးဝမ်းကျောင်းနှင့် ယဉ်ကျေးမှုဓလေ့စရိုက်များ အခြေပြုမှီတည်ရာဖြစ်သည်။ ထို့အပြင် မြစ်အကြေအရပ်လူ့အဖွဲ့အစည်းများသည် မြစ်ကြောင်း၏ ဂေဟစနစ်ပတ်ဝန်းကျင် ရေတိမ်ဒေသများနှင့် သိမ်မွေ့စွာ ဆက်နွယ်နေလေ့ရှိသည်။ ကမ္ဘာ့ဆည်ကြီးများကော်မရှင်မှ မှတ်ချက်ပြုထားသည်မှာ မြစ်ကြောင်း၏ ဖွဲ့စည်းပုံဆိုင်ရာအပြောင်းအလဲနှင့်အတူ မြစ်အကြေအရပ်ရှိလယ်ယာစိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်းစသည်တို့ကို ဆိုးကျိုးသက်ရောက်နိုင်ပြီး မြေယာတန်ဖိုးကိုလည်း လျော့ကျစေနိုင်သည်။ ဂေဟစနစ်ပြောင်းလဲမှုအကျိုးဆက်များမှနေ၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာစားနပ်ရိက္ခာလုံခြုံမှုဆိုင်ရာနောက် ဆက်တွဲပြဿနာများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါသည်။

ဆည်နဲ့ရေ ၊ ရေနဲ့တော၊
သည်ဆည်တွေ၊ ရွှေရေကိန်ဖို့၊
ထိန်းရှာတဲ့တော။

ဆက်လက်ဖော်ပြပါမည် ➢




* ရှူးပါ ငါ့သစ်ရွက်
တစ်မိုးစွေရင် တစ်ပင်လုံးပြန်ဝေပေးပါ့မယ်။

* ချိုးပါ ငါ့အကိုင်းအခက်
တစ်မိုးလာတာနဲ့ ငါ့အခက်ပြန်ဖြာပေးပါ့မယ်။

* ခုတ်ပါ လှဲပါ
အမြစ်ပါလှန်လည်း
မြေခ သက်ကြွေပေးပါ့မယ်။

* လူသားစေရာ
လိုရာပုံသွင်း
ငါ့ခန္ဓာ အပ်နှင်းပါ့မယ်။

* မလဲခင် အပင်အို မှာလိုတာက....
"သားသစ် သွေးသစ်၊ ပင်ငယ်အသစ်တော့
ချန်ရစ်ပါရစေ၊ ကျန်ရစ်ပါရစေ"။

* ပင်ပျိုသန်မှ ပင်အိုဖြိုလှဲ
သစ်ခါရပဲမို့
တာဝန်လွှဲပေးခဲ့ပါ့မယ်။

* ငါ၏ကိုယ်စား ပင်သစ်ပွားက
မြေဆီဆက်သိမ်း မိုးကိုထိန်းလို့
ဥတုရန်ဘေး ကာပေးပါ့မယ်။

* လူသားမိတ်ဆွေ ဘေးရန်ကင်းဖို့
သစ်ပင်မျိုးဆက် ချန်တတ်စေ။
သစ်ပင်မျိုးဆက် ကျန်ရစ်စေ။



အေပရယ်သီရိ(ဆေး–၂)

ဦးဝင်းနိုင်(ဂ)
လက်ထောက်ညွှန်ကြားရေးမှူး
ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာန

# ဒီရေရောက်သစ်တော ခုတ်လွှန်တောပျက်ဧရိယာများမှာ ANR နှင့် RIF ဆောင်ရွက်ခြင်းဖြင့် တောအဆင့်အတန်းကောင်းမွန်လာနိုင်ပါသလား - -

မြန်မာနိုင်ငံတွင် ဒီရေရောက်သစ်တောများ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့တွင်တွေ့ရှိရပြီး သစ်၊ ထင်းအလွန်အကျွံထုတ်လုပ်ခြင်း၊ စိုက်ပျိုးမြေနှင့် ပုစွန်ကန်များတိုးချဲ့ဖော်ထုတ်ခြင်း၊ လူနေအိမ်ခြေများတိုးချဲ့ခြင်း၊ လူဦးရေထူထပ်သဖြင့် သစ်နှင့် သစ်တောထွက်ပစ္စည်း လိုအပ်ချက်များပြားခြင်း၊ ကျွဲ/နွားများစားကျက်ချခြင်းတို့ကြောင့် ဒီရေရောက် သစ်တောဧရိယာများမှာ တဖြည်းဖြည်းပျောက်ကွယ်လာသည်နှင့် အမျှ လက်ကျန်တောများမှာလည်း ခုတ်လွှန်တောပျက်အဆင့်သို့ရောက်ရှိလာခဲ့ရပါသည်။

ခုတ်လွှန်တောပျက်ဧရိယာများတွင် အများအားဖြင့် ဆူးကုတ်(ဆလိန်)ခြုံများ၊ ရေမကြီး၊ ရေသမန်း၊ သင်ပန်းလျှော်၊ ငှက်ကြီးတောင်များ၊ ခရာဆူးချုံတောများသည် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ သမဲ့နှင့် မဓမ စသည့် အပင်ကြီး(Tree)သစ်မျိုးများကို ဖုံးလွှမ်းအုပ်မိုးလျက်ရှိပြီး ခုတ်လွှန်တောပျက်အနေအထားဖြစ်၍ အဆိုပါနေရာများတွင် ANR(Assistance Natural Regeneration – ဓမ္မတာမျိုးဆက်ခြင်း)နှင့် RIF(Regeneration Improvement Felling– မျိုးဆက်ပင်အလင်းဖွင့်အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း)လုပ်ငန်းများကို SOP(Standard Oprational Mannual– ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်း) များနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် တော၏အဆင့်အတန်း ကောင်းမွန်လာနိုင်ခြင်း ရှိ/မရှိကိုသုံးသပ်တင်ပြသွားမည် ဖြစ်ပါသည်။

ANR နှင့် RIF လုပ်ငန်းများနှင့်ပတ်သက်၍ ဌာနဆိုင်ရာညွှန်ကြားချက်များ၊ ဒီရေရောက်သစ်တောများနှင့် ပတ်သက်သည့် သုတေသနစာတမ်းများ၊ FAO မှ ထုတ်ပြန်သည့်စာအုပ်များတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည် –

(က) ANR လုပ်ငန်းသည် သဘာဝအလျောက် မျိုးဆက်ခြင်းဖြင့် မလုံလောက်သည့် တောပျက်များကို ကာကွယ်ထိန်းသိမ်းခြင်းဖြစ်ပြီး အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန်ဖြစ်ပါသည် –

(၁) အောက်ပေါင်းရှင်းခြင်း
(၂) နွယ်ဖြတ်ညောင်ပတ်လှဲခြင်း
(၃) ပင်ကျပ်နုတ်ခြင်း
(၄) ပင်ပူးခွာ၊ ကိုင်းချိုင်ခြင်း
(၅) ဖြောင့်တန်းစွာပေါက်ရောက်မှု မရှိသည့် အပင်များကို မြေကြီးနှင့်ကပ်လျက်အနေအထားမှ တစ်စောင်းချွန်ပေးခြင်း (Coppicing)
(၆) ကွက်လပ်များတွင် ဖြည့်စွက်စိုက်ပျိုးပေးခြင်း(အစေ့ချခြင်း)

(ခ) RIF လုပ်ငန်းသည် ဧရိယာအတွင်းရှိ မျိုး







ဆက်ပင်များနှင့်အပင်ကြီးများ၏ ကြီးထွားမှု ကောင်းမွန်စေခြင်းကို အနှောင့်အယှက်မရှိ စေရန်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယခင် UNDP/FAO နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ သည့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒီရေတော များပြန်လည်ထူထောင်ရေး ရွှေ့ပြေးစီမံကိန်း ဧရိယာများဖြစ်သည့် လပွတ္တာ၊ ဘိုကလေး မြို့နယ်များတွင် ၁၉၉၁ ခုနှစ်မှစ၍ သက် ဆိုင်ရာမြို့နယ်ဦးစီးအရာရှိများ၊ တောအုပ် ကြီးများ၏ ကြီးကြပ်မှုဖြင့် စတင်ဆောင်ရွက် ခဲ့ပါသည်။

ဒီရေရောက် သစ်မျိုး(Tree)များဖြစ်သည့် သမဲ့၊ ဖြူးခြေထောက်၊ မဓမ၊ သရော၊ ကနစို၊ ပန့်သကာ စသည့်သစ်မျိုးများသည် မကြာခဏ ခုတ်လှဲခံရသဖြင့် သားတက် များ(Coppic) အများအပြား ဖြစ်ပေါ်၍ အပင်များ ကြပ်ပိတ်ကာ သစ်ပင်တစ်ပင် ချင်း၏ ကြီးထွားနှုန်းကို ထိခိုက်စေပါသည်။ ထို့အပြင် သစ်ပင်ကြီးများ နည်းပါးသည့် ဧရိယာများတွင် ခြုံပင်အမျိုးအစားများဖြစ် သည့် ရေသမန်း၊ သင်ပန်းလျှော်ခြုံများ၊ အလိုလေးနွယ်များ၊ ဆူးကုတ်များကလည်း ဧရိယာအတွင်းဖုံးလွှမ်းကာ မျိုးဆက်ပင်(Tree) များ၏ ရှင်သန်ကြီးထွားမှုကို အနှောင့် အ ယှက်ဖြစ်စေပါသည်။ သို့အတွက် ဧရိယာ အတွင်းရှိ မျိုးဆက်ပင်များနှင့် တည်ရှိပြီး သစ်ပင်(Tree)များ၏ကြီးထွားမှုကို အနှောင့် အယှက် ဖြစ်နေသည့် အုပ်မိုးကာဆိုင်းနေ သော ခြုံပင်များကို ခုတ်လှဲရှင်းလင်းခြင်း၊ မလိုလားအပ်သည့် ကိုင်းခြောက်များ၊ ခွပင် များ၊ ရောဂါပင်များ၊ ပုံသဏ္ဌာန်မမှန်သော အပင်များခုတ်လှဲခြင်း၊ ပင်ကျပ်နုတ်ခြင်းတို့ကို ဆောင်ရွက်ပါသည်။

သစ်တောဦးစီးဌာန လက်ရှိ SOP များအရ သစ်ထုတ်ပြီးနောက် ဆောင်ရွက်သည့် အုပ် မိုးကာဆိုင်းခုတ်လှဲခြင်း ( Improvement Feling-IF)နှင့် နွယ်ဖြတ်ညောင်ပတ်လှဲခြင်း (Climber Cutting)လုပ်ငန်းစဉ်များနှင့် ဆင် တူပါသည်။

RIF လုပ်ငန်းတွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ပါသည် –

(၁)အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း
(၂)နွယ်ဖြတ်ခြင်း
(၃)အောက်ပေါင်းရှင်းခြင်း
(၄)ပင်ပူးခွာ၊ကိုင်းချိုင်ခြင်း
(၅)ပင်ကျပ်နုတ်ခြင်း
(၆)ငုတ်တက်ချွန်ခြင်း

(ဂ) သစ်တောသုတေသန၊ သစ်တောဦးစီးဌာန ၏ သုတေသနအမှတ် ၆/၉၅–၉၆ တွင် ဒီရေရောက် သစ်တော၊ ခုတ်လွှန်တောပျက် ဧရိယာများရှိ သစ်ပင်ကြီး (Tree) မျိုးများ ဖြစ်သည့် ကနစို၊မြင်းက၊သရော၊ပုံသကာ၊ ကျနာ၊ ဖြူးခြေထောက် (အမြင့် ၁ ပေ နှင့် အထက်) စသော သစ်ပင်များအပေါ် ရေ သမန်း၊ သင်ပန်းလျှော်ခြုံများ၊ အလိုလေး နွယ်၊ ဆူးကုတ်ခြုံများ ဖုံးလွှမ်းနေမှုအား RIF လုပ်ငန်းပြုလုပ်ခြင်းဖြင့် တောအခြေ အနေတိုးတက်ကောင်းမွန်နိုင်မှုရှိ/မရှိ သိရှိနိုင် ရန် သုတေသနပြု စမ်းသပ်ဆောင်ရွက်ခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်–

(၁)သစ်ပင်များ၏ နှစ်စဉ်ပျမ်းမျှရင်စိုလုံး ပတ်ကြီးထွားနှုန်းသည် RIF ဆောင် ရွက်သည့်အကွက်များ၌ ၁.၆၆ရလက္မ ဖြစ်ပြီး မဆောင်ရွက်သည့် အကွက် တွင် ၀.၉၈၄လက္မရှိပါသည်။

(၂)သစ်ပင်များ၏ နှစ်စဉ်ပျမ်းမျှအမြင့် တိုးတက်မှုနှုန်းသည် RIF ဆောင်ရွက် သည့်အကွက်များ၌ ၂.၀၄၄ ပေ ဖြစ် ပြီး မဆောင်ရွက်သည့်အကွက်တွင် ၁.၇၀၂ပေ ဖြစ်ပါသည်။

(ဃ) FAO မှ ၁၉၉၄ ခုနှစ်တွင် ထုတ်ဝေသည့် Mangrove Forest Management Guideline စာအုပ်တွင် ဒီရေရောက်သစ် တောများ၌ ကျင့်သုံးသည့် Siviliculture Systemများနှင့် ပတ်သက်၍ အောက်ပါ အတိုင်းဖော်ပြထားပါသည်–

(၁)ဒီရေရောက်သစ်မျိုးများတွင် ဖြူးခြေ ထောက်သစ်မျိုး ( *Rhizophora* spp.)
မှလွဲ၍ ကျန်သစ်မျိုး အများစုသည် Coppice စနစ်ကောင်းမွန်ပါကြောင်း၊ သို့ရာတွင် ဖြူးခြေထောက်သစ်မျိုး တွင် ပင်စည် သစ်မဖြစ်သေးသည့် ပျိုးပင်ငယ်အဆင့်တွင် Coppice ရရှိ နိုင်ပါကြောင်း၊

(၂)Improvement Fellingကို ဘင်္ဂလား

ဒေ့ရှ် နိုင်ငံ Sunderban ဒီရေတော ဧရိယာတွင်ကျင့်သုံးခဲ့ပြီး ဧရိယာ အတွင်း ကျန်ရှိအပင်များ၏ ကြီးထွား နှုန်းကို ကောင်းမွန် စေပါကြောင်း၊ Improvement Felling တွင် ရောဂါ ရှိသောအပင်များ၊ Dead Tree များ၊ Forkဖြစ်နေသောကိုင်းများ ရှင်းလင်း ခြင်း၊ ငှက်ကြီးတောင် ကဲ့သို့သော ချုံပင်များကို ရှင်းလင်းခြင်းဆောင် ရွက်ပါကြောင်း၊

(၃) Natural Regenaration လုပ်ငန်း သည် ဂေဟဗေဒစနစ် ကောင်းမွန် စေမှုကို ပိုမိုအားပေးပြီး Artificial Regenaration လုပ်ငန်းထက် ကုန် ကျစရိတ် ပိုမိုသက်သာစေပါကြောင်း၊

ဒီရေရောက်သစ်တောများတွင် ANR ဆောင်ရွက် ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများအရ အောက်ပါအတိုင်း တွေ့ရှိရပါသည် –

(က) ရေသမန်း(*Brownlowia tersa*)၊ သင်ပန်း လျှော် (*Hibiscus tiliaceus*)၊ ဆူးကုတ် (*Dalbergia spinosa*)၊ ရေမကြီး (*Dalbergia piñata*)စသည့် ချုံပင်များသည် အမြင့် (၅)ပေမှ(၁၀)ပေခန့်အထိရှိပြီး ၎င်း ချုံပင်များ၏ အောက်တွင် ရေဖြင့်မျောပါ လာသည့် သမဲ့၊ဖြူ၊ကနစို၊သရော စသည့် သဘာဝ အပင်ပေါက်များသည် နေရောင် ခြည်လုံလောက်စွာ မရရှိခြင်းကြောင့် ကြီး ထွား ရှင်သန်ခွင့် မရရှိပဲ ဧရိယာအတွင်း အဆိုပါ ချုံပင်များသာ ကြီးထွားဖုံးအုပ်နေ လေ့ရှိပါသည်။ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ ဒီရေရောက် သစ်တောများတွင် အဆိုပါ အခြေအနေများကို များစွာ တွေ့မြင်ရပါ သည်။ ပုံမှန်(၂)ပေမှ (၅)ပေခန့်အထိမြင့် သည့် ချုံပင်အမျိုးအစားများမှာ ခရာ (*Acanthus* spp.)၊ ငှက်ကြီးတောင်(*Acrostichum* spp.)၊ ခရု(*Pluchia indica*)၊ ဘိစပ်(*Eupatorium odoratum*) စသည် တို့ဖြစ်ပါသည်။ နွယ် အမျိုးအစားများမှာ ပျောက်နွယ်၊အလိုလေးနွယ်၊မိချောင်းနွယ် တို့ကို အများအားဖြင့်တွေ့ရှိရပါသည်။

(ခ) ဒီရေရောက်သစ်မျိုးများ၏ မျိုးပွားမှုသည် ဧရိယာအတွင်းရှိ သစ်မျိုးများတည်ရှိနေမှု နှင့် တိုက်ရိုက်အချိုးကျလျက်ရှိခြင်းကြောင့် အထက်ပါ ဖုံးလွှမ်းလျှက်ရှိသည့် ချုံပင်များ အား ခုတ်ထွင်ဖယ်ရှားခြင်းဖြင့် သစ်ပင်ကြီး သစ်မျိုး(Tree) အပင်ပေါက်များ၏ ရှင်သန် ကြီးထွားမှုကို များစွာအားပေးရာရောက်သ ကဲ့သို့ ကိုယ်အလိုရှိရာ သစ်မျိုးများတည်ရှိ နေစေရန် ဖန်တီးပေးရာရောက်ပါသည်။ ဖြစ် ပေါ်လာသည့် ကွက်လပ်များတွင် သဘာဝ မျိုးဆက်မှုဖြင့် မလုံလောက်ပါက Artificial Regenaration ကို ဆောင်ရွက်ပါသည်။

(ဂ) ANR ဆောင်ရွက်သည့် ဧရိယာအတွင်း သစ်ပင်ကြီး သစ်မျိုးများ၏ အပင်ပေါက် (Generation)များ ပိုမိုတွေ့မြင်လာရခြင်း၊ လက်ရှိတည်ရှိနေသည့် သရော၊ကနစို၊သမဲ့ စသည့် သစ်ပင်ကြီးများ၏ လုံးပတ် နှင့် အမြင့် ကြီးထွားမှု ပိုမိုကောင်းမွန်လာခြင်း တို့ကိုတွေ့ရှိရပါသည်။

(ဃ) ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ ဒီရေရောက် သစ်တောများတွင် ချုံ/နွယ်များဖုံးလွှမ်းနေ သည့် တောပျက်ဧရိယာများ အများအပြား ဖြစ်ပေါ်နေခြင်းကြောင့် ဒေသခံများ အနေ ဖြင့် ထင်းလောင်စာသုံးစွဲရာတွင် ရေသမန်း၊ သင်ပန်းလျှော်စသည့် ချုံပင်များ၏ ပင်စည် များကို ခုတ်လှဲအသုံးပြုလျက်ရှိကြပါသည်။

(င) သို့ရာတွင် ANR လုပ်ငန်းအရ ချုံ၊ နွယ်များ ရှင်းလင်းလိုက်ခြင်းကြောင့် ဧရိယာအတွင်း သွားလာရေး လွယ်ကူစေသဖြင့် တရားမဝင် သစ်၊ထင်းခုတ်လှဲမှုများ ပိုမိုဖြစ်ပေါ်လာသည် ကိုတွေ့ရပါသည်။

(စ) ဒီရေတောခုတ်လွှန် တောပျက်ဧရိယာများ တွင် ANR လုပ်ငန်းများကို နစ်စဉ်ဆောင် ရွက်ပေးခြင်းဖြင့် ဧရိယာအတွင်း သစ်တော ဝန်ထမ်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များ မကြာ ခဏရောက်ရှိနိုင်ခြင်းကြောင့် တရားမဝင် သစ်၊ထင်းခုတ်လှဲမှုများကို ကာကွယ်ထိန်း သိမ်းနိုင်ရုံ မျှမက ဒေသခံပြည်သူများ၏ Awareness ကို ပိုမိုရရှိစေပါသည်။

ဖေါ်ပြပါ ပြည်တွင်း/ပြည်ပသုတေသန စာတမ်း များ၊ လုပ်ငန်းအတွေ့အကြုံများအရ အောက်ပါအတိုင်း ဆောင်ရွက်သင့်ကြောင်း သုံးသပ်ပါသည် –

(က) ဒီရေရောက်သစ်တော တောပျက်ဧရိယာ များတွင် ANR၊RIF လုပ်ငန်းများဆောင် ရွက်ခြင်းဖြင့် သစ်ပင်ကြီးသစ်မျိုး(Tree)များ ၏ Natural Regeneration များ ကြီးထွား

ဖွံ့ဖြိုးမှုကို များစွာ အထောက်အကူဖြစ်စေခြင်း၊ လက်ရှိတည်ရှိနေဆဲ သစ်ပင်ကြီးသစ်မျိုး(Tree) သစ်ပင်များ၏လုံးပတ်နှင့် အမြင့်ကြီးထွားမှုကို ပိုမိုကောင်းမွန်မြန်ဆန်လာစေခြင်းတို့ကြောင့် တောအဆင့်အတန်း ပိုမိုကောင်းမွန်လာစေနိုင်သဖြင့် ANR ၊ RIF လုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်သင့်ပါသည်။

(ခ) ဒီရေရောက်သစ်တော ခုတ်လွန်တောပျက်ရေိယာများတွင် သဘာဝတောအဆင့်အတန်း ပိုမိုတိုးတက်ကောင်းမွန်လာစေရေး အတွက် ANR၊ RIF လုပ်ငန်းများဖြင့် ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန်ဖြစ်ပါသည် –

(၁)အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း
(၂)အောက်ပေါင်းရှင်းခြင်း
(၃)နွယ်ဖြတ်ညှောင်ပတ်လှဲခြင်း
(၄)ပင်ကျပ်နုတ်ခြင်း
(၅)ပင်ပူးခွာ၊ ကိုင်းချိုင်ခြင်း
(၆)ငုတ်တက်ချွန်ပေးခြင်း(Coppicing)
(၇)ကွက်လပ်များတွင် ဖြည့်စွက်စိုက်ပျိုးပေးခြင်း(အစေ့ချခြင်း)

(ဂ) ဒီရေတောငုတ်တက်ချွန်ခြင်း ဆောင်ရွက်ရာတွင် ငုတ်တက်အမြင့်ကို **မိုးရာသီအမြင့်ဆုံး ဒီရေအမှတ်နှင့်အထက်တွင်** တည်ရှိနေအောင် ပြုလုပ်သင့်ပါသည်။ တိုလွန်းသည့် ငုတ်တက်များအား ထပ်မံဖြတ်တောက်ခြင်းမပြုလုပ်ပဲ ငုတ်တက်ချွန်ခြင်းကို ပြုလုပ်နိုင်ပါသည်။

(ဃ) ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းဆောင်ရွက်ရာတွင် **Ground Levelနှင့်ကိုက်ညီသည့် သစ်ပင်ကြီး(Tree)သစ်မျိုးများဖြင့် ဖြည့်စွက်စိုက်ပျိုးသင့်ပါသည်။** Low/ Medium Ground Level တွင် စိုက်ပျိုးရမည့် ပြူးခြေထောက်၊ ပြူးအုပ်ဆောင်း၊ မဓမသစ်မျိုးများအား High Ground Level တွင် စိုက်ပျိုးပါက ကြီးထွားနှုန်းကို များစွာထိခိုက်စေမည်ဖြစ်ပြီး ပြုစုထိန်းသိမ်းမှုအင်အားလျော့နည်းပါက ရေရှည်တွင် ချုံ/နွယ်ပင်များ၏ဖုံးလွှမ်းမှုကို ခံရနိုင်သည်ကို သတိပြုရန်လိုအပ်ပါသည်။

(င) ANR၊ RIF လုပ်ငန်းသည် ကုန်ကျစရိတ်သက်သာစေခြင်း၊ ဂေဟဗေဒစနစ်ကောင်းမွန်မှုကိုအားပေးခြင်း၊ ရေိယာအတွင်း လက်ရှိ သစ်ပင်ကြီး(Tree)သစ်မျိုးများ၏ ကြီးထွားမှုကို အချိန်တိုအတွင်း ရရှိနိုင်ခြင်း၊ ကွက်လပ်များတွင် Artificial Regenerationလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် အလိုရှိသည့်သစ်မျိုးများကို ရရှိနိုင်စေခြင်း တို့ကြောင့် **ဒီရေတော တောပျက်ရေိယာများအားခုတ်လှဲ၍ ဒီရေတောစိုက်ခင်းတည်ထောင်ခြင်းထက် ANR၊ RIF လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သင့်ပါသည်။**

(စ) ANR၊ RIF လုပ်ငန်းဆောင်ရွက်မည့် ခုတ်လွန်တောပျက်ရေိယာများတွင် ရေစီးရေလာကိုထိခိုက်စေသည့် တာ၊ တမံများတည်ရှိနေပါက သဘာဝရေစီးရေလာအတိုင်းဖြစ်အောင် အဆိုပါတာတမံများကိုချိုးဖျက်ခြင်းဆောင်ရွက်ရန်လိုအပ်ပါသည်။

## *Reference*


၁။ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ ဒီရေတောတွင်ပြုစုထိန်းသိမ်းခြင်းနှင့် အလင်းဖွင့်ခြင်းလုပ်ငန်းအား လေ့လာတင်ပြချက်၊ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာန၊ သုတေသနအမှတ် ၆/၉၅–၉၆၊ [လက်ထောက်သုတေသနအရာရှိ ဦးသန်းဝင်း {B.Sc(For)}

၂။ Mangrove Forest Management Guideline, FAO Forestry Paper 117, Rome ,1994.

၃။ Natural Regeneration of Mangroves in a Degraded and Non-Degraded Tropical Forest of Zanzibar Island By Islam S.S Mechenga and Abadalla I. Ali, Society for Environmental Research and Conservation, Tanzinia. (Publish on line, 28-02-2014)




## ဟဲ ---ဟဲ --- ဒါလေးများ ---------(၅)

**"ချစ်တဲ့မြေးလေးတို့ရေ"**– 

သီရိတင် (သစ်တော)

'မြေးလေး'တို့တတွေ သစ်တောဌာနထဲရောက်လာပြီး သစ်တောဝန်ထမ်းတွေဖြစ်လာပြီဆိုတော့ သစ်တောဝန်ထမ်းကောင်းတွေဖြစ်လို့အထူးအရေးကြီးလာပြီပေါ့နော်။ သစ်တောဝန်ထမ်းတွေဆိုတော့ သစ်တောဌာနက ချမှတ်ထားတဲ့ ''သစ်တောမူဝါဒ''တွေ 'စည်းကမ်းကျင့်ဝတ်'တွေ၊ 'အမိန့်'၊'ညွှန်ကြားချက်'၊ 'ဥပဒေ'တွေ'နည်းဥပဒေ'တွေ ကို သိရှိလိုက်နာပြီး လိုက်နာဆောင်ရွက်ဖို့ လိုအပ်လှပါတယ်။ နိုင်ငံတော်အစိုးရရဲ့လုပ်ငန်းအစီအစဉ်တွေ အကောင်အထည်ဖော်ဆောင်ရွက်ရမှာက အဓိကဝန်ထမ်းတွေမို့ မြေးလေးတို့တတွေက သမာသမတ်ရှိရှိ လုပ်ငန်းတာဝန်သိသိ အသိဉာဏ်ပါပါနိုးနိုးကြားကြားနဲ့လုပ်ငန်းတာဝန်တွေကို ကျေပွန်စွာဆောင်ရွက်ရမှာဖြစ်ပါတယ်။

''မြေးလေး''တို့က မြန်မြန်ဆန်ဆန်၊ မဆိုင်းမတွနဲ့လုပ်ငန်းတာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတွေနဲ့ လုပ်ကိုင်ဆောင်ရွက်ရမှာပါ။ တကယ်တော့ ဝန်ထမ်းဆိုတာ ပြည်သူတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းဝန်ဆောင်ပေးမဲ့သူ၊ တနည်းပြောရရင် (Civil Servant)ပြည်သူ့အစေအပါးတွေပါ။ အဲ့ဒါကြောင့် ပြည်သူတွေအတွက် အပြည့်အဝဆောင်ရွက်ပေးမယ်ဆိုတဲ့ စိတ်ဓာတ်ခံယူချက်နဲ့လုပ်ငန်းဆောင်ရွက်ဖို့လိုပါတယ်။ ဒီတော့ ကျောင်းတုန်းက လေ့လာမှတ်သားခဲ့ရတဲ့ ''သစ်တောမူဝါဒ''ကို ဦးထိပ်ထားပြီး၊ ဝန်ထမ်းစည်းကမ်းနဲ့ကျင့်ဝတ်တွေကို အစဉ်အမြဲသတိရအောင်၊ မမေ့အောင်နေတတ်ဖို့လိုတာမို့ ဒီတစ်ပတ်တော့ ''သစ်တောမူဝါဒ''၊ ''ဝန်ထမ်းကျင့်ဝတ်နဲ့စည်းကမ်း''တွေကို ဆွေးနွေးကြရအောင်နော်။ ''မြေးလေး''တို့သိပြီးသားတွေကို နွှေးတဲ့သဘောပါပဲ။ မြေးလေးတို့ဖြေနိုင်ကြမှာပါ။

''မြေးလေးတို့ အားလုံး''ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။

ဘေးဘယာကင်းဝေးကြပါစေ။

လိုအင်ဆန္ဒပြည့်ဝကြပါစေ။

အားလုံးကို သတိရနေတဲ့ ----------

ဖိုးဖိုး



## ''ဟဲ --- ဟဲ --- ဒါလေးများ --(၅)'' မေးခွန်းများ



အောက်ဖော်ပြပါ ကွက်လပ်များကိုဖြည့်ပါ။

(ကွက်လပ်တစ်ခုအဖြေမှန်လျှင် (၃)မှတ်ဖြစ်သည်၊ စုစုပေါင်းကွက်လပ်(၃၃)ခုဖြစ်ပြီး၊ အားလုံးမှန်လျှင်(၁)မှတ်တိုး ပေးမည်ဖြစ်၍ စုစုပေါင်းအမှတ် (၁၀၀)ဖြစ်သည်။)

၁။ ၁၉၉၅ခုနှစ် မြန်မာ့သစ်တောမူဝါဒသဘောထားကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်အား ပြည့်ဝအောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ပဓာနကျသောအချက်(၆)ချက်ကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

**(၁)ကာကွယ်ခြင်း**

ရေမြေတောရိုင်းတိရစ္ဆာန် _(က)_ နှင့်သဘာဝဝန်းကျင်ကိုကာကွယ်ရမည်။

**(၂)ထာဝစဉ်တည်တံ့စေခြင်း**

သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သောအကျိုးများကို စဉ်ဆက်မပြတ်ခံစားနိုင်ကြစေရန်၊ _(က)_ ကိုထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

**(၃)အခြေခံစားဝတ်နေရေးလိုအပ်ချက်များဖြည့်ဆည်းပေးခြင်း**

ပြည်သူလူထုအတွက် _(က)_ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့်အပန်းဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။။

**(၄) စွမ်းဆောင်ရည် တိုးတက်မြင့်မားစေခြင်း**

သစ်တောသယံဇာတများမှ ရရှိနိုင်သည့်စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ _(က)_ အသုံးချရန်စီမံရမည်။

**(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**

(က) နှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

**(၆) ပြည်သူအတွင်းနိုးကြားတတ်ကြွသည့်အသိရှင်သန်စေခြင်း**

နိုင်ငံတော်၏လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရာတွင် သစ်တောများသည် (က) မှပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန်လှုံ့ဆော်သွားရမည်။

၂။ ဝန်ထမ်းများသည် အောက်ပါကျင့်ဝတ်နှင့်စည်းကမ်းများကို စောင့်ထိန်းလိုက်နာရမည်-

(၁) နိုင်ငံတော်၏ (က) စောင့်သိရိုသေရမည်။
(၂) အခြေခံဥပဒေနှင့်တရားဥပဒေများကို (က) ရမည်။
(၃) ပြည်သူတို့၏အကျိုးစီးပွားကို (က) ဆောင်ရွက်ရမည်။
(၄) ပြည်သူပိုင် (က) နှင့်ပြည်သူ့ (ခ) ယိုဖိတ်ဆုံးရှုံးမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရမည်။
(၅) တာဝန်ဝတ္တရားများကို (က) ထမ်းဆောင်ရမည်။
(၆) ပေးအပ်သည့်တာဝန်ကို (က) ဆောင်ရွက်ရမည့်အပြင်၊ (ခ)အဆင့်မြင့်မားလာစေရန်နှင့် (ဂ)တိုးတက်နေစေရန် အစဉ်ကြိုးစားရမည်။
(၇) အလုပ်ခွင် (က)၊ (ခ)၊ (ဂ) ကိုလိုက်နာရမည်။
(၈) အကျင့်စာရိတ္တ (က)၊ သိက္ခာ (ခ) တို့ကိုရှောင်ကြဉ်ရမည်။
(၉) တာဝန်အရအပ်နှင်းထားသည့် (က) ကို အလွဲသုံးစားပြု၍ ၊(ခ) တံစိုးလက်ဆောင်ယူခြင်းတို့ကို (ဂ) ရမည်။
(၁၀) တရားသဖြင့် ရရှိအပ်သော (က)၊ မရိုးသားသောနည်းဖြင့် (ခ) ကို ရှောင်ကြဉ်ရမည်။
(၁၁) မိမိလက်ဝယ်အလုပ် (က) မရှိစေရ။
(၁၂) အလုပ်ခွင်သုံးစာရေးကိရိယာများ၊ ပရိဘောဂများ၊ စက်ပစ္စည်းကိရိယာများနှင့် (က) ကိုစနစ်တကျ (ခ)အသုံးပြုရမည်။
(၁၃) မိမိတာဝန်ယူရသောစာရွက်စာတမ်းများ၊(က) ကို၊ လုပ်ငန်းခွင် (ခ) အားကြည့်ရှုစေခြင်း၊ (ဂ)၊ လွှဲပြောင်းပေးခြင်း၊ ပြောကြားခြင်းစသည်များမပြုလုပ်ရ။
(၁၄) (က) သတ်မှတ်ထားသည့်စာရွက်စာတမ်းများ၊ လုပ်ငန်းဆိုင်ရာ (ခ)ကို မသက်ဆိုင်သူများအားအသိမပေးရ။

## ကာတွန်းကဏ္ဍ



# သစ်တောသမားခရီးသွား(၆)



# လှပတဲ့တနင်္သာရီ

အောင်ခင် (သစ်တော)

ယခင်လမှအဆက်

## လောင်းလုံ့ရှင်မျှော်၊ ဖူးကြွရှင်ပျော်

(၉–၁၂–၁၇)ရက် နံနက် ၅း၃၀နာရီလောက် က တည်းက တည်းခိုခန်းမှာ အခန်းပြန်အပ်ပြီး လောင်းလုံကို ခရီးထွက်ခဲ့ပါတယ်။ လောင်းလုံမြို့ကိုရောက်တော့ မိုးစင်စင် မလင်းသေးဘူး။ မြို့ထဲက 'မြို့မ' ကဖီးမှာ နံနက်စောစော စာစားကြတယ်။ စားသောက်ပြီးနောက် ခရီးဆက်ကြရာ လမ်းက ရွာကြီးတစ်ချို့မှာ လမ်းဘေးမှာပဲ ဆိုင်ခင်းပြီး ဈေးရောင်းနေကြတာမြင်ရတယ်၊ ရှင်မျှော်ကအပြန် (၁၀) နာရီဝန်းကျင်ကျတော့ ဈေးသည်တွေ မရှိတော့ဘူး၊ ဈေး ဆိုင်ခုံလေးတွေပဲကျန်တော့တာ၊ မိုးမလင်းခင်ကတည်းက မီးခွက်ထွန်းရောင်းကြတာဖြစ်မယ်။

သံဃာတော်တွေကို အာရုံဆွမ်းလောင်းလှူနေကြ တာ နေရာတော်တော်များများမှာတွေ့တယ်။ အပြန်ကျ တော့ နေ့ဆွမ်းလောင်းနေကြတာထပ်တွေ့တယ်။ နေ့ဆွမ်း ခံထွက်လာတဲ့သံဃာတော်တွေက ထီးတွေဆောင်းထားကြ တယ်။ ဒီအရပ်မှာ နေထွက်တာနဲ့ ပူစပ်ပူလောင်ပြင်းထန် တဲ့နေရောင်ကြောင့် ထီးဆောင်းတော်မူကြတာ၊ ဒါမှပဲ အပူသက်သာတာမို့ ထီးဆောင်းတာကို နားလည်ပေးရ ပါတယ်။

ဆရာတော်တစ်ပါးဟောပြောတာတစ်ခုရှိတယ်။ လူတွေမှအပူအပင်များတာမဟုတ်ဘူး။ ဘုန်းကြီးတွေမှာ လည်း အပူ(၃)ပါးရှိတယ်။ နေပူလို့ခေါင်းပူ၊ ခြေထောက်က ဖိနပ်မပါလို့ပူ၊ ဗိုက်ကဆွမ်းပူပူတွေပါတဲ့သပိတ်နဲ့ကပ်နေ တာမို့ပူ၊ ဒါကြောင့် အပူ(၃)ပူရှိတယ်လို့ကြားဖူးတယ်၊ လောင်းလုံကကိုယ်တော်တွေကတော့ (၁)အပူသက်သာတာ ပေါ့။ ဖြတ်သန်းခဲ့တဲ့ရွာကြီးတွေမှာ တိုက်တာအိမ်ခြေတွေ တော်တော်များပါတယ်။ ခေတ်မီတိုက်ကလေးတွေ၊ ရှေး ဆန်တဲ့တလိုင်းအိမ်တွေလိုအစုံတွေ့ရတယ်။ ဂါလံ(၅၀)ဆန့် တဲ့ပေပါလိုမျိုးနဲ့ ဓာတ်ဆီပန့်ဆိုင်လုပ်ရောင်းနေကြတာလဲ ရှိရဲ့၊ ဒီရေဝင်တဲ့နေရာတွေမှာ ဒီရေတောတွေ၊ လယ်ကွင်း မြေပြန့်တွေမှာ ထန်းပင်တွေ၊ တောတောင်စိမ်းစိမ်းစိုစို တွေ၊ ရာဘာစိုက်ခင်းတွေစုံအောင်တွေ့ခဲ့ရပါတယ်။

မှတ်မှတ်ရရရှိတာကတော့ ရွာတိုင်းနီးပါးရွာထိပ် မှာ သုသာန်လုပ်၊ မီးသဂြိုဟ်စက်တွေရဲ့အနီးမှာ စေတီနဲ့ ဇရပ်တွေမြင်ရတယ်၊ ကိုယ့်ရွာမှာနာရေးဖြစ်ရင် တခြားရွာ ကို မသွားဘဲ သွားလို့မရဘဲ ရွာတိုင်းနီးပါးဒီလိုဖြစ်နေ သလားမပြောတတ်ပါ။

စပါး၊ ပဲစတဲ့ သီးနှံစိုက်ပျိုးရေးအောင်မြင်နေသလို ရေလုပ်ငန်းလည်းအောင်မြင်နေပုံရပါတယ်။ ဘာကြောင့် လဲဆိုတော့ ကျွန်တော် ဘုရားကပြန်ခဲ့တဲ့အချိန်မှာ ရေခဲ တင်တဲ့ကားတွေ အတော်များများကမ်းခြေနားက ရွာတွေကို သွားတာတွေ့ရလို့ပါ။ လမ်းတွေကတော့ တည်ဆောက်ဆဲ၊ တိုးချဲ့ဆဲတွေ့ရပါတယ်။

ကျောက်နီမော်ရွာရောက်ပြီးနောက် ကျဉ်းမြောင်း တဲ့ တောင်တက်လမ်းနဲ့တက်ခဲ့ရပါတယ်။ ဒါပေမယ့် လမ်း ကသိပ်မဆိုးပါဘူး။ ရှင်မျှော်ဘုရားတည်ရှိရာ ကြက်လွတ် ရွာမရောက်ခင်လမ်းဘေးမှာ ထိုင်းငရုတ်ကောင်းမျိုးနဲ့ စိုက် ထားတဲ့ ခြံတစ်ခြံကို ဝင်လေ့လာခဲ့ပါတယ်။ sprinkler ရေပန်းနဲ့ ရေဖြန်းပေးထားပြီး အသီးများပွတ်သိပ်နေ အောင်သီးနေပါတယ်။ သီးတံမှာ အသီးအပြည့်ပါတယ်။ ရေ၊ မြေရာသီဥတုနဲ့ကိုက်တဲ့အပြင် လုံလောက်တဲ့ စိုက်ပျိုး ပြုစုမှုတွေကြောင့်ဖြစ်မှာပါ။ သီဟိုဠ်ခြံ၊ ကွမ်းခြံနဲ့ဥယျာဉ် သီးနှံခြံအချို့ကိုလည်းတွေ့ခဲ့ရပါတယ်။

## ရောက်ခဲ့ပြီနော်၊ မြတ်ရှင်မျှော်

ကျောက်နီမော်ရွာကိုလွန်တော့ ကြက်လွတ် ကျေးရွာအုပ်စုရောက်ပါတယ်။ ရှင်မျှော်ဘုရားက ထားဝယ် အငူလို့ခေါ်တဲ့ ပင်လယ်ထဲထိုးထွက်နေတဲ့ ကုန်းမြေ၊ ကျောက်တောင်ကုန်းမြေပေါ်မှာတည်ရှိတာပါ။ ဘုရား စောင်းတန်းဝင်ဝင်ချင်း ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် စတဲ့ ဝိဇ္ဇာများ၊ ဘိုးတော်များ၊ တောင်စောင့်ဘိုးဘိုးကြီး စတဲ့

ထူးခြားတဲ့ပုဂ္ဂိုလ်များကို နန်းပေးကိုးကွယ်ထားပါတယ်။ ထူးထူးခြားခြားသာသနာပြုမင်းတစ်ပါးဖြစ်တဲ့ အာသောက မင်းကြီးရဲ့ ပန်းချီပုံတူနှစ်ပုံတောင်မှတွေ့ခဲ့တယ်။

ဘုရားရင်ပြင်တော်ပေါ်ရောက်ပြီး ရုပ်ပွားတော်တွေကိုဖူးပါတယ်။ လူမင်းများ၊ နဂါးမင်းများတည်ခဲ့သော အံတော်စေတီကိုဖူးပါတယ်။ အဲဒီစေတီတော်ရင်ပြင်တော်ပေါ်ကိုတော့ အမျိုးသမီးများမတက်ရပါ။ တရုတ်ရိုးရာဗေဒ အရ ကျွန်တော်က နဂါးနှစ်ဖွားတဲ့၊ ထူးခြားတာက နဂါးတွေရှိတဲ့ စောင့်ရှောက်တယ်ဆိုတဲ့ဘုရားစေတီတော်တော်များများကို ကျွန်တော်ဖူးခွင့်ရတာပါပဲ။ မှတ်မိသလောက် အခုရှင်မျှော်ဘုရား၊ ကျိုက္ခမီရေလယ်ဘုရား၊ မော်တင်စွန်းဘုရား၊ မုဒုံမြို့ကနဂါးသိုက်ဘုရားနဲ့ အမည်သီးခြား မမှတ်မိတော့တဲ့ နဂါးရုံဘုရား၊နဂါးဘုရားတွေအများကြီးပါ။ ဘဝအဆက်ဆက်က နဂါးတွေနဲ့ဆွေမျိုးတော်ခဲ့လေသလားပဲနော်။

ဘုရားရင်ပြင်ပေါ်ကနေ ပင်လယ်ပြင်ကိုကြည့်ရှုငေးမောခံစားရင်း ဓာတ်ပုံတွေလည်းရိုက်ခဲ့ပါတယ်။ အပြန်မှာ ငါးဖမ်းစက်လှေတွေ၊ ရောင်စုံအလံတွေတဖြတ်ဖြတ်နဲ့ အလွန်လှပတာကြောင့် ကျောက်နီမော်မှာ ဓာတ်ပုံရိုက်ခဲ့ပါသေးတယ်။ လမ်းဘေးကိုကြည့်လိုက်တော့ ခပ်လှမ်းလှမ်းကကမ်းခြေမှာ သဲသောင်ဖြူဖြူဖွေးဖွေးကို မြင်ရပေမယ့် အချိန်နည်းနေလို့ ကမ်းစပ်ကိုဆင်းမကြည့်နိုင်၊ မခံစားနိုင်ခဲ့ပါ။

အပြန်မှာ လောင်းလုံမြို့က ''အိမ်လက်ရာ''ဆိုတဲ့ မြန်မာထမင်းဆိုင်လေးမှာ နေ့လယ်စာ စားကြတယ်။ နာမည်လေးပေးထားပုံကိုက သဘောကျစရာ။ ဆိုင်ထမင်းမစားချင်ဘဲ အိမ်ထမင်းဟင်းကိုတမ်းတသူများအတွက် ကွက်တိပဲ။ လောင်းလုံသစ်တောရုံးကို ခဏဝင်နားတော့ နေ့လယ်စာစားသွားပါဆိုပြီး အတင်းလိုက်ကျွေးလို့စားဖြစ်သွားတာပါ။ ထုံးစံအတိုင်း ငါးပုစွန်စုံလင်စွာနဲ့ ပင်လယ်စာဟင်းလျာများကိုချပေးပါတယ်။ ထားဝယ်ချက်လားမသိဘူး စားလို့အင်မတန်ခံတွင်းတွေ့ပါတယ်။ ထမင်းဆိုင်နားကဈေးတန်းမှာ ရှားပါးတဲ့ပြည်ကြီးငါးခြောက်အကြီးကြီး တွေကို တွေ့လို့ဝယ်ပြီး၊ မာလကာချဉ်ကိုမြည်းခဲ့ပါသေးတယ်။ အလုံးသေးသေးနဲ့ချဉ်တဲ့မာလကာသီးလေးတွေပါ။

အဲဒီကနေလောင်းလုံမြို့နယ်၊ မြို့ဟောင်း သာဂရရွာမှာတည်ရှိတဲ့ ရှင်ဇလွန်ဘုရားကိုသွားကြတယ်။ နောက်ရေဖြူမြို့နယ်သစ်တောရုံးခဏဝင်နားတယ်။ ရေး–ထားဝယ်ကားလမ်းဘေးက မိကျောင်းလျောင်ကျေးရွာမှာရှိတဲ့ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း(TNRP)ရုံးခွဲမှာ ခဏဝင်နားတယ်။ စခန်းရုံးခွဲထဲ လျှောက်လှေ့လာတော့ ကဗျာဆန်ဆန်စိတ်ကူးကောင်းကောင်းနဲ့လှလှပပပြုလုပ်ထားတဲ့ သစ်ခွခြံ၊ပရဆေးခြံတွေကိုတွေ့ရတယ်။အဆောက်အအုံတွေကသပ်သပ်ရပ်ရပ်နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပြခန်း၊ mini laboratory ၊သင်တန်းခန်းမ၊ စည်းဝေးခန်းမ၊ ဝန်ထမ်းနေအိမ်တွေနဲ့ ပျိုးဥယျာဉ်ကိုလည်း တွေ့ခဲ့ရတယ်။ လုပ်ခဲ့ကြတုန်းကတော့ လက်ရှိ လေ့ကျင့်ရေးနှင့် သုတေသနဌာနမှ ညွှန်ကြားရေးမှူးတို့လည်းပါတယ်ဆိုပဲ၊ အဓိကပင်မစခန်းကတော့ ကံဘောက်မှာရှိတယ်လို့ပြောတယ်။ အချိန်မလောက်လို့ မရောက်ခဲ့တော့ဘူး။ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းရုံးခွဲမှာ ညနေစောင်းအထိ နားနေပြီး၊ ထားဝယ်မှာ မနေ့ကတည်းက လက်မှတ်ဝယ်ထားတဲ့''ရွှေမန္တလေး'' မှန်လုံအမြန်ယာဉ်ကို ကလိန်အောင်ကားဂိတ်က တက်စီးပြီး ပဲခူးကိုပြန်ခဲ့ကြပါတယ်။

**အကောင်းကြိုက်နဲ့ကဗျာကယာမုန့်**

အပြန်လမ်းမှာ ကားကသဲဖြူကုန်းကျေးရွာ 'စွမ်းမြန်မာ'ဓာတ်ဆီဆိုင်မှာဆီဖြည့်တယ်။ သန့်ခေါင်ကို နေ့မှတ်ပါလို့ ဆိုတာလိုပါပဲ။ လျှပ်စစ်မီးတွေထိန်ထိန်ညီးနေတဲ့ဓာတ်ဆီဆိုင်ပါ။ အဆောက်အအုံလည်း ကြီးမားခန့်ထည်လှပပါတယ်။ တိုးတက်တဲ့လက္ခဏာတွေပေ့ါ။

လူတွေကတော့ ဘီလင်းမြို့နယ်က 'အကောင်းကြိုက်'စားသောက်ဆိုင်မှာ ဗိုက်ဖြည့်ကြတယ်။ 'ရိုးရာ' 'ကဗျာကယာမုန့်' ဆိုတဲ့ ဆိုင်းဘုတ်တွေတော့ သထုံမှာ တာဝန်ကျတုန်းက အဖြစ်အပျက်ကလေးတစ်ခုသတိရမိတယ်။ သထုံမြို့နယ် ကျိုက်ကော်/သိမ်ဆိပ်ကျေးရွာက ဘုန်းကြီးကျောင်းတစ်ကျောင်းကို အလှူပွဲသွားတုန်းကပေ့ါ။ ဧည့်ခံတဲ့နေရာမှာ ဦးဇင်းတစ်ပါးက'' ဒကာကြီးတို့သုံးဆောင်ကြပါ။ ဒီကဗျာကယာမုန့်လေးကောင်းတယ်။ ကုန်သွားပါစေ။ ဦးဇင်းတို့ကမနေ့မြောတတ်ဘူး၊ ကိုယ့်ဟာမှမဟုတ်ဘဲ''လို့ပြောတယ်။ နောက်မှသိရတာက အဲဒီဦးဇင်းက အာဂန္တုဖြစ်ပြီး။ ကျောင်းက ကိုယ်တော်မဟုတ်ဘူး။ ဒါ့ကြောင့် သူ့ဟာမဟုတ်လို့မနှမြောဘူးပြောတာ။ ကဗျာကယာမုန့်လေးမြည်းကြည့်တော့ ချိုအီဆိမ့်တာပဲ။ ကောင်းလှချည်လား။ ဘာတွေနဲ့လုပ်ထားတာလဲလို့မေးတော့ စားလို့ အရသာရှိမယ့်ဟာတွေအကုန်ထည့်ထားတာပဲ ကောက်ညှင်း၊ နို့ဆီ၊ သကြား၊ အုန်းသီး၊ ထောပတ်အစုံပဲ ဒကာကြီးရေတဲ့။ ကဗျာကယာလုပ်တာတောင်ဒီလောက်ကောင်းရင် အသေချာလုပ်ရင် ဆွေမျိုးမေ့လောက်တယ်။

အဲဒီ ဘီလင်းက ''အကောင်းကြိုက်''ဆိုင်မှာလည်း ထုကြီးထည်ကြီးသစ်ကိုင်းကြီးတွေနဲ့ စားပွဲကုလားထိုင်တွေ ပြောင်ပြောင်လက်လက်လှလှပပမြင်ရလို့ FB တင်လိုက်တာ မွန်ပြည်နယ်ညွှန်ကြားရေးမှူးက ပြာပြာသလဲနဲ့ Comment ပေးရှာတယ် ''နိုင်ငံခြားမျိုး Acacia သစ်တွေပါတဲ့။ အဖိုးတန်ပျဉ်းကတိုး၊ ပိတောက်တွေမပါ

ပါဘူးအစ်ကိုရယ်''တဲ့၊ ဒါကိုပဲ Friend တစ်ယောက်က ''မိုးပေါ်ထောင်ပစ်တာပါ၊ မကြောက်ပါနဲ့''တဲ့ အချင်းချင်း စနောက်နေကြတာလေ။

## ဒေသစလေ့၊ ပျော်မွေ့ဖွယ်ရာ

မြိတ်၊ ထားဝယ်ဘက်ရောက်တော့ ရောက်ရောက်ချင်းမှာဒေသခံတွေရဲ့စကားသံကို မကျက်မိတော့၊ နားမလည်ဘူး။ နောက်မှတဖြည်းဖြည်းနားလည်တာ။ စကားဝဲကြတာကိုး။ ပင်ကိုယ်အများအားဖြင့် ရိုးသားပွင့်လင်းကြပြီး အေးအေးဆေးဆေး နေထိုင်လိုကြတာ တွေ့ရပါတယ်။

စကားဝဲတာနဲ့ပတ်သက်ပြီး တစ်နယ်နဲ့တစ်နယ် စကားပြောကြရာဝယ် လေယူလေသိမ်း၊ စကားလုံးအသုံးအနှုန်းမတူကြတော့ သူဝဲတယ် ငါဝဲတယ်နဲ့ ငြင်းရတာကိုယ်တွေ့ကြုံဖူးပါတယ်။ ကျွန်တော့်ဇနီးက မြင်းခြံတောင်သာနယ်ကပါ။ ကျွန်တော်တို့ရန်ကုန်ဘက်က လူတွေရဲ့နားမှာတော့တစ်မျိုးပေါ့။ သူနဲ့ကျွန်တော်နဲ့ တစ်ခါတစ်ခါစကားနားမလည်ကြဘူး။ နေမကောင်းတာကို အနေဆိုးတယ်၊ ခရမ်းသီးကို ခရမ်းခေါင်းသီး၊ တို့ဟူးကို ချဉ်စော်ကား အဲဒီလိုမျိုးဝေါဟာရမတူကြဘူး၊ နောက်မှ တဖြည်းဖြည်းသိသွားတာ။

သထုံတုန်းက တပည့်လေးတွေကို အမျိုးသမီးကနင်တို့စကားပြောတာ ဝဲတယ်၊ ငါနားမလည်ဘူးလို့ပြောတော့ ကောင်လေးတွေက ဘာပြန်ပြောတယ်ထင်လဲ။ ကျွန်တော်တို့ကမဝဲဘူး၊ အစ်မကဝဲတာတဲ့ မှတ်ကရော။ အမှန်တော့တစ်ယောက်တစ်မျိုးစီ ဝဲကြတာကို။

အဲဒီတုန်းက ခေတ်စားခဲ့တဲ့ 'အာရှလမ်းမကြီး'ဆိုတာကို'အာစလမ်းမကြီး'၊ 'ကိစ္စမရှိဘူး'ကို 'ကိစ္စမစိဘူး' အဲ့လိုပြောကြတာလေ။ ရှမ်းတွေစကားဝဲတာ၊ ရခိုင်တွေစကားဝဲတာ၊ ယောနယ်ဘက်၊ အင်းတော်၊ ကသာဘက်က စကားဝဲတာတွေကြုံဖူးပါတယ်။

ဒေသန္တရမျိုးစုံရောက်ဖူးမှ ဒီလိုအတွေ့အကြုံတွေရတာ၊ သစ်တောဌာနကျေးဇူးနဲ့ နိုင်ငံအနှံ့အပြားနေရာတော်တော်များများကို ရောက်ဖူးခဲ့တာမို့ ဌာနကိုကျေးဇူးတင်ရပါတယ်။

## ခံစားနားလည်၊ အသိကြွယ်

ခရီးတွေများများသွားဖူး၊ အတွေ့အကြုံများများကို ဖြတ်သန်းဖူးပါမှ စာအုပ်တွေဖတ်တဲ့အခါ၊ တီဗွီကြည့်တဲ့အခါ၊ ဟောပြောပွဲတွေနားထောင်တဲ့အခါ အရသာရှိရှိပိုမိုခံစားရပါတယ်။ ကျွန်တော်တို့ဗုဒ္ဓဂါယာဘုရားဖူးပြီး ပြန်လာမှ သီတဂူဆရာတော်ကြီးတရားဟောတဲ့ထဲပါတဲ့ 'ဥရုဝေလတော'တို့'မိဂဒါဝုန်တော' တို့ကိုကွက်ကွက်ကွင်းကွင်းမြင်ပြီး ခံစားနားလည်ရပါတယ်။ ဒီလိုပါပဲ ကျွန်တော်မြိတ်ခရီးစဉ်က ပြန်လာပြီး(၂၃-၁၂-၁၇)နေ့ နေ့လယ် ၁၂နာရီကျော်ကျော်မှာ အိမ်ကတီဗွီမှာ ဂျပန်ကာတွန်းကားလေး ကြည့်ရတယ်။ 'ပွန်ညို့နဲ့ဆူမီယို'ဆိုတဲ့ဇာတ်ကောင်လေးတွေပါတယ်။ တစ်ယောက်က လူကလေး၊ နောက်တစ်ဦးက ငါးကလေး၊ ဇာတ်လမ်းထဲမှာ ကျွန်တော်တို့ငယ်ငယ်က ကစားခဲ့ကြတဲ့ ဖယောင်းတိုင်ထွန်းပြီးမောင်းတဲ့သတ္တုမော်တော်ဘုတ် လေးလဲပါတယ်။ ဇာတ်လမ်းထဲမှာ အလျဉ်းသင့်သလို ငါးအမျိုးအမည်တွေဖော်ပြသွားတယ်။ ငါးမျိုးစုံ၊ ပင်လယ်ရေကြောင်းသွားလာကြပုံ၊ ဒီရေတောတွေ၊ ကျွန်းတွေလည်းပါတယ်၊ မေတ္တာတရားကိုဖော်ကျူးတယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးတည်ချက်လည်းပါတယ်။ တော်တော်ကြည့်လို့ကောင်းတယ်။ ကာတွန်းရုပ်လေးတွေက သပ်သပ်ရပ်ရပ်လှလှပပလေးတွေနဲ့ အသက်ဝင်လှုပ်ရှားတယ်။

အသက်(၆၀)ကျော် အဖိုးလေးက သူငယ်ပြန်နေတာ မဟုတ်ဘူး။ တကယ်ကြည့်လို့ကောင်းတယ်၊ ရင်ထဲမှာ ဟတ်ထိအောင်ခံစားရတယ်။ ကိုယ်တိုင်လည်း ပင်လယ်ပြင်ထဲက ကျွန်းတွေ၊ speed boat တွေ၊ ငါးဖမ်းစက်လှေတွေ၊ ဒီရေတောတွေကို မကြာသေးခင်ကမှ နီးနီးကပ်ကပ်မြင်ခဲ့ရတာဆိုတော့ ပိုပြီးခံစားလို့ကောင်းတယ်။ ကျွန်တော်ပြောချင်တဲ့ပွိုင့် (အဓိကအချက်)က ဒါပါပဲ။

ကျွန်တော်ဖူးခဲ့တဲ့ ဘုရားဖူးကုသိုလ်၊ လှူဒါန်းခဲ့တဲ့ ဒါနကုသိုလ်တို့ကို ခရီးစဉ်အတွင်း ကူညီခဲ့ကြတဲ့ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး၊ မြိတ်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနဲ့အဖွဲ့သားများအားလုံး၊ တခြား ကျေးဇူးတင်ထိုက်သူအားလုံးနဲ့ စာရှုသူမိတ်ဆွေအပေါင်းတို့အား ပတ္တိဒါနလိုက်လှဲပျူငှာအမျှပေးဝေပါတယ်။ မေတ္တာနုမောဒနာဝမ်းမြောက်ကြည်သာ သာဓုခေါ်တော်မူကြပါခင်ဗျား။ ။





# ဂေဟဗေဒဆိုသည်မှာ (၅)

ဒေါက်တာမောင်မောင်သန်း

ယခင်အပတ်က အစုအဖွဲ့ဆိုင်ရာ ဂေဟဗေဒ(Community Ecology) နှင့်ပတ်သက်သည့် သိသင့်သိထိုက်သည့်အခြေခံအချက်များကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုအပတ်တွင် သဘာဝသယံဇာတရင်းမြစ်ဆိုင်ရာ ဂေဟဗေဒ (Natural Resource Ecology)နှင့် ပတ်သက်သည့် အကြောင်းများကို ဆက်လက်ဆွေးနွေးသွားပါမည်။

သဘာဝသယံဇာတဆိုသည်မှာ သဘာဝအတိုင်းတွေ့ရပြီး လူတို့၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်သော သစ်တော၊ တွင်းထွက်ပစ္စည်းများ၊ ရေချိုအစရှိသည်တို့ဖြစ်သည်ဟု ဖွင့်ဆိုကြပါသည်။ သဘာဝသယံဇာတများကို နှစ်မျိုးခွဲခြားနိုင်ပါသည်။ တစ်မျိုးမှာ အသစ်တစ်ဖန်ပြန်လည်ပြုလုပ်၍ရသော သယံဇာတ(Renewable resources)နှင့် နောက်တစ်မျိုးမှာ အသစ်တစ်ဖန်ပြန်လည်ပြုလုပ်၍မရသောသယံဇာတ(Non-renewable resources)တို့ ဖြစ်ပါသည်။

သစ်တောသစ်ပင်၊ စိုက်ပျိုးရေးသီးနှံပင်၊ တိရစ္ဆာန်စသည်တို့မှာ ဇီဝစက်ဝန်းလည်ပတ်မှု(Life cycle)ရှိသဖြင့် ပြန်လည်အစားထိုးနိုင်သည်။ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ပါသည်။ အဆိုပါသယံဇာတများကို အသစ်တစ်ဖန်ပြန်လည်ပြုလုပ်၍ရသော သယံဇာတဟုဆိုပါသည်။ အချို့သယံဇာတများသည်ဇီဝစက်ဝန်းလည်ပတ်မှုမရှိသော်လည်း ပြန်လည်ပြုပြင်အသုံးချ (Recycle)၍ ရပါသည်။ ဥပမာ–ရေသယံဇာတဖြစ်ပါသည်။ ၎င်းကိုလည်း အသစ်တစ်ဖန်ပြန်လည်ပြုလုပ်၍ရသော သယံဇာတဟုပင်သတ်မှတ်ကြပါသည်။

အသစ်တစ်ဖန်ပြန်၍လည်းမပြုလုပ်နိုင်၊ ပြန်လည်ပြုပြင်အသုံးချ၍လည်း မရသောသယံဇာတမျိုးကို အသစ်တစ်ဖန်ပြန်လည်ပြုလုပ်၍မရသော သယံဇာတဟုခေါ်ပါသည်။ တွင်းထွက်သယံဇာတများဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးအစရှိသည်တို့ဖြစ်ကြပါသည်။ မြေဆီလွှာသည်လည်း ဖြစ်ပေါ်ဖွဲ့စည်းမှုအတွက် နှစ်ပေါင်းများစွာကြာသဖြင့် ဤအုပ်စုတွင်ပင်ထည့်သွင်း ဖော်ပြကြပါသည်။ (Renewable resources)နှင့်(Non-renewable resources) နှစ်မျိုးစလုံးသည် လူသားတို့အတွက် အစားအစာ၊ ဆေးဝါး၊ အဝတ်အစား၊ နေထိုင်ရန်အဆောက်အဦး၊ လောင်စာနှင့်အခြား လိုအပ်သည့်ပစ္စည်းများတို့ကို အထောက်အကူပေးသဖြင့် လူသားများသည် ဤကမ္ဘာဂြိုဟ်ပေါ်တွင် ရှင်သန်ရပ်တည်နိုင်နေခြင်းပင်ဖြစ်ပါသည်။

သဘာဝသယံဇာတများကို မကုန်ခမ်းနိုင်သော သယံဇာတ (Inexhaustible resource)နှင့် (Exhaustible resource)ဟူ၍ ထပ်မံခွဲခြားနိုင်ပါသေးသည်။ အချို့သယံဇာတများသည် လူသားတို့ပယောဂကြောင့် ကုန်ခမ်းသွားခြင်းမရှိသည့်အပြင် ပေါများစွာလည်းရနိုင်ပါသည်။ နောင်နှစ်သန်းပေါင်းများစွာထိတိုင် ပေါပေါများများရမည်ဟု မျှော်လင့်နိုင်သည့် သယံဇာတများကို မကုန်ခမ်းနိုင် သော သယံ ဇာတများဟုဆိုပါသည်။ နေစွမ်းအင်၊ အဏုမြူ စွမ်းအင်၊ လေ၊ ဒီရေစသည်တို့သည် မကုန်ခမ်းနိုင်သော သယံဇာတများဖြစ်ကြပါသည်။ အသစ်တစ်ဖန်ပြန်လည် ပြုလုပ်၍ရသော သယံဇာတများကို မကုန်ခမ်းနိုင်သောသယံဇာတများဟုပင် ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါသယံဇာတများကို စနစ်တကျစီမံခန့်ခွဲပြီး ပြန်လည်ထုတ်လုပ်နိုင်၍ ဖြစ်ပါသည်။ ထိန်းသိမ်းထား၍ရနိုင်သော သယံဇာတများလည်းဖြစ်ပါသည်။ စနစ်တကျ စီမံခန့်ခွဲမှုမရှိလျှင် အချို့သယံဇာတများ(ဥပမာ–သစ်တော) သည်လည်း ပြုန်းတီးသွားနိုင်ပါသည်။

ရေနံ၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့အစရှိသည်တို့သည် ဤကမ္ဘာဂြိုဟ်တွင် အကန့်အသတ်နှင့်သာ တည်ရှိနေသဖြင့် ၎င်းတို့ကို (Exhaustible resources)ဟုခေါ်ပါသည်။ တွင်းထွက်သတ္တုများ၊ မြေကြီးနှင့် မြေဆီလွှာသယံဇာတများ အကြောင်းကို အနည်းငယ်ဖော်ပြလိုပါသည်။ တွင်းထွက်သတ္တုများတွင်အော်ဂဲနစ်နှင့် အင်အော်ဂဲနစ်ဝတ္ထုနှစ်မျိုးစလုံးအကျုံးဝင်ပါသည်။ တွင်းထွက်သတ္တုများဖြစ်သည့် သံ၊ကြေးနီ၊ အလူမီနီယမ်၊ ရေနံ၊ ကျောက်မီးသွေးအစရှိသည်တို့သည် စက်မှုလုပ်ငန်းများအတွက် အထူးအသုံးဝင်ပါသည်။ လူ့ယဉ်ကျေးမှုခေတ်ဦး ကာလကပင် လူသားသည် တွင်းထွက်သတ္တုများကို စတင်သုံးစွဲခဲ့ကြပါသည်။ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ (Non-renewable resources) အသုံးပြုမှုသည်ပိုမိုများပြားလာပြီး အဆိုပါ သယံဇာတများလည်း တစ်နေ့တစ်ခြား ကုန်ခမ်းလာပါတော့သည်။

လူဦးရေတစ်နေ့တစ်ခြား တိုးတက်လာသည်နှင့်အမျှမြေကြီးသယံဇာတသည်လည်း အရေးပါလာပါသည်။ မြေသယံဇာတသည်လည်း လူသားများအတွက် အခက်အခဲဖြစ်လာပါသည်။ မြို့ပြများစက်မှုဇုန်များတိုးချဲ့တည်ထောင်လာမှုတို့ကြောင့်လယ်ယာစိုက်ပျိုးမြေများကျဉ်းမြောင်းလာပါသည်။ အချို့နေရာများတွင် စိုက်ပျိုး

ရေးမြေများချဲ့ထွင်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသစ်တောမြေများလျော့နည်းသွားပါသည်။ ကဏ္ဍအလိုက် ရှိသင့်ရှိထိုက်သည့်မြေဧရိယာအမျိုးအစားများမရှိလျှင် ရေရှည်တွင်ဂေဟာစနစ်တည်ငြိမ်ရေးအထိ ထိခိုက်လာတတ်ပါသည်။ ထို့ကြောင့် သင့်တော်မှန်ကန်သည့်မြေအသုံးချမှုမူဝါဒ(Land- use policy)သည် နိုင်ငံတိုင်း အတွက် အရေးကြီးပါသည်။ ဘက်ပေါင်းစုံမြေအသုံးချမှုမူဝါဒ(Integrated land use policy)ကို ဆောင်ရွက်သင့်သည်ဟု ပညာရှင်များကအကြံပြုကြပါသည်။

မြေဆီလွှာသည်လည်း လူသားများအတွက် အဖိုးမဖြတ်နိုင်သောသယံဇာတဖြစ်ပါသည်။လူသားများအတွက် စားစရာ၊ ဝတ်စရာနှင့်နေစရာများ ပံ့ပိုးပေးသည့် သီးနှံပင်များနှင့် သစ်တောသစ်ပင်များသည် ဤမြေဆီလွှာကို အမှီပြု၍ပေါက်ကြရပါသည်။ မြေဆီလွှာဖွဲ့စည်းဖြစ်တည်လာမှုသည် နှစ်ပေါင်းများစွာ ကြာမြင့်သဖြင့် မပျက်စီးသွားရန်သတိထားဖို့အလွန်လိုအပ်ပါသည်။ ယနေ့ခေတ်တွင် သစ်တောကြီးများပြုန်းတီးမှု၊ လေနှင့်ရေတိုက်စားမှုတို့ကြောင့် မြေဆီလွှာသည် ပျက်စီးမှုများလာပါသည်။ လူ့ပယောဂဖြစ်သည့် အလွန်အကျွံစားကျက်ချမှု၊ ရေသွင်းစိုက်ပျိုးရေးစနစ်၊ သီးထပ်သီးညှပ်စိုက်ပျိုးနည်းစနစ်အမှားများ၊ ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေး အသုံးပြုမှုများသည်လည်း မြေဆီလွှာ၏အရည်အသွေးကို ထိခိုက်စေသည်ဟု သုတေသီများကဆိုကြပါသည်။

ယခုအခါတွင် နည်းပညာတိုးတက်လာမှုတို့ကြောင့် မြေပေါ်မြေအောက်သာမက ရေပေါ်ရေအောက်သယံဇာတများကို ထုတ်ယူလာနိုင်ခဲ့ကြပါပြီ။ အထူးသဖြင့် ရေအောက်မှမြေကြီးထဲသို့တူးကာ ရေနံနှင့်သဘာဝဓာတ်ငွေ့သယံဇာတများကို ထုတ်ယူအသုံးပြုနေကြပြီဖြစ်ပါသည်။ နိုင်ငံတိုင်း၏အကျိုးစီးပွားဖွံ့ဖြိုးမှုသည် စွမ်းအင်၊ အထူးသဖြင့် Non-renewable resources မှရသောစွမ်းအင်ကို မှီခိုအားထားနေရသောကာလဖြစ်ပါသည်။ ပညာရှင်များကလည်း ရှင်းလင်းဖော်ပြချက်ပုံစံအမျိုးမျိုး(Mode-ilings)တို့ဖြင့် အဆိုပါသယံဇာတကို အကောင်းဆုံး ဘယ်ပုံဘယ်နည်း စီမံအုပ်ချုပ်သင့်သည်တို့ကိုတင်ပြခဲ့ကြပါသည်။ မူဝါဒဆုံးဖြတ်ချက်ချသူများက ကာလ၊ ဒေသကိုကြည့်ပြီးဆုံးဖြတ်ရန်သာရှိပါသည်။ အဆိုပါ သယံဇာတကုန်ခမ်းသွားလျှင် ဂေဟာစနစ်ပေါ်တွင်လည်းကောင်း၊ ယင်းသယံဇာတပေါ်မှီခိုနေသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကိုလည်းကောင်း တစ်စုံတစ်ရာသောအတိုင်းအတာထိ သက်ရောက်နိုင်သည်မှာသေချာပါသည်။

လာမည့်လများတွင်လည်း ဂေဟာဗေဒနှင့်ပတ်သက်သည့်သိသင့်သိထိုက်သည်များကို ဆက်လက်တင်ပြသွားပါမည်။

## ''ဟဲ---ဟဲ---ဒါလေးများ---(၅) အဖြေမှန်များ''



၁။ (၁) (က)ဇီဝမျိုးစုံ
(၂) (က)သစ်တောသယံဇာတအရင်းအမြစ်များ
(၃) (က)လောင်စာ
(၄) (က)အပြည့်အဝ
(၅) (က)သစ်တောများပြုစုထိန်းသိမ်းရေး
(၆) (က)အဓိကအခန်း

၂။ (၁) (က)ကျေးဇူးသစ္စာ
(၂) (က)လေးစားလိုက်နာ
(၃) (က)အလေးထား၍
(၄) (က)ပစ္စည်းများ (ခ)ဘဏ္ဍာငွေ
(၅) (က)ရိုးသားဖြောင့်မတ်စွာ
(၆) (က)ကျေပွန်စွာ
(ခ)လုပ်ငန်းကျွမ်းကျင်မှု
(ဂ)အရည်အချင်း
(၇) (က)စည်းကမ်းများ
(ခ)အမိန့်
(ဂ)ညွှန်ကြားချက်များ
(၈) (က)ပျက်ပြားခြင်း
(ခ)ကင်းမဲ့စွာပြုမူနေထိုင်ခြင်း
(၉) (က)လုပ်ပိုင်ခွင့်
(ခ)ကိုယ်ကျိုးရှာခြင်း
(ဂ)ရှောင်ကြဉ်
(၁၀) (က)ဝင်ငွေမှတစ်ပါး
(ခ)အခြားဝင်ငွေရှာခြင်း
(၁၁) (က)အကြွေးကျန်
(၁၂) (က)ယာဉ်များ
(ခ)ချွေတာစွာ
(၁၃) (က)အမှုတွဲများ
(ခ)မသက်ဆိုင်သူများ
(ဂ)ကူးယူစေခြင်း
(၁၄) (က)လုံခြုံရေးအဆင့်
(ခ)လျှို့ဝှက်ချက်များ

# သူတို့နားခိုရာ . . .ဘုရားအရိပ်ပါ

မေ (သစ်တောတက္ကသိုလ်)




ဟံမြင့်မိုရ်မှ ၆မိုင်အကွာရှိ ရှမ်းပြည်နယ်မှ ကြိုဆိုပါ၏ ဆိုင်းဘုတ်




မြို့ကြီးရွာအဝင် ဆိုင်းဘုတ်



မြို့ကြီးတောရကျောင်းတည်ရှိရာကေလာသတောင်ပေါ်မှ မြင်တွေ့ရသော သဘာဝတောတောင်ရှုခင်း

''ကျောင်းဥပစာတောမှ သစ်ဝါးခုတ်ခြင်းနှင့်တိရစ္ဆာန်များကို ဖမ်းယူသတ်ဖြတ်ခြင်းမပြုရ။ တွေ့ရှိကအရေးယူမည်'' အခိုင်အခန့်ပြုလုပ်ထားသည့် အင်္ဂတေအုတ်ဘုတ်တိုင်ပေါ်တွင် ထွင်းထုထားသည့် စာကိုဖတ်ပြီး ကျွန်မအတော်လေး စိတ်လှုပ်ရှားမိသွားသလို ဒီစာကို ဘယ်သူရေးထားလဲဆိုတာကို သိချင်စိတ်အလွန် ပြင်းပြသွားသည်။ ကျမရောက်ရှိနေတဲ့နေရာကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပိုင် ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာတွင် တည်ထားကိုးကွယ်ဆောက်လုပ်ထားသည့် မြို့ကြီးတောရကျောင်းရှေ့အဝင် လမ်းဘေးတွင် ဖြစ်ပါသည်။ မြို့ကြီးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့ ထိစပ်နေသည့်နေရာဖြစ်ပြီး အတိအကျဆိုပါ က မန္တလေး–ရန်ကုန်ကားလမ်းဟောင်းပေါ်မှ အရှေ့ဘက်လားရာသို့ ဖောက်လုပ်ထားသည့် ဟန်မြင့်မိုရ်–ရွာငံကားလမ်းမ၊ မိုင်တိုင်အမှတ် ၁၅ အနီးဖြစ်သည်။ ရှမ်းပြည်နယ်ဟုဆိုသော်လည်း မြေပြန့်နှင့် ပိုပြီးနီးကပ်သဖြင့် ရာသီဥတုမှာ အညာဒေသအတိုင်းသာဖြစ်နေသည်။

ကျွန်မ ဒီနေရာကိုရောက်ရှိလာရတဲ့အကြောင်းကတော့ ကျွန်မ၏ မိတ်ဆွေ၊ ရောဝတီသတင်းဂျာနယ်သတင်းထောက်တစ်ဦးမှ မြို့ကြီးတောရကျောင်းတွင် ဒေသအခေါ် မျောက်ညိုဟုခေါ်သည့် မျောက်များကိုတွေ့ရကြောင်း၊ ကျွန်မလေ့လာလျက်ရှိသော မျောက်အမျိုးအစားများနှင့် တူနိုင်ကြောင်း ဖုန်းဖြင့်အသိပေးသဖြင့် ကျွန်မလည်း စိတ်ဝင်စားစွာဖြင့် ရောက်ရှိလာခဲ့ရခြင်းဖြစ်သည်။ နွေရာသီတန်ခူးလ၊ သင်္ကြန်ရက်အလွန်ကာလဖြစ်သောကြောင့် ပူပြင်းလှသည့်အညာဒေသအပူဒဏ်ကို ကြုံဖူးကြသူတိုင်း မှန်းဆကြည့်နိုင်ပါသည်။ ဒါပေမဲ့ မြို့ကြီးရွာအရောက် ဟန်မြင့်မိုရ်–ရွာငံကားလမ်းမှဖဲ့ထွက်၍ အနောက်တောင်ဘက်သို့ ဦးတည်နေသည့် တောရကျောင်းအဝင်လမ်းလေးပေါ်ရောက်သည်နှင့် အေးမြမှုကို စတင်ခံစားလိုက်ရသည်။ သန်းနှင့်ဒဟတ်ပင်တို့ ရောယှက်အုပ်မိုးထားသည့် လမ်းလေးက နွေ၏အပူဒဏ်ခံစားလာရသည့်သူတိုင်းကို အေးမြစေပါသည်။ လမ်းဆုံး၍ တောရကျောင်းထဲရောက်တော့ ပို၍ပင်အေးမြသွားသည်။ ကျောင်းဝင်းထဲမှာလည်း အတော်အတန်ကြီးမားလှသည့်



မြို့ကြီးကျောင်းထိုင်ဆရာတော်ဘုရားကြီး၏ သတိပေးတားမြစ်ချက်



လသားအရွယ်သားငယ်နှင့်အတူတွေ့ရသော ရှားပါးမျောက်မျက်ကွင်းဖြူ



ဘုရားအရိပ်တွင်အေးချမ်းစွာအိပ်မောကျနေသည့် ရှားပါးစာရင်းဝင်မျောက်မျက်ကွင်းဖြူများ

သန်း၊ ဒဟတ်၊ယင်းမာ၊ မန်ကျည်းစသည့် သဘာဝအတိုင်းပေါက်ရောက်နေသည့် အပင်ကြီးများအပြင် စားပင်သီးပင်များဖြစ်သည့် သရက်၊ပိန္နဲ၊သဘော်ပင်စသည့် အပင်များစွာကိုတွေ့ရသည်။ ကျောင်းဝင်းအတွင်း နေပြောက်ပင်သိပ်မထိုးနိုင်သဖြင့် ဘယ်လောက်တောင်မှ အေးချမ်းမှုရသည်ကိုတွေးကြည့်ယုံနှင့်ပင် သိနိုင်ပါသည်။ ကျောင်းဝင်းထဲရောက်သည်နှင့် ကျွန်မနှင့်အတူလိုက်လာပေးသည့် ကျွန်မ၏သူငယ်ချင်းလည်းဖြစ် ဒေသခံတစ်ဦးလည်း ဖြစ်သည့် ကိုဆန်းထွန်းက ဦးဆောင်၍ ကျောင်းရှိဆရာတော်များနှင့် ဦးဇင်းတချို့ကို ကျွန်မတို့လာရောက်ရသည့် အကြောင်းကို လျှောက်တင်ပါသည်။ ကျွန်မတို့ လျှောက်နေဆဲပင် ဦးဇင်းငယ်တစ်ပါးက ''ဟော--ဟော ဟိုမှာ--မျောက်ညိုတွေ--ဟို ကျောင်းဆောင်နားမှာရောက်နေကြပြီဒကာမကြီးတို့ ကံကောင်းတယ်-- ဝေးဝေးတောင်သွားကြည့်စရာမလိုဘူး''ဟုဆိုပြီး ကျွန်မတို့အဖွဲ့ထိုင်နေသည့်နေရာမှ ပေ ၅၀လောက်အကွာရှိ ကျောင်းဆောင်တစ်ခုဆီသို့ လက်ညှိုးထိုးပြသည်။ ကျွန်မလည်း ဝမ်းသာအားရစွာဖြင့် အသင့်ယူလာသည့် ကင်မရာကိုကောက်ယူ၍ ဦးဇင်းငယ်ညွှန်ပြရာသို့ အလောတကြီးပြေးထွက်လိုက်သည်။ အနည်းငယ်အိန္ဒြေပျက်သွားမိ၍လားမသိ ကျွန်မတို့နှင့် စကားပြောနေသော ဆရာတော်က ''ဖြည်း--ဖြည်း--ဒကာမကြီး-- ဘာမှ မပူနဲ့ ဒီမျောက်တွေက ဘုန်းကြီးတို့ကျောင်းထဲမှာပဲ နေနေကြတာ-- ဘယ်မှထွက်မပြေးဘူး-- အေးအေးဆေးဆေးရိုက်လို့ရတယ်'' ဟုပြောလိုက်မှကျွန်မလည်း ကိုယ်ရှိန်ကိုသတ်လိုက်ရသည်။

အိုး--ကြည့်ပါအုံးကျောင်းဆောင်တစ်ခုရဲ့ အုတ်ရေကန်ဘေးရှိ မန်ကျည်းပင်၊ မယ်ဇလီပင်၊ ဒဟတ်ပင်ကိုင်းများ၊ခွဆုံများတွင် ထိုင်နေကြသည့်မျောက်မျက်ကွင်းဖြူအကြီးအသေးအကောင်ပေါက်စ စုစုပေါင်း အကောင်(၃၀)ခန့်ကို ကျွန်မအံ့သြကြီးများစွာ အနီးကပ်တွေ့လိုက်ရသည်။ အဆိုပါအုပ်စုအတွင်းမှ ရွှေဝါရောင်အရောင်အဆင်းရှိသော မျောက်ပေါက်စလေးတစ်ကောင် (ဒေသအခေါ် မျောက်သူငယ်)ကို ကျွန်မအံ့သြဝမ်းသာစွာ တွေ့လိုက်ရပါတော့သည်။ ကျွန်မလွန်ခဲ့သော (၄)နှစ်ခန့်မှစတင်၍ ဒီလိုအရောင်အသွေးလှပလှသည့် မျောက်မျက်ကွင်းဖြူပေါက်စလေးများကို ကိုယ်တိုင်ကိုယ်ကျ ဓာတ်ပုံရိုက်လိုလှသဖြင့် အချိန်အကုန်ကျခံ၊ ငွေကုန်ကြေးကျခံ၍ မျောက်မျက်ကွင်းဖြူများတွေ့ရသော ပုပ္ပါးတောင်မကြီး၊ အလောင်းတော်ကဿပဥယျာဉ်များသို့ သွားရောက်ခဲ့သော်လည်း ဓာတ်ပုံရိုက်ဖို့မပြောနှင့် မြင်ပင်မမြင်ခဲ့ရဘူးပါ။ အခုတော့ အလွန်လွယ်ကူစွာပင် မိမိရှေ့လက်တစ်ကမ်းတွင်တွေ့လိုက်ရသဖြင့် ကျွန်မဖော်မပြတတ်လောက်အောင်ဝမ်းသာသွားသည်။ ကျွန်မ တောရကျောင်းဝင်းအတွင်း နေရာသုံးနေရာခန့်ရွှေ့ပြောင်း၍ မျောက်မျက်ကွင်းဖြူများသဘာဝအတိုင်း နေထိုင်သွားလာစားသောက်မှုပုံစံအမျိုးမျိုးကို နေ့တစ်ဝက်ခန့် စိတ်ကြိုက်ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။ တောရကျောင်းဝင်းအတွင်း ရွှေဝါရောင်မျောက်ပေါက်စလေး(၄)ကောင်အပါအဝင် စုစုပေါင်းအကောင်(၁၀၀)ခန့် တွေ့ခဲ့ရသည်။ တောရကျောင်းတွင်ဝေယျာဝစ္စများ ဆောင်ရွက်ပေးလျက်ရှိသည့် ဦးကြီးများကကျောင်းဝင်းတောင်ဘက်တွင်လည်း မျောက်မျက်ကွင်းဖြူများရှိသေးကြောင်းပြောသော်လည်း ဓာတ်ပုံများစွာကို ရိုက်ယူခဲ့ပြီးဖြစ်၍ ကျွန်မသွားမကြည့်ဖြစ်ခဲ့ပါ။ ကျောင်းဝင်းဧရိယာအတွင်း မျောက်ကောင်ရေ စုစုပေါင်း(၂၀၀)ခန့်ရှိကြောင်း သိရှိရသည်။ အဆိုပါမျောက်များသည် တောရကျောင်းဝင်းအတွင်း လွန်ခဲ့သောနှစ်(၂၀)ခန့်မှစတင်၍ ဝင်ရောက်နေထိုင်ကျက်စားခဲ့ပြီး ပြီးခဲ့သော(၅)နှစ်ခန့်တွင် ပိုမိုများပြားလာကြောင်း သိရှိခဲ့ရသည်။

ကျွန်မတို့ဓာတ်ပုံများ စိတ်ကြိုက်ရိုက်ကူးပြီးချိန်တွင်တိုက်ဆိုင်စွာပင် သက်တော်(၈၈)နှစ်၊သိက္ခာတော်(၆၈)ဝါရှိပြီဖြစ်သော ကျောင်းထိုင်ဆရာတော် ဦးဘဒ္ဒန္တသောဘိတအပြင်မှ ပြန်လည်ကြွရောက်လာသဖြင့် ဆရာတော်၏စံကျောင်းသို့ ကျမတို့သွားရောက်ဖူးခဲ့ကြသည်။ ဆရာတော်သည် ထိုနယ်တစ်ဝိုက်တွင် တန်ခိုးသြဇာရှိသော ဆရာတော်တစ်ပါးဖြစ်ပြီး သာသနာ့လုပ်ငန်းအပြင် သဘာဝတောတောင်ထိန်းသိမ်းရေးကိုလည်း အထူးတလည် လုပ်ဆောင်နေသောဆရာတော်တစ်ပါးဖြစ်ကာ တောရကျောင်းအဝင်လမ်းဘေးတွင် ရေးထားသည့် သတိပေးအင်္ဂတေဘုတ်တိုင်သည် ဆရာတော်မှစေခိုင်းလုပ်ဆောင်ထားခြင်းဖြစ်ကြောင်းသိရှိရသည်။ ကျွန်မအင်္ဂတေဘုတ်တိုင်ပေါ်ရှိ စာသားပိုင်ရှင်ကို သိလိုက်ရပြီဖြစ်ပါသည်။ သက်တော်ကြီးပြီဖြစ်သောဆရာတော်သည် အကြားအာရုံအနည်းငယ်ချို့တဲ့နေပြီ ဖြစ်၍ ကျွန်မလည်း ဆရာတော်ကျောင်းမှကပ္ပိယကြီး၏ အကူအညီဖြင့် ဆရာတော်ကြီးအနေဖြင့် ယခုကဲ့သို့တောတောင်သဘာဝများကို ထိန်းသိမ်းစောင့်ရှောက်ပေးထားပြီး သားငှက်တိရစ္ဆာန်များ ဘေးအန္တရာယ်ကင်းရှင်းစွာနေထိုင်ကျက်စားနိုင်ရန်နေရာကိုဖန်တီးပေးထားသဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း လျှောက်ထားကာ လှူဖွယ်ဝတ္ထု ဆပ်ကပ်၍ တောရကျောင်းဝင်းအတွင်းမှ ပြန်ထွက်လာခဲ့သည်။

မြို့ကြီးတောရကျောင်းသည် တောင်ညိုမတောင်(ဒေသအခေါ် ကေလာသတောင်)ခြေတွင်တည်ရှိပြီး အဝေးမှ လှမ်းကြည့်ပါက တောရကျောင်းပတ်ဝန်းကျင်သည်အတော်ကြီးမားသည့် သန်း၊ ဒဟတ်ပင်များ သိသာစွာပင်အုပ်ဆိုင်း၍ ကျေးငှက်တိရစ္ဆာန်တို့ ဘေးအန္တရာယ်ကင်းရှင်းစွာ စံပျော်နေနိုင်ရာ ဘေးမဲ့တောတစ်ခုကဲ့သို့ ဖြစ်နေတော့သည်။ ကျောင်းဝင်းဧရိယာတွင်လည်း ရေထွက်များရှိပြီး အဆိုပါရေထွက်များကို ဆရာတော်၏လမ်းညွှန်မှုဖြင့်ရွာသူရွာသားများက စနစ်တကျစောင့်ရှောက်သွယ်တန်း

ထားကာ တောရကျောင်းတွင် အမြဲနေထိုင်သူများနှင့် တကွ လာရောက်ကြသည့် ဧည့်သည်များအတွက် တစ်နှစ်ပတ်လုံးလုံလောက်စွာ သုံးစွဲနိုင်ကြောင်းတွေ့ရသည်။

ကျွန်မတို့ တောရကျောင်းမှအပြန်တွင် မြို့ကြီးရွာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးနှင့်တွေ့ဆုံ၍ ကျေးရွာဆိုင်ရာ သတင်းအချက်အလက်အချို့ကို မေးမြန်းခဲ့သည်။ တောရကျောင်းနှင့်ပတ်သက်၍ အုပ်ချုပ်ရေးမှူးက ''ဟုတ်တယ်ဆရာမရေ-- ဆရာတော်ကြီးက ဒီတောဒီတောင်ကြီးကို သိပ်ချစ်တာ-- အခုလည်း ကေလာသတောင်အပြင် ဟောဟိုဘေးနားကတောင်တွေမှာလည်း တောတွေမခုတ်ဖို့-- ဝိုင်းဝန်းထိန်းသိမ်းကြဖို့ခိုင်းထားလို့ ကျွန်တော်လည်း ရွာကိုပြောပြီး ကြပ်ကြပ်မတ်မတ်လုပ်နေကြရတယ်ဗျ''ဟုဆိုကာ တောရကျောင်းရှိရာ ကေလာသတောင်ဘေးဘက်ကို လှမ်းညွှန်ပြသဖြင့် ကျမတို့လည်းလိုက်ကြည့်လိုက်ရာ အမှန်တကယ်ပင် တောရကျောင်းတောင်နှင့် ကပ်လျက်ရှိသောတောင်မှာလည်း အတော်အသင့်ကြီးထွားနေပြီဖြစ်သော သစ်ပင်စိမ်းစိမ်းစိုစိုများကိုလှမ်းတွေ့ရသည်။ ကျမကလည်း ဆရာတော်ကြီး၏ကျေးဇူးကြီးလှပုံကို လှိုက်လှိုက်လှဲလှဲ အသိအမှတ်ပြုပါသလို ကျောင်းဝင်းအတွင်းရှိ မျောက်မျက်ကွင်းဖြူများနှင့်ပတ်သက်၍ ဒီမျောက်အမျိုးအစားတွေက ကမ္ဘာပေါ်မှာ တကယ့်ကိုရှားပါးစာရင်းဝင်တွေပါဒေသမှာတော့ မျောက်ညိုလို့ခေါ်ကြပေမယ့် စာအရပေအရတော့ မျောက်မျက်ကွင်းဖြူလို့ တရားဝင်သတ်မှတ်ထားတယ်လေ--အင်္ဂလိပ်လိုတော့ Phayre's leaf monkey (Trachypithecus phayrei)လို့ခေါ်ကြတာပေါ့၊ ဒီမျောက်မျိုးတွေ မျိုးတုန်းပျောက်ကွယ်တော့မယ့် အခြေအနေရှိနေလို့တောင် ကမ္ဘာမှာရော မြန်မာနိုင်ငံမှာရော ဥပဒေအရကာကွယ်စောင့်ရှောက်ထားကြရတာပါ။ မြန်မာနိုင်ငံမှာဆိုရင်တော့ ၁၉၉၄ ခုနှစ်ကတည်းက ထုတ်ပြန်ထားတဲ့ သဘာဝနယ်မြေနဲ့ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး ဥပဒေအရ ဒီမျောက်တွေကို ဖမ်းဆီးသတ်ဖြတ်ကြတာကို လုံးဝကာကွယ်ထားတယ်လေ၊ ဒါတောင်မှ အကောင်အရေအတွက်က တဖြည်းဖြည်းချင်းလျော့နည်းလာနေတာပါ-- အဓိကကတော့ သူတို့အတွက် နေထိုင်သွားလာနိုင်ဖို့ လုံလောက်တဲ့ စားကျက်တောတွေ ပျောက်ကွယ်ကုန်တာရယ်တချို့လူတွေက ဖမ်းဆီးသတ်ဖြတ်စားကြတာကြောင့်ပေါ့-- ဒီလိုမျောက်မျိုးတွေကို မြန်မာနိုင်ငံအနှံ့မှာတွေ့ရတတ်ပေမယ့် အခုဒီမြို့ကြီးရွာတစ်ဝိုက်မှာတွေ့ရတယ်ဆိုတဲ့ အထောက်အထားမှတ်တမ်းမှတ်ရာ လုံးဝမရှိခဲ့ပါဘူး-- မျောက်မျက်ကွင်းဖြူတွေ ဒီမှာကျက်စားမှုရှိတာကို တိတိကျကျသိရတာက ကျွန်မတို့လိုလေ့လာနေသူတွေအတွက်ကတော့ တကယ့်ကိုသတင်းကောင်းတစ်ခုပါပဲ''ဟု အနည်းငယ်ရှည်လျားစွာ ရှင်းပြမိသည်။

ကျွန်မ ရှင်းပြတော့မှ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးက ''ဟုတ်လားဆရာမဒီလိုဆိုတော့ ဝမ်းသာစရာပေါ့ဗျာကျွန်တော်တို့ကတော့ မျောက်ညိုလို့ပဲသိကြတာ--ရှားတယ်--ပေါများတယ်--ထိန်းသိမ်းစောင့်ရှောက်ဖို့ အရေးကြီးတာကိုမသိပါဘူးဗျာဒီကေလာသတောင်အရှေ့ဘက်ခြမ်းကျွန်တော်တို့နယ်တစ်ဝိုက်မှာတော့--တစ်ယောက်မှမပစ်ကြပါဘူး၊ ဆရာတော်ကြီးကိုလည်း ကြောက်ရွံ့လေးစားကြတယ်လေ၊ တောရကျောင်းနားဆိုထင်းတောင်မှမခွေရဲကြပါဘူး--အခုလည်း ကျွန်တော်တို့ရွာမှာ မီးရဖို့ ကြိုးစားနေကြတာ ရတော့မှာပါ၊ ဒေသအစိုးရအဖွဲ့အစီအစဉ်နဲ့ (၃၂)ကေဗွီမီးစက်ရပြီးနေပြီ၊ တိုင်တွေစိုက်ဖို့လည်းအခုစီစဉ်နေပြီလျှပ်စီးမီးအလုံအလောက်ရပြီဆိုရင်-- ဘယ်သူမှ ထင်းခုတ်ကြမှာ မဟုတ်ပါဘူးဗျာ၊ မတတ်သာလွန်းလို့သာခုတ်ကြပြုကြရတာ၊ ဒီတောဒီတောင်တွေရှိနေမှ စိမ့်စမ်းတွေရာသီဥတုတွေကို ထိန်းသိမ်းနိုင်မယ်ဆိုတာ ကျွန်တော်တို့တောသူတောင်သားအားလုံးက သဘောပေါက်ထားကြပြီးသားပါ၊ ဒါကြောင့်လည်း ဆရာတော်ကြီးရဲ့ဦးဆောင်မှုနဲ့ ဒီတောဒီတောင်တွေကို တတ်နိုင်သလောက် ဝိုင်းဝန်းထိန်းသိမ်းနေကြတာပါ''-

''ဟုတ်ကဲ့ပါ ကျွန်မလည်း ဆရာတော်တို့ ဦးခင်မောင်ဌေးတို့လို ကိုယ့်အသိစိတ်ဓာတ်နဲ့ တောတောင်သဘာဝကို ထိန်းသိမ်းစောင့်ရှောက်နေကြတဲ့ သူတွေနဲ့တွေ့ဆုံစကားပြောခွင့်ရတာ တကယ်ကိုပဲဝမ်းသာပါတယ် အထူးလည်းကျေးဇူးတင်လေးစားပါတယ်--အခုလိုပဲ ကျွန်မတို့ပြည်သူပြည်သားတွေက ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ သဘာဝတောတောင်နဲ့ ကျေးငှက်တိရစ္ဆာန်လေးတွေကို ဝိုင်းဝန်းထိန်းသိမ်းကြတယ်ဆိုရင် နိုင်ငံတော်ရဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ တစ်ထောင့်တစ်နေရာကနေ ပါဝင်ကူညီရာရောက်ပါတယ်နော်-- ကဲ အုပ်ချုပ်ရေးမှူးကြီးရေ--စကားပြောလို့လည်း ကောင်းပါတယ်ကျွန်မလည်းပြန်ရအုံးမှာမို့လို့ခွင့်ပြုပါဦးနော်''

ကျွန်မတို့လည်း မြို့ကြီးရွာအုပ်ချုပ်ရေးမှူးကို နှုတ်ဆက်၍ အလာခရီးအတိုင်း ပြန်ခဲ့ကြပါတော့သည်။ တန်ခူးလနွေနေပူက အလွန်ပြင်းထန်လှသော်လည်း ကျွန်မလာခဲ့ရသည့် ခရီးစဉ်အတွက် လွန်စွာမှပင်ဝမ်းသာကြည်နူးခဲ့ရပါသဖြင့် နွေအပူကိုအမှတ်ပင် မထားမိတော့အောင် ဖြစ်ခဲ့ရပါတော့သည်။

ကမ္ဘာထဲတွင်၊ အသက်ရှင်
သက်ရှိသက်မဲ့၊ ပတ်ဝန်းကျင်
မိသားစုသွင်၊ စိတ်မှာထား
ထိန်းသိမ်းကြစို့၊ တို့ကြိုးစား

# မြန်မာနိုင်ငံသစ်တောများတည်ထောင်ခြင်းစီမံကိန်း
# ၂၀၁၇-၂၀၁၈ခုနှစ် လုပ်ငန်းစီမံချက် (Action Plan)

၃၁-၃-၂၀၁၈ထိ

| စဉ် | | လုပ်ငန်းအမျိုးအစား | ဆောင်ရွက်မည့်ဌာန | ရေတွက်ပုံ | လျာထား | ပြီးစီး | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| (၁) | | (၂) | (၃) | (၄) | (၅) | (၆) | (၆) |
| ၁ | | သစ်တောစိုက်ခင်းမူဝါဒရေးဆွဲခြင်း | | | | | |
| ၂ | | ဓမ္မတာမျိုးဆက်ခြင်းအထောက်အကူပြုလုပ်ငန်းများဆောင်ရွက်ခြင်း | သစ်တော | ဧက | ၅၇၄၇၀ | ၅၇၂၂၀ | ၉၉.၅၆ |
| ၃ | | သဘာဝတောကျန်များထိန်းသိမ်းခြင်း | စိမ်းစို | ဧက | ၄၁၀၀၀ | ၄၁၀၀၀ | ၁၀၀ |
| ၄ | | သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း | သစ်တော | ဧက | ၁၄၀၆၀ | ၁၃၇၁၀ | ၉၇.၅၁ |
| ၅ | | **နိုင်ငံတော်ပိုင်သစ်တောစိုက်ခင်း** | | | ၂၆၃၉၅ | ၂၆၄၉၅ | ၁၀၀.၃၈ |
| | က | စီးပွားရေးစိုက်ခင်း | သစ်တော | ဧက | ၁၄၉၇၀ | ၁၄၉၇၀ | ၁၀၀ |
| | ခ | ရေဝေရေလဲစိုက်ခင်း | | | ၂၉၀၀ | ၂၉၀၀ | ၁၀၀ |
| | | | သစ်တော | ဧက | ၂၂၅၀ | ၂၂၅၀ | ၁၀၀ |
| | | | စိမ်းစို | | ၆၅၀ | ၆၅၀ | ၁၀၀ |
| | ဂ | ဒီရေတောစိုက်ခင်း | သစ်တော | ဧက | ၃၀၈၀ | ၃၀၈၀ | ၁၀၀ |
| | ဃ | ကျေးရွာထင်းစိုက်ခင်း | | | ၄၀၉၅ | ၄၀၉၅ | ၁၀၀ |
| | | | သစ်တော | ဧက | ၂၂၀၇ | ၂၂၀၇ | ၁၀၀ |
| | | | စိမ်းစို | | ၁၈၈၈ | ၁၈၈၈ | ၁၀၀ |
| | င | ချစ်ကြည်ရေးစိုက်ခင်း | သစ်တော | ဧက | ၀ | ၁၀၀ | |
| | စ | အခြားစိမ်းလန်းစိုပြည်ရေးစိုက်ခင်း | စိမ်းစို | ဧက | ၃၅၀ | ၃၅၀ | ၁၀၀ |
| | ဆ | တောင်တန်းစိုက်ခင်း | စိမ်းစို | ဧက | ၁၀၀၀ | ၁၀၀၀ | ၁၀၀ |
| ၆ | | **ပုဂ္ဂလိကသစ်တောစိုက်ခင်း** | | | ၃၃၃၈၈ | ၁၆၂၁၉ | ၄၈.၅၈ |
| | က | ကျွန်း | သစ်တော | ဧက | ၁၀၆၈၃ | ၄၇၁၁ | ၄၄.၁၀ |
| | ခ | သစ်မာ | သစ်တော | ဧက | ၂၂၇၀၅ | ၉၅၁၇ | ၄၁.၉၂ |
| | ဂ | ဆီအုန်း | သစ်တော | ဧက | ၀ | ၁၉၉၁ | |
| ၇ | | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း | သစ်တော | ဧက | ၉၅၀၆၇ | ၇၂၇၇၇ | ၇၆.၅၅ |
| ၈ | | သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း | သစ်တော | ဧက | ၁၈၃၁ | ၁၈၃၁ | ၁၀၀ |
| ၉ | | စီးပွားရေးစိုက်ခင်းဟောင်းများပြန်လည်ပြုစုထိန်းသိမ်းခြင်း | သစ်တော | ဧက | ၁၀၀၂၇ | ၉၉၃၄ | ၉၉.၀၇ |
| ၁၀ | | လူထုဖြန့်ပျိုးပင်ဖြန့်ဝေစိုက်ပျိုးခြင်း | သစ်တော | ပင် | ၉၈၀၇၂၃၉ | ၉၈၁၈၆၂၈ | ၁၀၀.၁၂ |
| ၁၁ | | ကိုင်းချိုင်ခြင်းနှင့် ရှင်းလင်းခြင်း | သစ်တော | ဧက | ၄၃၅၅ | ၄၇၀၅ | ၁၀၈.၀၄ |
| ၁၂ | | ပင်ကျပ်နုတ်ခြင်း | သစ်တော | ဧက | ၂၁၄၇၅ | ၂၈၀၄၀ | ၁၃၀.၅၇ |
| ၁၃ | | သစ်မျိုးသန့်ဥယျာဉ်နှင့်သစ်စေ့ထုတ်ဧရိယာတည်ထောင်ခြင် | သစ်တော | ခု/ဧက | ၇၇၄ | ၈၄၁ | ၁၀၈.၆၆ |
| ၁၄ | | သစ်စေ့နှင့်ပျိုးပင်ဌာနတည်ထောင်ခြင်း | သစ်တော | ခု | ၈ | ၈ | ၁၀၀ |
| ၁၅ | | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော တိုးချဲ့ဖွဲ့စည်းခြင်း | သစ်တော | စ/မ | ၄၆၆၈ | ၈၇၆ | ၁၈.၇၇ |
| ၁၆ | | **ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း** | | | | | |
| | က | ရေကန်ငယ်တူးဖေါ်ခြင်း | စိမ်းစို | ကန် | ၂၁ | ၂၁ | ၁၀၀ |
| | ခ | နှန်းတားဆည်တည်ဆောက်ခြင်း | စိမ်းစို | ခု | ၁၂၂ | ၁၂၇ | ၁၀၀ |
| | ဂ | မြေအောက်ရေ(အဝီစိ)တူးဖော်ခြင်း | စိမ်းစို | တွင်း | ၃ | ၅ | ၁၀၀ |
| | ဃ | မိုးရေစုကန်တည်ဆောက်ခြင်း | စိမ်းစို | ကန် | ၃ | ၃ | ၁၀၀ |
| ၁၇ | | အထူးစိမ်းလန်းစိုပြည်ရေးစိုက်ပျိုးခြင်း | စိမ်းစို | ပင် | ၅၈၃၉၂ | ၅၈၃၉၂ | ၁၀၀ |
| ၁၈ | | ကျေးလက်ဒေသဖွံ့ဖြိုးရေးပြည်သူဗဟိုပြုစိုက်ပျိုးခြင်း | စိမ်းစို | ပင် | ၂၃၀၀၀ | ၂၃၀၀၀ | ၁၀၀ |
| ၁၉ | | သင်တန်းပို့ချခြင်း | သစ်တော | ဦး | ၃၆၃၂ | ၄၁၄၀ | ၁၁၃.၉၉ |

# ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည့် ရှင်သန်းဖြစ်ထွန်းနေမှုမှတ်တမ်းဓာတ်ပုံများ



ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ မဲဇလီကြိုးဝိုင်း၊ အကွက်အမှတ်(၃၁၊၃၃) ၂/ ၂၀၁၇၊ ကျေးရွာထင်းစိုက်ခင်း (၅၀)ဧက



ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဘိုင်းဒါးကြိုးဝိုင်း၊ အကွက်အမှတ်(၉၆)အတွင်း Meridian Myanmar Co,Ltd ၏ ၂၀၁၇ ခုနှစ် ၊ ပုဂ္ဂလိကကျွန်းစိုက်ခင်း(၃၀၀)ဧက



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ရဲရမန်ကြိုးဝိုင်း၊ အကွက်အမှတ်(၁၆၂)၊၁/ ၂၀၁၇၊ ရေဝေရေလဲစိုက်ခင်း(၈၀)ဧက



တနင်္သာရီတိုင်းဒေသကြီး၊ဘုတ်ပြင်းမြို့နယ်၊ချောင်းကဖီး ဒီရေတောကြိုးပြင်ကာကွယ်တော၊၂/ ၂၀၁၇ဒီရေတောစိုက်ခင်း(၂၀)ဧက



စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးခရိုင်၊ကလေးဝမြို့နယ်၊ ကြာပင်ကြိုးဝိုင်း အကွက်အမှတ်(၂)၊ (၁/ ၂၀၁၇) စီးပွားရေး(ကျွန်း) စိုက်ခင်း(၁၀၀)ဧက



မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၂၊၃)စီးပွားရေး(ပျဉ်းကတိုး+မဟော်ဂနီ+သကန်း+ပိတောက်) စိုက်ခင်း(၁၀၀)ဧက



မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ အုန်းနဲ့စမ်းကြိုးဝိုင်း၊ အကွက်အမှတ်(၁)၊ ၁/၁၉၉၉စီးပွားရေး(ကျွန်း) စိုက်ခင်းဟောင်း ပြန်လည်ပြုစု ထိန်းသိမ်းခြင်း(၁၅၀)ဧက



ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊မာဂရီကြိုးဝိုင်း၊ အကွက်အမှတ်(၂၁)၊ ဒေါ်တင်တင်ညီမှ တည်ထောင်စိုက်ပျိုးထားသည့် ပုဂ္ဂလိကသစ်မာစိုက်ခင်း(၂၄)ဧက

# မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန

မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား (၂၂-၄-၁၉၉၈) ခုနှစ်တွင် သစ်တောရေးရာဝန်ကြီးဌာန၏ (၁၈-၃-၁၉၈၈)ရက်စွဲပါ စာအမှတ် ၂/၁၆၀/က/၄၂၀/၈၈ အရ ဘေးမဲ့တောအဖြစ် ကြေညာခဲ့ပြီး သစ်တောဦးစီးရုံးချုပ်၏(၈-၉-၁၉၉၄)ရက်စွဲပါ စာအမှတ် ဥယျာဉ်- စီမံ/ ၀၄၇/၂၀၅၁၄/၂၃/၉၄ဖြင့် အုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်၍ တည်ထောင်ထိန်းသိမ်းခဲ့ပါသည်။ ဧရိယာအကျယ်အဝန်းမှာ(၄၀)စတုရန်းမိုင်၊(၂၅၆၀၀) ဧကရှိပါသည်။ ၁၉၀၄ခုနှစ်တွင် စစ်တောင်းမြစ်နှင့်ပဲခူးမြစ်ကို ဆက်သွယ်သည့်တူးမြောင်းသို့ ရေဖြည့်ဆည်းပေးနိုင်ရန် တည်ဆောက်ခဲ့သည့် ရေလှောင်တမံတစ်ခုဖြစ်ပြီး ဝေါမြို့နယ်နှင့်ပဲခူးမြို့နယ်အတွင်းတည်ရှိပါသည်။ မိုးယွန်းကြီးအင်းသည် ရန်ကုန်မြို့မှ (၆၉)မိုင်အကွာတွင်တည်ရှိပြီး ရန်ကုန်-မန္တလေးလမ်းဟောင်းမှလည်းကောင်း၊ အမြန်လမ်း ၃၉ မိုင်လမ်းခွဲ၊ ဘုရားကြီးမှတစ်ဆင့်လည်းကောင်း အလွယ်တကူလာရောက်နိုင်ပါသည်။ မြေမျက်နှာသွင်ပြင်အနေဖြင့် မြေနိမ့်ရေဝပ်ဒေသ သဲနုန်းမြေအမျိုးအစားနှင့် လူတို့ပြုလုပ်ထားသော ရေဝပ်ဒေသအမျိုးအစားတွင် ပါဝင်ပါသည်။

နိုင်ငံတကာ အသိအမှတ်ပြုခြင်းများအနေနှင့် ၂၀၀၄ခုနှစ်တွင် မြန်မာနိုင်ငံ၏ပထမဆုံးရမ်ဆာဆိုဒ်၊ ၂၀၁၄ ခုနှစ်တွင် အရှေ့အာရှ-ဩစတြေးလျဒေသ ဆောင်းခိုငှက်ပျံသန်းရာလမ်းကြောင်း ပူးပေါင်းထိန်းသိမ်း ရေးအဖွဲ့(EAAFP) ၏ Fly Way Network Site များအဖြစ် သတ်မှတ်ခံခဲ့ ရပါသည်။ဆောင်းခိုငှက်(ရ၄)မျိုး၊ ဌာနေငှက်(၉၂)မျိုး၊ နို့တိုက်သတ္တဝါ(၁၂)မျိုး၊ ကုန်းနေရေနေနှင့်တွားသွားသတ္တဝါ(၂၈)မျိုး၊ ရေနေပင်(၇၄)မျိုး၊ ငါး(၄၄)မျိုး၊ အင်းဆက်လိပ်ပြာ မျိုးစိတ်(၄၁)မျိုး၊ ရေနေပင်မျိုးစိတ်(၇၄)မျိုး လေ့လာဖော်ထုတ်ပြီးဖြစ်ပါသည်။

မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ယခင်မှတ်တမ်းများအရတွေ့ရှိခဲ့သော ကြိုးကြာ(Sarus Crane)အား ၂၀၁၄ ခုနှစ်မှစ၍ ၂၀၁၈ခုနှစ်အထိ ပြန်လည်ကျရောက်ကျက်စားခြင်း၊ ၂၀၀၈ခုနှစ်ရှေ့ပိုင်းတွင်တွေ့ရှိခဲ့သော မောက်တင်ဘဲ(Comb Duck)အား၂၀၁၈ခုနှစ်တွင်(၁၀) နှစ်ကြာမှပြန်လည်တွေ့ရှိရခြင်းနှင့် မြန်မာနိုင်ငံအတွက် ဆောင်းခိုငှက်မျိုးစိတ်သစ်ဖြစ်လာမည့် ဒေါင်းလန်းခြေထောက် (White-headed Stilt) မျိုးစိတ်တွေ့ရှိခြင်းတို့သည် မိုးယွန်းကြီးအင်း၏ ရေဝပ်ဒေသဂေဟာစနစ်


ကြိုးကြာ (Srarus Crane)


ဒေါင်းလန်းခြေထောက် (White Headed Stilt)


မောက်တင်ဘဲ (Comb Duck)


ခရုစုပ်ခေါင်းမဲ (Black Headed Ibis)

ခရုတုတ် (Asian-Open-bill)


မယ်ညို (Purple Swamphen)



ငှက်ကြီးဝံပို (Spot bill Pelican)

ကောင်းမွန်ခြင်းတို့ကြောင့်ဖြစ်ပါသည်။ ဆောင်းခိုငှက်မျိုးစိတ်များဖြစ်သည့် ခရုတုတ်(Asian Open –bill)၊ ခရုစုပ်အနက် (Black Headed Ibis)၊ ဘဲရစ် (Northern Pintail)၊ ဒုံး(Gargany)၊ တလိုင်းခေါင်း (Pacific Golden Plover )၊ငှက်ကြီးဝံပို(Spot-bill Pelican)၊ ငှက်ကြား (Painted Stork)နှင့် ဌာနေငှက်များဖြစ်သော မယ်ညို (Purple Swampen)၊စစ္စလီ(Lesser Whistling Duck)၊ စစ္စလီကြီး၊(Fulvous Whistling Duck)၊ ခရုစုပ် (Glossy Ibis)စသည့် ငှက်များအုပ်စုလိုက်ပေါ်များစွာတွေ့ရှိရပါသည်။

မိုးယွန်းကြီးအင်းသည် စိုက်ပျိုးရေးအတွက် ရေအရင်းအမြစ်များပံ့ပိုးပေးခြင်း၊ တစ်နိုင်တစ်ပိုင်ငါးဖမ်းခြင်း၊ အပန်းဖြေအနားယူနိုင်ခြင်း၊ တိရစ္ဆာန်အစားအစာနှင့် စားကျက်များဖန်တီးပေးခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းမှဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ဘီလားနှင့်မျှော့ရောင်းချခြင်းမှ ဝင်ငွေရရှိစေခြင်း စသည့်ဂေဟစနစ်ဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိပါသည်။

မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ကျရောက်ကျက်စားသော ရှားပါးငှက်မျိုးစိတ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ဝန်ဆောင်မှု၏ ထွက်ကုန်များကို ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရန်တို့အတွက် SMARTကင်းလှည့်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းနှင့် ဒေသခံများမှပူးပေါင်းပါဝင်ထိန်းသိမ်းလာစေရန် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးပညာပေးလုပ်ငန်းများနှင့် လာရောက်လည်ပတ်သော ဧည့်သည်များ ဗဟုသုတရရှိစေရန်၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် အသိပညာရရှိစေရန် ရေဝပ်ဒေသပညာပေးပြခန်းဖွင့်လှစ်၍ စဉ်ဆက်မပြတ် ပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများအဖြစ် ရေဝပ်ဒေသဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် သိမြင်နိုးကြားမှုမြှင့်တင်နိုင်သည့်ပညာပေးပြခန်း၊ လူ(၄၀)ဦးခန့် တည်းခိုနိုင်သည့်တည်းခိုဆောင်များ၊ စားသောက်ဆိုင်၊ နားနေတဲများ ငှက်ကြည့်စင်၊ စက်လှေနှင့် ဧည့် လမ်းညွှန်စသည်တို့ကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ လှေလှော်ကြည့်ရှုအပန်းဖြေနိုင်သော အခွင့်အလမ်းများအဖြစ် ငှက်ကြည့်ခြင်း၊ အင်းအတွင်းစက်လှေစီးခြင်း၊ ကြာတောများနှင့် ဓာတ်ပုံရိုက်ခြင်း၊ မိရိုးဖလာငါးဖမ်းနည်းစနစ်များလေ့လာခြင်း၊ တံငါရွာများကိုလေ့လာခြင်းစသည့် အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

နော်ဝေနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီ (NEA)မှ မြန်မာနိုင်ငံ၏ ပထမဆုံးရမ်ဆာဆိုဒ် (Ramsar Site)ဖြစ်သည့် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား (Demonstration Site) အဖြစ် ရွေးချယ်ပြီး ရမ်ဆာ (Ramsar) ရေဝပ်ဒေသကျွမ်းကျင်ပညာရှင်များ၊ အင်းတော်ကြီး၊ အင်းလေး၊ မိန်းမလှကျွန်း၊ မိုးယွန်းကြီးတို့မှ ရေဝပ်ဒေသအတွေ့အကြုံရှိသူ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ရေဝပ်ဒေသအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်(မူကြမ်း) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးခဲ့ပါသည်။ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်(မူကြမ်း)အား ချပြဆွေးနွေးပွဲပြီးစီးပါက သယံဇာတအရင်းအမြစ်များ ထုတ်ယူခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုမရှိစေရန် မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား စနစ်တကျ ဇုန်နယ်မြေများခွဲခြား၍ ပိုမိုထိရောက်စွာ စီမံအုပ်ချုပ်သွားနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။


ငှက်ကြား (Painted Stork )


ဘဲရစ် (Northern Pintail )





# မြန်မာ့ကျွန်းတောများ

သစ်မောင် (ပျဉ်းမနား)

## ကျွန်းသစ်ရဲ့ထူးခြားမှု

မြန်မာကို ကမ္ဘာကသိတဲ့အကြောင်းတွေထဲမှာ လူပုဂ္ဂိုလ်၊ သယံဇာတတွေ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်တဲ့ ဘုရားပုထိုးတွေအများအပြားပါဝင်ပါတယ်။ မြန်မာ့အကြောင်းကို အခြားအရာတွေထက်ပိုပြီး စောသိစေခဲ့တာကတော့ မြန်မာ့သယံဇာတတစ်ခုဖြစ်တဲ့ ကျွန်းသစ်ပါဘဲ။ ကျွန်းသစ်ကို သာမာန်အားဖြင့် Teak လို့ခေါ်ပြီး သိပ္ပံအမည်နဲ့ကတော့ Tectona grandis Linn. လို့ကမ္ဘာကသိပါတယ်။ ဒီသိပ္ပံအမည်ကိုလည်းCarl Linnacus(1707-1778)ဆိုသူ ဆွီဒင်လူမျိုး သတ္တဗေဒပညာရှင်က သတ်မှတ်ခေါ်ဝေါ်ဖို့အမည်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်းရဲ့နောက်မှာ သူ့ရဲ့အမည်တွဲထားခဲ့တာပါပဲ။

ဒီလိုနာမည်ကျော်ဖို့အချက်တွေကလည်း ကျွန်းမှာ အပြည့်ရှိနေပါတယ်။ ဘိုးတော်ဘုရားလက်ထက် ဦးပေါ်ဦးအလျှောက်ကောင်းသလိုပါပဲ။ အခြားသစ်တွေမျိုးစုံပြီး ကောင်းလည်းကောင်းပေမယ့် နောက်ဆုံးတော့ နန်းတော်တစ်ခုလုံးကို ကျွန်းနဲ့ချည်းဆောက်ရတဲ့ ကိန်းမျိုးဆိုက်ရခဲ့တာပါပဲ။ ကျွန်းကလည်းပြောလောက်ပါတယ်။ သစ်သားရဲ့အနံ့က နံ့သာဖြူ၊ ကရမက်၊ ယူကလစ်ဆီတွေပေါင်းစပ်ထားတဲ့ မွှေးရနံ့နဲ့၊ အရောင်အသွေးကလည်း ရွှေအိုရောင်ဆိုတော့ ကျွန်းရွှေဝါလို့တောင်တင်စားရပါတယ်။ ကျောက်ထဲမှာစိန်လို၊ သစ်ထဲမှာလည်း ကျွန်းဟာ နှစ်ခြိုက်မှုပေးပါတယ်။ ကျွန်းသစ်ဟာ ရေငွေ့(၁၅%)ပါတဲ့ ကုဗတစ်ပေမှာ ၄၃ပေါင်လေးလို့ အသင့်အတင့်လေးတဲ့သစ်မျိုးဖြစ်ပါတယ်။ သစ်မျှင်ဖြောင့်စင်းတယ်၊ လုပ်ကိုင်ရာမှာလွယ်ကူတယ်၊ လက်သမား၊ စက်သမား၊ ပန်းပုဆရာတို့စိတ်ကြိုက်ဖြစ်ပါတယ်။ မှိုမတက်၊ ခြမစားတာကြောင့် အလွန်ခိုင်ပါတယ်၊ ရေထိနေလည်း မဆွေး၊ အလေးဝန်ထမ်းရမယ့်အိမ်တိုင်၊ တံတားတွေတောင့်တင်းကြံ့ခိုင်ရမယ့် ယက်မ၊ ဆင့်၊ တန်း၊ ဒိုင်းအစရှိတဲ့ဆောက်လုပ်ရေးလုပ်ငန်းများ၊ ကျုံ့ပွမှုမရှိတဲ့ ပရိဘောဂနဲ့အိမ်တွင်းသုံးပစ္စည်းများအဖြစ် သုံးကြပါတယ်၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိလို့ နေရာတိုင်းမှာ ကျွန်းသစ်ကို စိတ်ချလက်ချသုံးနိုင်ပါတယ်။ မီးရထားဇလီဖားတုံးတွေကို နှစ် ၂၀–၂၅နှစ်အထိသုံးစွဲနိုင်ပါတယ်။ မြန်မာဘုရင် အလောင်းမင်းတရားကြီးလက်ထက် ၁၇၅၂ခုနှစ်က စထုတ်ခဲ့တဲ့ တော်ဝင်သစ်လုံးများကို အကောင်းပကတိမြေမြှုပ်ရာမှ ၁၉၆၀၀န်းကျင်က ပျဉ်းမနားသစ်တောခရိုင်မှာ တူးဖော်ရရှိခဲ့ဖူးပါတယ်။ ပျဉ်းမနားသစ်တောရုံး၊ မန္တလေးသစ်တောရုံး၊ ပြင်ဦးလွင် သစ်တောကျောင်းနဲ့ ရန်ကုန်သစ်လုပ်ငန်းအဖွဲ့ရုံးများမှာ ပြသထိန်းသိမ်းထားပါတယ်။ ယခုအခါ နေပြည်တော် သစ်တောနှင့် သဘာဝဝန်းကျင်ပြတိုက်တွင်လည်း တော်ဝင်သစ်ကိုပြသထားပါသည်။

## နယ်ချဲ့လက်အောက်ရောက် ပထမမြန်မာနိုင်ငံ

ဒီလိုကျော်စောခဲ့လို့လည်း အင်္ဂလိပ်တွေ အဓိကမျက်စိကျစရာဖြစ်စေခဲ့တဲ့ နယ်ချဲ့တမန်ဖြစ်ခဲ့ရပါတယ်။ ၁၈၂၆ခုနှစ်မှာ မြန်မာနိုင်ငံအောက်ပိုင်း တနင်္သာရီနဲ့မုတ္တမနယ်တွေကို အင်္ဂလိပ်တို့သိမ်းပိုက်ခဲ့ပါတယ်။ အဲဒီကာလကတည်းကမြန်မာ့သယံဇာတကျွန်းတောတွေကိုလေ့လာခိုင်းပါတယ်၊ ဒီမတိုင်ခင်ကလည်း အိန္ဒိယရှိ အင်္ဂလိပ်အစိုးရအတွက် ကျွန်းကို မော်လမြိုင်နဲ့ရန်ကုန်က အတော်အသင့်ရနေပေမယ့် ကျွန်းအများအပြားကိုတော့ မဒရပ်အနောက်ဘက်ကမ်းခြေမာလဘာပြည်နယ်က ရနေပါတယ်၊ ဒါပေမယ့် အမြတ်ကြီးစားသစ်ကုန်သည်များကြောင့် ၁၈၃၀ခုနှစ်လောက်မှာ မာလဘာကျွန်းတွေ ကုန်သလောက်ဖြစ်သွားပါတယ်။

ဒီအတောအတွင်း အိန္ဒိယအင်္ဂလိပ်အစိုးရဟာ ကာလကတ္တားမှာရုံးစိုက်တဲ့ ရုက္ခဗေဒဥယျာဉ်များ အကြီးအကဲ ဒေါက်တာဝါလစ်(Dr. Wallich)ကို အသိမ်းပိုက်ခံမြန်မာ့နယ်သစ်မှာ မြန်မာ့သစ်တောများရဲ့ အနေအထား၊ မြန်မာ့ကျွန်းရဲ့စီးပွားရေး အလားအလာနဲ့ ဗြိတိသျှစစ်တပ်အတွက် လိုအပ်တဲ့ကျွန်းသစ်ရနိုင်မှု အလားအလာတွေကို လေ့လာဖို့ စေလွှတ်ခဲ့ပါတယ်။ သူကလည်း သစ်တောသယံဇာတများနဲ့ ပတ်သက်ပြီး အစီရင်ခံတင်သွင်းခဲ့ပါတယ်။ တနင်္သာရီမှာ ကျွန်းတွေ အများကြီးရနိုင်ကြောင်း တင်ပြပါတယ်။ ဒါပေမယ့် မြန်မာ့ကျွန်းတွေလည်း မာလဘာကျွန်းတွေလို အထိန်းအကွပ်မဲ့ထုတ်ယူ သုံးစွဲကြမှာမို့ ကျွန်းကို အစိုးရပိုင်အဖြစ် ကြေငြာပြီး

သစ်တောတွေကိုအစိုးရကသာ ထိန်းချုပ်ထုတ်ယူခွင့်ပြုသင့်ကြောင်း အကြံပေးတင်ပြခဲ့တယ်။ တနင်္သာရီမှာ ကျွန်းတွေအများ ကြီးရှိပေမယ့် မည်သည့်သစ်တောသယံဇာတမဆို မကုန်ခမ်းနိုင်သည့် သယံဇာတဟူ၍မရှိကြောင်း၊ အလွန်အသုံးများသော သစ်အတွက် ဆိုဖွယ်ရာမရှိကြောင်း ထပ်ဆင့်အကြံပြုတင်ပြခဲ့ပါတယ်၊ ဒါပေမယ့် သူ့အကြံပြုချက်ကို နယ်မြေသစ်တာဝန်ခံပြည်နယ်မင်းကြီးက အသိအမှတ်မပြုပါ။ ကျွန်းထုတ်လုပ်သူများကို ချောင်းကမ်းပါးဝဲယာများမှာ အကွက်ကြီးများအပ်ပြီး ထုတ်ခွင့်ပြုခဲ့ပါတယ်၊ စည်းကမ်းသတ်မှတ်ချက်အနည်းငယ်မျှသာ သတ်မှတ်သော်လည်း သစ်ထုတ်သူများက လစ်လျူရှုခဲ့ကြပါတယ်၊ ထိုဒေသမှာ ကျွန်းသစ်လုပ်ငန်းကြီးပွားတိုးတက်လာခဲ့ရာ မူလကရွာကြီးသာသာမျှရှိတဲ့ မော်လမြိုင်ဟာ နှစ်(၂၀)ကာလအတွင်း ကျွန်းစက်မှုလုပ်ငန်းဖွံ့ဖြိုးလာတဲ့ စက်မှုမြို့ကြီးအဖြစ်ပြောင်းလဲခဲ့ပြီး နယ်ခံလူထုမှာ လယ်ယာဖွံ့ဖြိုးမှုအတွက် ချဲ့ထွင်မှုလုပ်ငန်းများကို သိမ်းပိုက်ပြီး နှစ်(၂၀)ကာလအတွင်း မော်လမြိုင်ဝန်းကျင်ဒေသရှိ လက်လှမ်းမီတဲ့ ကျွန်းတောတွေဟာ မာလဘာကျွန်းတောများလို ပြုတ်ပြုတ်ပြုန်းမှုဒဏ်ကိုခံခဲ့ရပါတယ်။

**နယ်ချဲ့လက်အောက်ရောက် ဒုတိယမြန်မာနိုင်ငံ**

၁၈၅၂ခုနှစ်၊ ဒီဇင်ဘာလ(၂၀)ရက်နေ့မှာ အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲအပြီး ပဲခူးအပါအဝင်မြန်မာပြည်အလယ်ပိုင်းဟာ အင်္ဂလိပ်လက်အောက် ရောက်သွားပါတယ်၊ ဗြိတိသျှတို့ရဲ့ မြန်မာနိုင်ငံမြောက်ဘက် နယ်နိမိတ်ဟာ ပျဉ်းမနားအထက်ရေနီအနားမှ အရှေ့နောက်တည့်တည့်မျဉ်းကြောင်းဖြစ်ပြီး နယ်နိမိတ်မှတ်တိုင်တစ်ခုကို အောင်လံမြို့မြောက်ဘက်(၁၀)မိုင်ခန့်အကွာ လမ်းမကြီးပေါ်မှာစစ်မဖြစ်ခင်ကတွေ့ဖူးကြောင်း၊ စစ်ပြီးတော့ ထိုမှတ်တိုင်ကိုမတွေ့ရကြောင်း၊ သစ်တောမင်းကြီးချုပ် ဦးချိန်ဟိုရဲ့မှတ်တမ်းစာအုပ်မှာ တွေ့ရပါတယ်၊ အဲဒီတုန်းက ရန်ကုန်ဟာ မြို့တော်ပါ၊ ၁၇၅၅ ခုနှစ် မှာ အလောင်းဘုရားစတင်ခဲ့တာပါ၊ ကျွန်းသစ်တင်ပို့ခဲ့တဲ့ ဆိပ်ကမ်းမြို့တော်ဖြစ်နေတာ နှစ်ပေါင်းရာကျော်ခဲ့ပါပြီ၊ အဲဒီကာလကတည်းက ကျွန်းဟာ တော်ဝင်သစ်အဖြစ် သတ်မှတ်ထားရှိပြီးဖြစ်ပါတယ်၊ ဒါကိုအတုယူပြီး ဗြိတိသျှအစိုးရ ကိုယ်စားပြု ဘုရင်ခံချုပ်ကလည်း " The Charter of the India and Burma Forests"ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ကျွန်းသစ်ကို နိုင်ငံပိုင် (State Property)အဖြစ် ကြေညာသတ်မှတ်ခဲ့ပါတယ်၊ ဒီဆုံးဖြတ်ချက်ရဲ့ရလာဒ်ကတော့ အစိုးရက ကိုယ်တိုင်သစ်ထုတ်နိုင်ခြင်းပဲဖြစ်ပါတယ်၊ ထိုကိစ္စကို သြဇာကြီးမားတဲ့ အမြတ်ကြီးစားသစ်ကုန်သည်ကြီးများက မကျေနပ်ကြ၊ မင်းတိုင်ပင်မှူးမတ်လွှတ်တော် (Privy Council) ကောင်စီအထိတင်ပြခဲ့ကြပါတယ်၊ ဒါပေမယ့် ကျွန်းတောများကို အစိုးရကသာပိုင်သည်၊ ထိန်းချုပ်ထုတ်လုပ်ခွင့်ပြုသင့်သည်ဆိုသည့်မူကို ဆက်လက်ထိန်းထားနိုင်ခဲ့ပါတယ်၊ သစ်ကုန်သည်ကြီးများ ထင်တိုင်းကျွန်းသစ်များထုတ်ဖို့ တံ့ဆိုင်းသွားပါတယ်။

**ဒေါက်တာဘရန်းဒစ်** (Dr. Dietrich Brandis)

ဒီအတောအတွင်း ဘုရင်ခံချုပ် Lord Dalhousie က သူရဲ့မူဝါဒကို အထောက်အကူပြုနိုင်မယ့် ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရပါတယ်၊ သူကတော့ မြန်မာသစ်တောသမားများ မသိမဖြစ်တဲ့ ဒေါက်တာဘရန်းဒစ်ပါပဲ၊ သူက ဂျာမနီနိုင်ငံ၊ ဘွန်းမြို့မှာ (၁၈၂၄)ခုနှစ်မှာ မွေးဖွားပြီး ရုက္ခဗေဒဆရာတစ်ယောက်အဖြစ် အသက်မွေးခဲ့တဲ့ ဂျာမန်လူမျိုးဖြစ်ပါတယ်၊ ရုက္ခဗေဒပညာရှင်အဖြစ်က သစ်တောသမားတစ်ယောက်ဖြစ်လာခဲ့သူပါ။ သူ့ကို ၁၈၅၆ခုနှစ်၊ ဇန်နဝါရီလမှာ အသိမ်းပိုက်ခံပဲခူးတောတွေနဲ့ တနင်္သာရီတောတွေကို စီမံအုပ်ချုပ်ဖို့ သစ်တောအရာရှိချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါတယ်၊ သူရဲ့ရည်ရွယ်ချက်ကလည်း သုံးခုရှိကြောင်း သူ့မှတ်တမ်းများမှာ ဖော်ပြထားပါတယ်။

ပထမရည်ရွယ်ချက်ကတော့ မြန်မာ့ကျွန်းတောတွေကိုထိန်းသိမ်းပြီး ရေရှည်တောထွက်မှန်ရဖို့ ဒုတိယအချက်ကတော့ ကျွန်းတောကြီးများဝန်းကျင်မှာ မှီတင်းလုပ်ကိုင်စားသောက်တဲ့ တောသူတောင်သားများနဲ့ ရင်းနှီးမှုရဖို့နဲ့ တတိယအနေနဲ့တော့ အစိုးရအတွက် နှစ်စဉ်အခွန်တော်များရဖို့ဘဲဖြစ်ပါတယ်။ ရန်ကုန်ရောက်ပြီးလို့ တစ်လအကြာ ဖေဖော်ဝါရီလမှာဘဲ ပဲခူးတောတွေကို ကျွန်းပင်စာရင်းကောက်လေ့လာဖို့ ခရီးစပါတယ်၊ အဲဒီအခါက သစ်တောကြိုးပိုင်းဆိုတာလည်းမရှိသေးပါဘူး၊ မြေပုံဆိုတာလည်း မရှိသေးဘူး၊ အရပ်လေးမျက်နှာညွှန်းတဲ့ ကွန်ပတ်နဲ့ ချိန်းသံကြိုးအသုံးပြုပြီး ခြေလျင်တောနင်းပါတယ်၊ တောတွေကို စစ်တောင်းမြစ်ဝှမ်းအတိုင်း တောင်ငူရောက်တဲ့အထိကွင်းနင်းပြီး ပဲခူးရိုးမကို ကျော်ဖြတ်၊ အနောက်ဘက်ရောဝတီအခြမ်းကိုလှည့်ပြီး ရန်ကုန်ကိုဆင်းပါတယ်၊ မြေပုံပေါ်မှာ ရေစီးရေလာတူတဲ့ ခရိုင်ငါးခုကို အကြမ်းဖျင်းသတ်မှတ်ပြီး ကျွန်းစာရင်းကိုတွက်ချက်ပါတယ်၊ ခရိုင်ငါးခု



တောင်ယာတွင်းမှ ကျွန်းစိုက်ခင်း

ရဲ့ပျမ်းမျှဧရိယာ(၃၈၄၀)ဧကအတွင်းမှာ ကျွန်းပင်အရေအတွက်ကို လိုင်းအလိုက်(Linear valuations) နည်းနဲ့ ကောက်ယူခန့်မှန်းပါတယ်၊ ဒီနည်းနဲ့ ကောက်ယူရရှိတဲ့ ပထမတန်းစားကျွန်းပင်၊ ရင်စို့လုံးပတ်(၆ပေနဲ့)အထက် ဒုတိယတန်းစားကျွန်းပင်(၄ပေ၆လက်မမှ ၅ပေ၁၁လက်မအထိ)အရေအတွက်ကိုယူပြီး နှစ်စဉ်ထုတ်သုံးရမဲ့ တောထွက်ခန့်မှန်းပါတယ်၊ ဒီပုဂ္ဂိုလ်ကြီးနဲ့ မြန်မာ့ကျွန်းတောတွေအတွက် ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းအကြောင်းတွေ ပြောရင် စာတစ်စောင်ပေတစ်ဖွဲ့ဖြစ်လောက်ပါတယ်။ လိုင်းအလိုက်နည်းနဲ့ ကျွန်းပင်စာရင်းကောက်စနစ် တီထွင်ခဲ့တာတွေ၊ မြန်မာ့ကျွန်းတောတွေ ရေရှည်တည်တံ့အောင် အမြတ်ကြီးစားကုန်သည်ကြီးတွေရန်က ကာကွယ်နိုင်ခဲ့တာတွေ ဒီကိန်းဂဏန်းတွေကို မူတည်ပြီး ၁၈၅၆ ခုနှစ်မှာ သစ်တောကွက်စိတ်စီမံကိန်းတွေ ရေးဆွဲခဲ့တာတွေ၊ တောင်ယာ(Taungya)ဆိုတဲ့ မြန်မာ့ဝေါဟာရကို နိုင်ငံတကာသုံးဝေါဟာရအဖြစ် အသိများစေခဲ့တာတွေ၊ ကျွန်းတောတွေကို တောင်ယာစနစ်နဲ့တောင်ပေါ်နေလူထုရဲ့ သီးနှံစိုက်ပျိုးမှုတွေနဲ့တွဲပြီး အောင်မြင်စွာတည်ထောင်ခဲ့တာတွေ အများကြီးပါပဲ၊ မြန်မာ့သစ်တောသမားတွေအတွက် သာမက အိန္ဒိယ၊ ဥရောပနဲ့အမေရိကအထိ သူဖြန့်ဖြူးခဲ့တဲ့ပညာတွေမနည်းပါဘူး စံထားလောက်ပါတယ်။

ဒါပေမယ့် သူရဲ့ကိုယ်တိုင်ရေးမှတ်တမ်းထဲမှာ အချို့အချက်တွေ ဘဝင်မကျဖြစ်စရာလေးတွေ တွေ့ရပါတယ်။ သူက အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲဟာ မြန်မာဘုရင်ဘက်က စလို့(Provoked)လုပ်ခဲ့လို့ဆိုခဲ့ပါတယ်၊ အင်္ဂလိပ်တွေရောက်မှ ကရင်တွေ၊ ရှမ်းတွေ၊ ခရစ်ယာန်ဖြစ်ပြီး စည်းကမ်းရှိလာတယ်၊ သာသနာပြုပုဂ္ဂိုလ်ကြီး Dr. Judson ကိုအထူးဖော်ပြခဲ့ပါတယ်၊ မြန်မာဘုရင်က စရအောင် လူရဲ့အောက်ပိုင်းက မြွေမြိုထားရင် အပေါ်ပိုင်းလက်တွေက မမြိုခင်၊ မသေခင် ကုတ်ခြစ်ထိုးနှက်ဖို့တော့ ကြိုးစားမှာပါ၊ ဒါသဘာဝပဲ၊ နောက်တစ်ချက်က သာသနာပြုဆရာကြီး ယုဒသန်ပါ၊ ထူးခြားပါတယ်၊ ကိုယ်ကျိုးစွန့်ပြီး သာသနာလာပြုတာ၊ ရန်ကုန်တက္ကသိုလ်စခဲ့တာ ယုဒသန်ကောလိပ်ကအစ မြန်မာ့တိုင်းရင်းသားတွေအတွက် ပညာရေး၊လူမှုရေးတွေမှာ ဖွံ့ဖြိုးအောင် ကြိုးပမ်းမှုများပေးခဲ့တာတွေရှိခဲ့ပါတယ်။ တစ်ဖက်က ကြည့်ပြန်တော့(3M)ဆိုတဲ့ လမ်းစဉ်အတိုင်း သာသနာပြုကြီးတွေ(Missionaries) လာပြီးရင် (Merchants)ဆိုတဲ့ကုန်သည်ကြီးတွေ နောက်ဆုံး စစ်တပ်တွေ (Military)ဝင်လာပြီး နယ်ပယ်တွေ ချဲ့ခဲ့ကြတာပါပဲ၊ ဒါဟာလည်း နယ်ချဲ့ရဲ့သဘာဝပါ။

ဒီအချက်တွေဟာ မြေပေါ်မှာကျနေတဲ့ ဒင်္ဂါးတစ်ဖက်ကိုကြည့်ပြီးအောက်ဖက်ကိုလှန်မကြည့်ဘူးလို့ ခံစားမိပါတယ်။

**နယ်ချဲ့လက်အောက် တတိယမြန်မာနိုင်ငံ**

၁၈၈၆ခုနှစ်၊ ဇန်နဝါရီလမှာ နိုင်ငံရေးအကြောင်းပြပြီး မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်သိမ်းပိုက်ပါတယ်၊ အောက်မြန်မာပြည်ကိုသိမ်းပြီးလို့ နှစ်ပေါင်း(၆၀)ကြာမှသိမ်းခဲ့တာပါ။ အဲဒီတော့ ဗြိတိသျှအစိုးရပိုင်တဲ့ ကျွန်းတောတွေ ပိုများလာပါတယ်၊ ဒီအချိန်မှာ ဒေါက်တာဘရန်းဒစ် မြန်မာနိုင်ငံမှာမရှိတော့ပါဘူး၊ ၁၈၆၂ခုနှစ်၊ နိုဝင်ဘာလကဘဲ အိန္ဒိယမှာပြောင်းရွှေ့အမှုထမ်းပါတယ်၊ သူပြောင်းသွားပြီးတော့ သစ်တောအရာရှိချုပ်အဖြစ် Mr. Ribben trop ဆိုသူက တာဝန်ဆက်ယူပါတယ်၊ ဒီကာလတွေမှာ မြန်မာ့ကျွန်းတောတွေကို စနစ်တကျထိန်းပြီး ထုတ်ပြီးသုံးစွဲနေပါပြီ၊ ပဲခူးရိုးမကျောကြီးတစ်ခုလုံးဟာ အဓိကကျွန်းသစ်ထုတ်တဲ့ နယ်မြေကြီးဖြစ်လာခဲ့ပါတယ်၊ အရင် သစ်တောခရိုင်တွေအနေနဲ့ပြောရရင် ပဲခူးတောင်၊ ပဲခူးမြောက်၊ တောင်ငူတောင်၊ တောင်ငူမြောက်နဲ့ပျဉ်းမနားခရိုင်ကြီးတွေ ဖြစ်ခဲ့ပါတယ်၊ ပဲခူးရိုးမဆိုတာ ကျွန်းပေါက်ရာဇဟိုချက်မကြီးဖြစ်ပြီး အကောင်းဆုံးကျွန်းကို ပျဉ်းမနားခရိုင်က မင်းပြင်၊ ပလွေးနဲ့ ကျောက်မဆင်ကြိုးဝိုင်းတောတွေမှာ သင်းသတ်လုပ်ငန်းတွေဆောင်ရွက်ခဲ့ဖူးပါတယ်၊ သစ်တောကျောင်းတက်စဉ်က ဆရာကြီးတွေပြောနေကျဖြစ်တဲ့ ပဲခူးရိုးမဆိုတာ ကျွန်းရဲ့ဇာတိ(Home of Teak)အဆိုနဲ့ မင်းပြင်ကြိုးဝိုင်းဟာ မြန်မာမှာ အကောင်းဆုံးကျွန်း(The best teak in Myanmar)တွေ ထွက်တယ်ဆိုတာ ဒီနေ့ထက်ထိ မေ့လို့မရပါဘူး၊ ကမ္ဘာမှာဈေးကောင်းပြီး အနက်စင်း(Black stripes)ပါတဲ့ အိုးပေါက်ကျွန်းဆိုတာလည်း ပျဉ်းမနားခရိုင်နဲ့တစ်ဆက်တည်းပါပဲ။

မြန်မာကျွန်းတောတွေဟာ ဗြိတိသျှအစိုးရအတွက် ဘယ်အတိုင်းအတာအထိ ပံ့ပိုးခဲ့သလဲဆိုရင် မှတ်တမ်းများအရ ၁၈၅၆ခုနှစ်၊ ကျွန်းသစ်တွေကို စနစ်တကျထုတ်ယူသုံးစွဲချိန်ကစပြီး ၁၈၉၄ခုနှစ်အထိ ကျွန်းပင်ပေါင်း (၆) သိန်းကျော်၊ ကျွန်းသစ်တန်(၁)သန်းခွဲခန့်နဲ့ အခွန်တော်ငွေရူပီးပေါင်း(၂၇)သန်းလောက်ရယူသွားခဲ့ပါတယ်။အောက်ပါဇယားမှာကာလအပိုင်းအခြားအလိုက်ဖော်ပြထားပါတယ်။

| ကာလ | သင်းသတ်ပင်ရေ | တန် | အခွန်တော်ရငွေ |
|---|---|---|---|
| ၁၂နှစ် ၁၈၅၆-၁၈၆၈ | ၂၉၁၆၀၀ | ၃၀၂၄၀၀ | ၂၄၉၆၀၀၀ |
| ၁၁နှစ် ၁၈၆၉-၁၈၇၉ | ၈၆၉၀၀ | ၄၉၉၄၀၀ | ၅၇၉၁၉၀၀ |
| ၁၀နှစ်၁၈၈၀-၁၈၈၉ | ၁၈၀၀၀၀ | ၃၈၇၀၀၀ | ၉၄၅၀၀၀၀ |
| ၅နှစ် ၁၈၉၀-၁၈၉၄ | ၁၀၁၅၀၀ | ၃၄၀၀၀၀ | ၉၃၅၀၀၀၀ |
| ၃၈နှစ် | ၆, ၆၀, ၀၀၀ | ၁၅, ၂၈, ၈၀၀ | ၂၇၀ ,၈၇, ၉၀၀ |

ဒီအထဲမှာ ၁၈၂၆ခုနှစ်ကတည်းက သစ်ကုန်သည်ကြီးတွေ စည်းကမ်းမဲ့ထုတ်ခဲ့တဲ့ မော်လမြိုင်ကျွန်း၊ တနင်္သာ

ရှိကျွန်းတွေမပါသေးတဲ့အပြင် အခြားအဖိုးတန် ပျဉ်းကတိုး၊ ပိတောက်၊ ယမနေစတဲ့သစ်တွေ မပါသေးပါဘူး၊ ၁၈၅၆ ခုနှစ်မှာ ကျွန်းသစ်တစ်တန်ဟာ ရူပီး၄၀ပဲရှိပါတယ်၊ ၁၈၉၄ ခုနှစ်မှာ ၇၅ရူပီးအထိတက်လာပါတယ်။

## လွတ်လပ်သောမြန်မာနိုင်ငံ

မြန်မာနိုင်ငံ ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့မှာ လွတ်လပ်ရေးရပေမယ့် အင်္ဂလိပ်လက်ထက်က အစိုးရကြီးကြပ်မှုနဲ့ ကျွန်းသစ်ထုတ်ယူနေတဲ့ ကုမ္ပဏီကြီး အချို့ကျန်ရှိနေပါသေးတယ်။ ဒါကြောင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၂၄)ရက် နေ့စွဲနဲ့ မြန်မာနိုင်ငံကျွန်းတောကြီးများရဲ့ သုံးပုံတစ်ပုံဖြစ်တဲ့ ပဲခူးရိုးမတောင်ပေါ်ရှိ ကျွန်းတောများကို သိမ်းယူမယ့်အကြောင်း သက်ဆိုင်ရာကုမ္ပဏီများကို အကြောင်းကြားပါတယ်၊ ဒီအမိန့်နဲ့တစ်ဆက်တည်း သစ်တောပြည်သူပိုင်ပြုလုပ်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပါတယ်၊ ၁၉၄၈ခုနှစ်၊ ဇွန်လ(၁) ရက်နေ့မှာ သစ်လုပ်ငန်းအဖွဲ့ကိုဖွဲ့စည်းခဲ့ပါတယ်၊ ပြည်သူပိုင်သိမ်းတဲ့အခါ မက္ကရီကား၊ ဖူးကား၊ ဘအိုကျွန်းနဲ့ သစ်မာကုမ္ပဏီ ဦးဘိုးဒန်တို့ရဲ့ လုပ်ငန်းအားလုံး ဘုံဘေဘားမား၊ စတီး၊ တီဒီဖင်လေတို့ရဲ့လုပ်ငန်းများဖြစ်ပါတယ်၊ လွတ်လပ်ရေးရတဲ့နေ့ကစပြီး ဦးရေ(၁၂၀)ရှိတဲ့ အိန္ဒိယသစ်တောဝန်ထမ်းများနဲ့ မြန်မာပြည်သစ်တောဝန်ထမ်း ပထမတန်းဝင်ဗြိတိသျှအရာရှိတို့ကို မယူမနေရပင်စင်ပေးပါတယ်၊ အဲဒီအထဲက ဗြိတိသျှအရာရှိလေးဦးကိုတော့ သစ်တောအကြံပေးအရာရှိ၊ သစ်ထုတ်အမှုဆောင်အရာရှိချုပ်၊ သစ်လုပ်ငန်းအထွေထွေမန်နေဂျာများအဖြစ် ဆက်လက်ခန့်ထားပါတယ်၊ မြန်မာပြည် သစ်တောဝန်ထမ်း ပထမတန်းဝင်တိုင်းရင်းသားအားလုံးကို သစ်တောဝန်ထမ်းသစ်အဖြစ် ဆက်လက်အမှုထမ်းခွင့်များပေးခဲ့ပါတယ်။

## အနာဂတ်မြန်မာ့ကျွန်းတောများ

မြန်မာ့ကျွန်းတောများနဲ့ပတ်သက်လို့ ခြုံငုံသုံးသပ်လိုက်ရင် အင်္ဂလိပ်လက်အောက်ကတည်းက နယ်ချဲ့အကျိုးအမှုထမ်းခဲ့ပေမယ့် မြန်မာ့ကျွန်းတောများကို သံယောဇဉ်ရှိပြီး ကျွန်းတောများရေရှည်တည်တံ့နိုင်ဖို့ ပညာရှင်ပီသစွာခုခံ ကာကွယ်မှုပေးခဲ့တဲ့ နိုင်ငံခြားသားများပါဝင်ခဲ့ပါတယ်၊ အထူးခြားဆုံးပုဂ္ဂိုလ်များကတော့ ဒေါက်တာဘရန်းဒစ်၊ ဒေါက်တာဝါးလစ်တို့အပြင် မြန်မာနိုင်ငံမှာ သစ်တောဝန်အဖြစ် စတင်ခန့်အပ်ခံရဖူးတဲ့ ဗိုလ်ကြီးထရီးမင်းဟီးယား၊ ဒေါက်တာမက္ကလဲလင်းတို့ပါဝင်ပါတယ်၊ အခု မြန်မာ့ကျွန်းတောတွေဟာ မြန်မာ့သစ်တောသမားတွေရဲ့ ထိန်းချုပ်မှုအောက်မှာ ရောက်နေတာနှစ်ပေါင်း(၆၀)နီးပါးရှိနေပါပြီ၊ မြန်မာ့ကျွန်းတောများအကြောင်း မှတ်တမ်းတင်ခဲ့သူ အီဒင်ဘာရာ တက္ကသိုလ်ပါမောက္ခ E.P. Stebbing ရဲ့ ၁၉၄၆ခုနှစ်၊ မှာတမ်းက မြန်မာ့သစ်တောသမားများ သတိပြုဖို့ကောင်းပါတယ်၊ သူက ဘရန်းဒစ်ကစပြီး ဗြိတိသျှသစ်တောသမားများအုပ်ချုပ်တဲ့ နှစ်(၉၀)ဟာ အခုကုန်ဆုံးပါတော့မယ်၊ ဒီသစ်တောသမားတွေဟာ မြန်မာ့မြေမှာ ထည်ထည်ဝါဝါဖြစ်အောင် သစ်တောတွေကိုထိန်းသိမ်းခဲ့ပါတယ်၊ အခုဒီအမွေတွေကို မြန်မာ့သစ်တောသမားတွေအပေါ် ပခုံးလွှဲပြောင်းပေးရာမှာ အောင်မြင်စွာထိန်းသိမ်းနိုင်ပါစေလို့ ဆုတောင်းရင်းနဲ့ သစ်တောသယံဇာတတွေဟာ ကမ္ဘာပေါ်မှာ အခြားပစ္စည်းများနဲ့မတူ အမျှော်အမြင်ကင်းမဲ့ပြီး အရမ်းသုံးစွဲရင်နှစ်ပေါင်းများစွာကြာမှ သိသာနိုင်တဲ့၊ တန်ဖိုးထားနိုင်တဲ့ရတနာများဖြစ်ကြောင်းကိုလည်း သတိမူဖို့မှာကြားသွားခဲ့ပါတယ်၊ သူ့ရဲ့ကိုယ်ပိုင်အမှာစကားတွေကတော့

(That long role of British Forest Officers which commenced with Brandis more than ninety years ago is now to terminate. They have done a magnificent work for Burma, and have left a great heritage to the Burmans. The letter are now going to take full control of this finely tempered forest administration and these enormously valuable forest estates. In bidding a farewell we can but wish them all success, coupled with the warning that there is no other property in the world which can be so insidiously depreciated, since it inevitably takes a term of years before the effects are perceivable or can be appreciated).

ရာစုနှစ်ပေါင်းများစွာ နိုင်ငံအတွက် အကျိုးပြုဆဲဖြစ်တဲ့ မြန်မာ့ကျွန်းတောများ ဆက်လက်တည်တံ့ရေးအတွက် မြန်မာ့သစ်တောသမားများ အားကြိုးမာန်တက်ဆက်လက် ထိန်းသိမ်းနိုင်ပါစေလို့ဆုတောင်းရင်း--

## ကျမ်းကိုးစာရင်း


၁။ The Teak Forests of Burma. By Prof: E.P. Stebbing; University of Edinburgh (1947)

၂။ The Burma Teak Forests. By Sir Dietrich Brandis (1896)

၃။ ဗမာ့ကျွန်း။ (ပြုစုသူ-ဦးချိန်ဟို၊ သစ်တောမင်းကြီးချုပ်အငြိမ်းစား(၁၉၆၉)။

၄။ ကျွန်တော်သစ်တောသမားနှင့် လက်ရွေးစင်ဆောင်းပါးများ၊ ရဲမြင့် (သစ်တော) ၂၀၀၅ခုနှစ်၊ မတ်လ


မှတ်ချက်- ယခုဆောင်းပါးကို ၂၀၀၆ခုနှစ်၊ ပျဉ်းမနားမဂ္ဂဇင်းတွင်ဖော်ပြပြီးဖြစ်ပါသည်။



# အိုလာဖို့ရာ ဘာတွေပြင်ဆင်ထားသင့်သလဲ

မောင်ထိန်ဝင်း (သစ်တော)

ကျွန်တော်တို့အားလုံး အိုကြရမယ့်လူတွေချည်းပါ။ ခု မအိုသေးပေမဲ့ ဒီဆောင်းပါးဖတ်ထားရင် ကိုယ့်အတွက် ကြိုတင်ကာကွယ်ဖို့ ပြင်ဆင်ချိန်ရသလို သက်ရှင်ရှိကြဆဲ ကိုယ့်မိဘတွေအတွက်လည်း ဆန်းစစ်ဆင်ခြင်လို့ ရနိုင်ပါသည်။ အနည်းဆုံး အကြံပေးလို့ရနိုင်တာပေါ့။ အိုလာဖို့ရာ ဘာတွေပြင်ဆင်ထားသင့်သလဲ။ ဘာသာရေးရှုထောင့်က မဟုတ်ဘဲ လက်တွေ့ဘဝရှုထောင့်ကနေ ဆွေးနွေးကြည့်ကြရအောင်။

## ၁။အိုဖော်

လင်အိုမယားအိုဘဝ။ မေတ္တာကောင်းမွန်နေဖို့လိုပါတယ်။ အရင်တုန်းက ချစ်ခဲ့ကြပေမယ့် အခုလိုအသက်အရွယ်ကြီးလာတော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မရကြတာမျိုးမဖြစ်သင့်ဘူး။ ယောကျ်ားလုပ်သူ အဘိုးကြီးက သားဖက်၊ မိန်းမလုပ်သူ အဘွားကြီးက သမီးဖက် ရပ်တည်ကြတာမျိုးတွေလည်း မဖြစ်သင့်ဘူး။ ငယ်ရွယ်တုန်းက ကြင်သူသက်ထား လင်မယားဆိုကြတာထက် အိုလာတဲ့အခါကျတော့ တစ်ယောက်နဲ့တစ်ယောက် ဖေးမကူညီစောင့်ရှောက်ပေးကြတဲ့ အဖော်မွန်အဖြစ် ရပ်တည်ချက်တူညီနိုင်ဖို့က အလွန်အရေးကြီးပါတယ်။ငယ်ရွယ်တုန်းက ယောကျ်ားလုပ်သူက ပိုက်ဆံရှာ၊ ပိုက်ဆံအရှာအဖွေကောင်းရင် အပြင်မှာပွဲချင်တိုင်းပွဲ၊ လေချင်တိုင်းလေ၊ သောက်စားချင်တိုင်းသောက်စား အိမ်ပြန်ရောက်တော့ ရမ်းကား၊ အိမ်ကမိန်းမကို ခိုင်းဖက်လိုသဘောထား။ သားတွေ သမီးတွေအပေါ် သိပ်သံယောဇဉ်ထားပြီး ကိုယ်စုဆောင်းထားတဲ့ အိုစာမင်းစာလေးကို အကုန်ထုတ်ပေးလိုက်မယ်ဆိုရင် အိမ်ကနေ အလိုလိုဆင်းသွားရနိုင်တယ်။ ဒါကိုသိပ်သတိထားတတ်ရပါမယ်။

အချစ်ရဲ့သဘာဝဟာ ။ အော်လိုက်ငေါက်လိုက်။ အဲဒီလိုလုပ်တတ်ကြတဲ့ ယောကျ်ားမျိုးဟာ အိမ်ထောင်သက်အနှစ် ၂၀၊ ၂၅နှစ်လောက်ရောက်ပြီး နောက်ပိုင်းမှာ သား၊သမီးတွေကလည်း အပြိုင်းအရိုင်းကြီးလာကြပြီဆိုတော့ သားတွေ၊ သမီးတွေက အမေ့ဘက်ရပ်တည် တာခပ်များများဆိုတော့ အဘွားကြီးတွေကလည်း အရင်ကခံခဲ့ရသမျှ ရန်ညှိုးပြန်ဆပ်တတ်ကြတယ်။ ဒါကြောင့် ကိုယ်အသက်ကြီးလာတဲ့အခါ ဒီလိုမျိုးမတွေ့ကြုံမခံစားကြရအောင် ကိုယ့်မိန်းမကိုယ့်အပေါ် တကယ်ကောင်းစေချင်တယ်ဆိုရင် ကိုယ်ကသူ့အပေါ် အခုကတည်းက ကြိုတင်အရင်ကောင်းထားကြဖို့ လိုတယ်ထင်တယ်။

## ၂။ အိုသိုက်

အရေးအကြီးဆုံးက အိုလာရင် နေဖို့ထိုင်ဖို့ အိမ်တစ်လုံးရှိထားဖို့လိုပါတယ်။ ကိုယ်နေတတ်ထိုင်တတ်တဲ့ အခြေအနေနဲ့လိုက်လျောညီထွေရှိစေမဲ့ အိမ်မျိုးဖြစ်အောင် ကြိုကြိုတင်တင်ဖန်တီးထားဖို့လိုတယ်။ အဲ့ဒီအိမ်ကိုလည်း မသေမချင်းထိန်းသိမ်းထားနိုင်ဖို့လည်းအထူးလိုအပ်တယ်။ ကိုယ်က မကြာမီသေတော့မှာပဲဆိုပြီး စောစောစီးစီးထုခွဲရောင်းချပြီး သားသမီးတွေကို အမွေခွဲမပေးလိုက်နဲ့ဦး။ ကိုယ်မသေခင်စပ်ကြား နေဖို့ပျောက်သွားနိုင်တယ်။ မပျောက်သွားတောင်မှ သားသမီးမျက်နှာ ဒါမှမဟုတ် ချွေးမနဲ့သားမက်မျက်နှာကြည့်ပြီး အသက်ဆက်ရှင်နေရမယ်ဆိုခဲ့ရင် ဒီဘဝလူလာဖြစ်တာဟာ မတန်ဘူးဆိုရမယ်။

## ၃။ အိုစာ

ကျုပ်တို့ဗမာတွေ ပြောတတ်ကြတဲ့စကား အိုစာမင်းစာတဲ့။ ကိုယ့်အတွက်ကိုယ်စားရေး သောက်ရေး၊ကျန်းမာရေးအတွက် သုံးစွဲနိုင်ဖို့ရာ အတွင်းပစ္စည်းအဖြစ်နဲ့ ရွှေထည်ဖြစ်ဖြစ်၊ ငွေကြေးဖြစ်ဖြစ် စုဆောင်းသိမ်းဆည်းထားဖို့ လိုတယ်။ အေး ကိုယ်ကချွေချွေတာတာမစားရက်မသောက်ရက် စုဆောင်းသိမ်းဆည်းထားတဲ့ငွေကြေး ပစ္စည်းဥစ္စာကို သားသမီးတွေ စီးပွားရေးလုပ်ဖို့အရင်းအနှီးလိုလို့ အကုန်ထုတ်မပေးလိုက်ဖို့လည်း အရေးကြီးတယ်။ ဒီလိုမှ မလုပ်ဘဲ သားတွေသမီးတွေ အပေါ် သိပ်သံယောဇဉ်ထားပြီး ကိုယ်စုဆောင်းထားတဲ့ အိုစာမင်းစာလေးကို အကုန်ထုတ်ပေးလိုက်မယ်ဆိုရင် အိမ်ကနေ အလိုလိုဆင်းသွားရနိုင်တယ်။ ဒါကို သိပ်သတိထားတတ်ရပါမယ်။ အချစ်ရဲ့သဘာဝဟာ နောင်မျိုးဆက်ကိုပဲ ဆင့်ပွားတတ်ပါတယ်။ သားသမီးကို



ချစ်တယ်ဆိုတာ သတ္တဝါတိုင်းရဲ့မွေးရာပါဗီဇ သဘာဝဖြစ်ပါတယ်။ ရေစုန်ရေဆန်ဆိုတာမှာ ရေစီးသဘာဝအရ နိမ့်လျောတဲ့ဘက်ကိုပဲ စီးတတ်ပါတယ်။ အထက်ကိုဆန်ပြီး စီးရိုးမရှိပါဘူး။ ဒါ့ကြောင့် သားသမီးတွေက သူတို့ရဲ့မိဘကို ထောက်ပံ့ပြုစုဖို့ဆိုတာ ဘာသာရေးအဆုံးအမနဲ့သာ သွန်သင်ယူရပါတယ်။ မွေးမြူယူရပါတယ်။ ဒီလိုသွန်သင်မွေးမြူကြရပေမဲ့ ဖြစ်ထွန်းလာဖို့ဆိုတာ မသေချာမရေရာပါဘူး။ မိဘနှစ်ပါးဟာ သားသမီး(၁၀)ယောက်ကို အပြုံးမပျက်ကျွေးမွေးပြုစုနိုင်ကြပေမဲ့ သားသမီး(၁၀)ယောက်က မိဘနှစ်ယောက်ကို ဆူပုတ်ပြီးမှ ကျွေးမွေးနိုင်ကြတယ်ဆိုတဲ့ စကားပုံတစ်ခုကြားဖူးပါတယ်။ ဒါကြောင့် ပြောချင်တာက မအိုသေးခင်ကတည်းက ကိုယ့်အတွက် ကိုယ်ချန်ထားပါ။ ဒါဟာ အိုစာမင်းစာပါ။

**၄။ အိုရေး**

အိုတဲ့အခါမှာ ဖြစ်ပေါ်လာနိုင်တဲ့ ကျန်းမာရေးအခြေအနေကို ရေးမှတ်ထားရတာဖြစ်ပါတယ်။ အိုလာရင် ကိုယ့်ကျန်းမာရေးကိုယ်ဂရုစိုက်ရတယ်။ မနက်တိုင်း တတ်စွမ်းနိုင်သလောက် လမ်းလျှောက်တာမျိုး၊ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ အဖွဲ့လိုက်ကျန်းမာရေးလေ့ကျင့်ခန်းလုပ်တာမျိုးတွေမှာ ကိုယ်လည်းပါဝင်သင့်တယ်။ ကိုယ်က လမ်းကောင်းကောင်းမလျှောက်နိုင်တဲ့အခြေအနေမျိုးဆိုရင် လှုပ်ရှားနိုင်သလောက် အတတ်နိုင်ဆုံးကိုယ်လက်လှုပ်ရှားပေးသင့်တယ်။ ကိုယ့်ရဲ့ကျန်းမာရေးကောင်းမွန်ခြင်းဟာ ကိုယ့်တစ်ယောက်တည်းအတွက်သာမဟုတ် သားသမီးတွေအတွက်ပါ လာဘ်တစ်ပါးဖြစ်တယ်။ ကိုယ့်အတွက် သူတို့လေးတွေ အလုပ်မရှုပ်ကြဘူးဆိုရင် သူတို့အလုပ်သူတို့ကောင်းကောင်းလုပ်နိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ကိုယ်တိုင်က ကျန်းကျန်းမာမာနဲ့ နေထိုင်စားသောက်တတ်ဖို့လည်းလိုပါတယ်။

**၅။ အိုစိတ်**

အိုလာပြီဆိုရင် စိတ်နေစိတ်ထားမှန်မှန်ကန်ကန်ထားတတ်ဖို့လည်းလိုပါတယ်။ ငါအသက်ကြီးပြီ၊ သေခါနီးပြီ၊ ငါဟာ ဘာမှအသုံးမကျတော့ဘူးဆိုပြီး စိတ်ဓာတ်မသိမ်ငယ်သင့်ပါ။ သေခြင်းတရားကို တွေးပြီးကြောက်မနေသင့်ပါ။ သေမယ်ဆိုတာကို သတိမထားမိဘဲ မေ့မေ့လျော့လျော့နေထိုင်သင့်ပါတယ်။ တစ်ရက်အသက်ရှင်ရင် တစ်ရက်အမြတ်ပဲ။ တန်အောင် အသက်ရှင်ရမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးမွေးမြူရပါမယ်။ ကျန်းမာရေးအဆင်ပြေလို့ ကျန်းကျန်းမာမာနဲ့ ရှန်းကန်လှုပ်ရှားနေနိုင်သေးတယ်ဆိုရင် အလှူပွဲတွေ၊ ဘာသာရေး၊ လူမှုရေးပွဲတွေမှာ ပါဝင်ကူညီ၊ လုပ်နိုင်တဲ့ဘက်တွေမှာ ကိုယ်တိုင်ပါဝင်လှုပ်ရှားနေသင့်ပါတယ်။ ဒီလို လူ့အသိုင်းအဝန်းကြားထဲမှာ ရှန်းကန်လှုပ်ရှားပါဝင်နေနိုင်တာနဲ့အမျှ စိတ်ဓာတ်ရွှင်လန်းကျန်းကျန်းမာမာနဲ့ အသက်ရာကျော်ရှည်စွာ နေထိုင်သွားနိုင်မှာဖြစ်ကြောင်း၊ မိမိတို့ပတ်ဝန်းကျင်လူ့ဘောင်မှ အတွေးအမြင်များအပေါ် လေ့လာဆင်ခြင်ကာ ရေးသားဆွေးနွေးတင်ပြရခြင်းဖြစ်ပါတယ်။

**''အိုမည့်သူအားလုံး ကိုယ်စိတ်ကျန်းမာ ချမ်းသာစွာဖြင့် လက်ကျန်ဘဝသက်တမ်း အေးငြိမ်းချမ်းသာ ဖြတ်သန်းနိုင်ကြပါစေ ''**

# ကျိန်စာတွေနဲ့ သင်

**✻ ဒီတောကိုခုတ်**
**ဒီတောပြုတ်မှ**
**မျိုးယုတ်နောင်တ**
**သင်ရယ်ရစဉ်**
**ဘဝအများ – –သေဆုံးသွား**

**✻ ဒီတောင်ကိုဖြို**
**ဒီတောင်ငိုမှ**
**ကွန်းခိုမျက်ရည်**
**သင်ရနေစဉ်**
**လွင့်လေဘဝများ – – သေဆုံးသွား**

**✻ ဒီမြစ်ကိုသတ်**
**ဒီမြစ်ပျက်မှ**
**ရက်စက်အတွေး**
**သင်လွမ်းဆွေးစဉ်**
**ငိုင်ငေးဘဝများ –– သေဆုံးသွား**

**✻ သေဆုံးဘဝ**
**ကျိန်စာကဝယ်**
**နောင်တသင့်တွက်**
**ရှိနေလျက်မို့**
**နေ့ရက်အများ –– ဒုက္ခပွား**

စိုင်ပြေ(ကော့မှူး)

# ECD, IUCN and FREDA on Sustainable Management of Peatland Ecosystems Project in Inle Lake of Myanmar



By
U Sein Thet, Director (Rtd)
Vice-Chairman, FREDA

Inle Lake was formed more than 1.5 million years ago. Its unique geological history has created habitat conditions leading to a rich biodiversity with many native and endemic species. According to UNESCO, the wetland ecosystem of the freshwater lake is home to 267 bird species-of which 82 are wetland birds-and 43 species of freshwater fishes, otters, and turtles (UNDP,2015). A Biodiversity and Nature Conservation Association (BANCA) survey recorded 135 species of birds in Inle Lake in July 2011. The lake has been reported to be a nesting place for the globally endangered Sarus Crane (Grus antigone). Three individuals of Sarus Crane were observed in grasslands and rice fields just north of Inle Lake, on February 23,2017. As native peatlands are transformed to agricultural crops, important habitat for the Sarus will be further compromised. Thus, the restoration of native peat grasslands in Inle Lake could serve an important function in terms of restoring important feeding areas and habitat in general for this endangered species.

Inle Lake in Myanmar was designated as a Wildlife Sanctuary in 1985, as an ASEAN Heritage Park in 2003, and a Man and Biosphere Reserve in June 2015. The lake combines rich historic and cultural values with significant environmental values due to its highbiodiversity and invaluable ecosystem services. It has been listed as an important heritage area for Southeast Asia and would qualify as a wetland of international importance for migratory waterbirds. It contains the largest peatland so far described in Myanmar. Peat and sediment from the lakebed ae used to construct floating gardens by spreading them on top of portions of floating mats of vegetation. The flora of the lake is very diverse and has a very high biomass. There are a variety of water birds including the endangered Sarus Crane. Estimates of fish diversity range from 23 to 42 species with 16 endemic species. Thus, there is roughly 50% specific endemism in Inle Lake, making it one of the most important lakes in Southeast Asia for fish endemism. Despite its unque culture and natural heritage, the lake has been degrading over time due to numerous and complex factors including: havy chemical inputs to floating garden beds leading to eutrophication, siltation from unsustainable agricultural practices in the surrounding watershed, and rapid development from the tourism industry. There have been substantial efforts to manage and restore Inle Lake and extensive planning such as through the development of the Long Term Restoration and Conservation Plan of Inle Lake.

SEApeat (2012-2015) confirmed significant areas of peatlands in Myanmar including more than

10,000ha in Shan State (9,100 ha in Inle Lake 1,600 ha in Heho Valley), and roughly 500ha around Htu Lake in Myan Aung Township of the Ayerwaddy Region. Other areas where peatlands have been found-under SEApeat as well as a 2008 survey supported by the Australian Aid Development Cooperation Programme (AADCP) – but require additional survey include: Hopong Valley in southern Shan State, Pyin Oo Lwin Township of Mandalay Region, Bokpin and Palaw Townships of the Thanintharyi Region (southern Myanmar), Indawgyi Lake in Kachin State (northern Myanmar) and Kyaukme Township of Northern Shan State. The most in-depth assessments of peatlands to date the country of Myanmar have occurred within the Inle Lake area (SEApeat, 2012-2015) in Taunggyi District of Southern Shan State. While important peatlands occur in other parts of Myanmar and will be identified and described more clearlyunder the project's national survey component, the pilot sites demonstrating best management practices (BMPs) will be located within the Inle Lake. Based on the survey and assessment conducted by SEApeat (2014), there are two types of peatlands in and around Inle Lake : peatlands and floating peatlands. Peatlands are located along the fringes of the lake and at the foot of the basin's hillside while floating peatlands are dominat within the inner area of the lake. The thickness of the peat layers assessed by SEApeat in this vicinity generally varied from 0.4 to 3.4 meters. The dominant land use of the peatlamds and floating peatlands of Inle Lake is agricultural production, mainly of tomatoes and other vegetable crops. There are also remaining (albeit fragmented in places) natural peatlands within Inle Lake that generally fall into two ecosystem types: grasslands and aquatic plant mats. The grasslands typically correspond with the higher-lying peatlands along the lake's fringe, while aquatic plant mats dominate the vegetative structure of the floating peatlands within the inner lake area. These natural peatlands provide important breeding and nesting grounds for fish and habitat for birs and amphibians. In particular, the fringe peatlands have been identified as a refuge zone for many species of waterfowl. However, many of these water bird species in the lake are sensitive to habitat degradation and these species act as indicators of the overall health of the ecosystem.

A regionally significant peat dome is situated at the northwestern edge of Inle Lake within the village tract of Taung Po Gyi. SEApeat recorded a substantial peat layer with a thickness of greater than six meters at this particular location. Three additional peat domes were also recorded in Hopong Township (just east of the Inle Lake drainage basin but within the same district of Taunggyi), however the thickness of their peat layers not been checked yet. These peat domes are, in essence, raised bogs that are classified as ombrotrophic (rain is the primary source of water and nutrients) with dome-shaped landforms iocated on interfiuvial divides. Closed-system interactions between vegetation, peat and water operate as 'self-regulation' mechanisms that enable these domes to persist under varying climatic conditions for years. In addition, these peatlands have abundant and spacious soil pores that can absorb and store a relatively large amount of water inside the peat body during the wet season. Water absorption of peat domes created a fairly consistently wet soil environment despite their higher terrain compared to surrounding areas. Although peat domes have the capacity to absorb relatively large amounts of water, if this natural water source is unsustainably exploited there can be significant impacts to the overall structure and function of these systems. For example, if water extraction for village use results in the loss of a large amount of water during the dry season (at a time when it cannot be replenished), the peat will subside due to the less water present inside the peat dome's pore spaces. The peat subsidence is impossible to restore (in this lifetime) to its original status because the reverse process cannot take place except through the accumulation of plant residues on the surface that happens at an estimated rate of 0.5-2.0 mm per year. Field observation show there are many wells for water extraction in the unique peat dome of Taung Po Gyi, and locals describe (and are concerned with) the significant subsidence that has

occurred over the years. Relatedly, at a peat dome in Hopong Township, local agricultural producers have recently installed a pump system to extract water to irrigate nearby crops. This practice threatens the sustainability of this peat dome without knowing the amount of water that can be extracted without causing subsidence and a plant put in place to limit water use around this threshold. To date, there have not been any assessments of water supply capacity and water renewable of peat domes in Myanmar, but observations confirm that exploitation of water resources in these ecosystems will have an impact on the height and the volume of the peat domes. This water withdrawal practice should be considered carefully in terms of developing strategies for sustainable water use within peat domes and peatland conservation itself.

According to observations of current agricultural production of peatlands within the District of Taunggyi in Sounthern Shan State, there are three kind of agro-ecosystems that should be considered when developing sustainable strategies for peatland conservation:1) agro-ecosystems in floating peatlands;2) agro-ecosystems in peatland; and 3) agro-ecosystems in peat domes. The current status of agriculture in the peatlands and floating peatlands in and around Inle Lake have been influenced and shaped over time by the ethinic groups of (Inthar) Their origin , structure and ecological relations differ from natural landscapes considerably. They are considered as the visual result of peatland uses, particularly on the floating peatlands of Inle Lake. They are seminatural systems developed with the participation of the Inthar who have used and maintained them for decades. However, the sustainable use of peatland resources does not mean only for food production but also should involve maintaining the equilibrium between the productive, economic and agroecosystem function and maintaining the biodiversity of peatlands. Ideally, sustainable agriculture in peatlands in this area of Myanmar should seek to take advantage of ecosystem processes by designing and agricultural system that works to achieve both production goals and peatlands conservation dually.

To develop and maintain these sustainable management approaches, local communities must be involed including through capacity building for developing alternative livelihood models.

The International Union for Conservation of Nature,IUCN, express its interest in becoming the GEF Implementing Agency for the sub-regional project, "Sustainable Management of Peatland Ecosystems in Northem South-east Asia". Founded in 1948, IUCN is the world's oldest and largest global environmental organization, and is supported by more than 1,000 professional staff. IUCN's vision is just world that values and conserves nature. Its mission is to influence, encourage and assist societies throughout the world conserve the integrity and diversity of nature and to ensure that any use of natural resources is equitabile and ecologically sustainable. It is made up its member organizations, six scientific commission (Commission on Education and Communication ,Commission on Environmental, Economic and Social Policy, Commission on Environmental Law, Commission on Ecosystem Management, Species Survival Commission, World Commission on Protected Areas), and a professional secretariat located in some 60 countries.

to be continue







# သစ်တောရောဂါဗေဒအကြောင်းသိကောင်းစရာ

ဝါဝါလင်း၊ သုတေသနလက်ထောက်(၃)

ယနေ့ခေတ် ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှရာသီဥတုပြောင်းလဲလာမှုများသည် အရှိန်အဟုန်မြင့် ဖြစ်ပေါ်ပြောင်းလဲလာနေသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ ထိုကဲ့သို့ ရာသီဥတုပြောင်းလဲလာမှုများကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံအဝှမ်းတွင် ရေခဲတောင်များအရည်ပျော်လာခြင်း၊ ရေကြီးရေလျှံခြင်း၊ အပူအအေးလွန်ကဲလာခြင်း စသည်တို့အပြင် သစ်တောများနှင့်စိုက်ပျိုးရေးစိုက်ခင်းတို့တွင် ရောဂါနှင့်ဖျက်ပိုးများသည် အရိပ်ပမာထပ်ချပ်မကွာကပ်ပါလျက်ရှိပြီး အဖက်ဖက်မှ နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လာကြပါသည်။ ထိုကဲ့သို့ရောဂါပိုးမွှားများ ကျရောက်လာပါက မိမိတို့အနေဖြင့် ပြန်လည်အံတု တုံ့ပြန်နိုင်မည့်နည်းလမ်းများနှင့် ကာကွယ်ခြင်းနည်းလမ်း များကိုရှာဖွေဖော်ထုတ်ကြရပေတော့မည်။ ရောဂါနှင့် ဖျက်ပိုးများကျရောက်ပါက အများအားဖြင့် သစ်မျိုးတစ်မျိုးတည်းတစ်ဆက်တစ်စပ်တည်း စိုက်ပျိုးခြင်းသည် ရောဂါနှင့်ပိုးမွှားများ အလွယ်တကူ ကျရောက်စေနိုင်ပြီး ကျရောက်မှုနှုန်းကိုပိုမိုမြန်ဆန်စေနိုင်သည့်အပြင် ကျရောက်ပါက ကာကွယ်နှိမ်နင်းရန်ခဲယဉ်းလှပါသည်။ ဆိုးရွားစွာကျရောက်မည်ဆိုပါက အဖက်ဖက်မှ ထိခိုက်နစ်နာမှုများဖြစ်ပေါ် စေနိုင်ပါသည်။ထို့ကြောင့် သစ်တောများနှင့်ပျိုးဥယျာဉ်များတွင် ရောဂါနှင့်ဖျက်ပိုးများကျရောက်ပါက စိုက်ခင်းတာဝန်ခံများနှင့်ပျိုးဥယျာဉ်ကြီးကြပ်သူများအနေဖြင့် စတင်ရောဂါကျရောက်သည့်အချိန်၊ လက္ခဏာများနှင့် ကာကွယ်ခြင်းနည်းလမ်းများကို သတိရှိစွာသိရှိနားလည်ထားရန် လိုအပ်လှပါသည်။ ယနေ့ သစ်တောများကာကွယ်ထိန်းသိမ်းရန်အတွက် သစ်တောပိုးမွှားဗေဒ (Forest Entomology)နှင့် ရောဂါဗေဒ(Forest Pathology)အပိုင်းကဏ္ဍသည်လည်း အရေးကြီးသော အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်နေကြပါသည်။ သို့ဖြစ်၍ သစ်တောများတွင် ရောဂါကျရောက်မှုများအနက်မှ ရောဂါတစ်ချို့နှင့် ကာကွယ်နိုင်မည့် နည်းများအား ရေးသားတင်ပြလိုက်ရပါသည်။

## ၁။ ကျွန်းရွက်သံချေးမှိုရောဂါ (Rust)

ထိုရောဂါသည် ကျွန်းပျိုးပင်များ၊ ကျွန်းသက်နုစိုက်ခင်းများတွင်တွေ့ရှိရသည်။ အများအားဖြင့် ဩဂုတ်လမှ ဖေဖော်ဝါရီလအတွင်းတွင် ထိုရောဂါများကိုတွေ့ရှိရသည်။ အချို့ဒေသများတွင် တစ်နှစ်လုံးနီးပါးတွေ့ရှိရသည်။ ပျိုးဥယျာဉ်များတွင် ထိုရောဂါအမြောက်အမြား ကျရောက်ပါက သေစေနိုင်သော်လည်း စိုက်ခင်းများတွင် အရွက်များကြွေစေ၍ အပင်ကြီးထွားနှုန်းကျဆင်းရုံသာရှိနိုင်သည်။ ရောဂါကျရောက်ပါက လက္ခဏာမှာအလွန်ပင်သိသာထင်ရှားလှပါသည်။ ကျွန်းရွက်အောက်ဖက်မျက်နှာပြင်တွင် ဆန္ဒင်းမှုန့်ကဲ့သို့ အဝါရောင်အမှုန့်များစတင်ကျရောက်ပြီး ရက်အနည်းငယ်အတွင်း အရွက်မျက်နှာပြင်တစ်ခုလုံးဖုံးလွှမ်း၍ ခြောက်သွေ့သွားသည်။

### ထိခိုက်မှုများ

အရွက်အပေါ်ဖက်မျက်နှာပြင်နှင့် အောက်ဖက်မျက်နှာပြင်၌ အဝါရောင်အမှုန့်များကျရောက်သည့်နေရာတိုင်းတွင် ဆဲလ်များ(Cells)သေသွားကာအရွက်များခြောက်သွေ့ညှိုးမဲစေနိုင်သည်။ ထို့ကြောင့် အရွက်မှအပင်အတွက် အစာချက်လုပ်ခြင်း (Photosynthesis)ပြုလုပ်ခြင်းကိုထိခိုက်စေနိုင်၍ အပင်ကြီးထွားမှုကိုနှောင့်နှေး စေနိုင်ပါသည်။

### ကာကွယ်နှိမ်နင်းနိုင်သောနည်းလမ်းများ

- ပျိုးဥယျာဉ်တွင် ရောဂါကျရောက်တက်သော ကာလများမတိုင်မီ ဆာလဖာ(Sulphur)ပါသော မှိုသတ်ဆေးတစ်မျိုးမျိုး ကြိုတင်ဖြန်းထားပေးသင့်ပါသည်။ ရောဂါကျရောက်ပါက Diaconal, Plantvax, Maneb dithane (သို့) Binomyl ဆေးရည် တစ်မျိုးမျိုးအား ရောဂါပိုးရှိသော အရွက်အောက်ဖက်သို့ တိုက်ရိုက်ကျအောင် ဖြန်းပေးသင့်ပါသည်။
- စိုက်ခင်းများတွင်ကျရောက်ပါက ဆေးဖြန်းရန် အခက်အခဲရှိသောကြောင့် ကိုင်းချိုင်ခြင်းနှင့် ရောဂါကြောင့် ခြောက်သွေ့သွားသော အရွက်များ၊ ကြွေကျသွားသော အရွက်များအား စုပုံမီးရှို့ပေးခြင်းအားဖြင့် ရောဂါများ ပိုမိုပေါက်ပွားမှုကို နှောင့်နှေးရပ်တန့်စေနိုင်ပါသည်။

**၂။ အမည်းရောင်ပြင်လိုက် အမှုန့်များ** (Black Mildew or Sooty Mold)

ထိုရောဂါဖြစ်ရသည့်အကြောင်းအရင်းမှာ Black Mildew or Sooty Mold အမည်ရှိ *Meliola* sp. မှိုရောဂါပိုးတစ်မျိုးကြောင့်ဖြစ်ပါသည်။ သစ်ရည်စုပ်ပိုးတစ်မျိုးဖြစ်သည့် စုပ်စားပိုးများသည် အရည်ရွှန်းသောကျွန်းပင်၏ အရွက်များရှိအရည်များအား စုပ်ယူစားသုံးပြီး အရွက်ပေါ်တွင် ချိုမြစေးကပ်သည့်အရာ(Honeydew)များတင်ကျန်နေခဲ့ပါသည်။ ၎င်း Honeydew ခေါ် ချိုမြစေးကပ်သည့်အရာများသည် သစ်ပင်၏ အရွက်၊ အသီး၊ အကိုင်းများ၊ အရွက်၏အပေါ်နှင့် အောက်မျက်နှာပြင်စသည့်နေရာများတွင် အမည်းရောင်ပြင်လိုက်အမှုန့်များအဖြစ် နေရာကျယ်ပြန့်စွာတင်ကျန်နေခဲ့ပါသည်။ နောက်ပိုင်းတွင် ၎င်းအမှုန့်များသည် တဖြည်းဖြည်း Black Mildew or Sooty Mold ရောဂါအဖြစ်သို့ ဖြစ်ပေါ်စေပါသည်။

**ထိခိုက်မှုများ**

ထိုရောဂါမျိုးကျရောက်ပါက ရောဂါကျရောက်သည့်အပင်သည် ချက်ချင်းဆိုသလို တိုက်ရိုက်ထိခိုက်မှုမျိုးမရှိနိုင်သော်လည်း ၎င်းအမည်းရောင်ပြင်လိုက်အမှုန့်များကြောင့် သွယ်ဝိုက်သောနည်းအားဖြင့် အရွက်သည် နေရောင်ခြည်ကောင်းစွာမထိုးဖောက်နိုင်ခြင်းကြောင့် အစာကောင်းစွာချက်လုပ်နိုင်ခြင်းမရှိတော့ပေ။ ထို့ကြောင့်နောက်ပိုင်းတွင် အရွက်များကြွေကျပြီး အပင်ကြီးထွားတိုးတက်မှုနှုန်းအား တန့်စေနိုင်ပါသည်။

**ကာကွယ်နှိမ်နင်းနိုင်သောနည်းလမ်းများ**

❖ဆပ်ပြာမှုန့်အားရေဖြင့်သင့်တင့်စွာဖျော်၍အမည်းရောင်အမှုန်များရှိသည့် အရွက်အောက်ဖက်မျက်နှာပြင်နှင့် အခြားသောနေရာ အစိတ်အပိုင်းများအား ဆေးဖြန်းပုံးဖြင့် ဖြန်းပေးနိုင်ပါသည်။ (သို့) စိုက်ပျိုးရေးဆေးဆိုင်များတွင် Benomyl, Hexaconazole, Carbendazim, Copper, စသည့်မှိုသတ်ဆေး (Fungicides) တစ်မျိုးမျိုးနှင့် (Insecticides) တစ်မျိုးမျိုးတို့အား ဝယ်ယူပြီး ဆေးဗူးပါအညွှန်းအတိုင်း အမည်းရောင်အမှုန်များရှိသည့် အရွက်အောက်ဖက်မျက်နှာပြင်နှင့် အခြားသောနေရာ အစိတ်အပိုင်းများအား ဆေးဖျန်းပုံးဖြင့် ဖြန်းပေးနိုင်ပါသည်။

❖ကျွန်းစိုက်ခင်းအတွင်း ကြွေကျပြီးဖြစ်သောအမည်းရောင်အမှုန်များရှိသည့်အရွက်များအား ကျွန်းပင်များနှင့်ဝေးသောနေရာတွင် သယ်ယူ၍မီးရှို့ဖျက်ဆီးပေးရပါမည်။

**အကြံပြုချက်**

ဆိုးရွားစွာကျရောက်မှုမျိုးမရှိသေးပါက ပြင်လိုက်ရှိနေသည့် အမည်းရောင်အမှုန်နေရာများအား ဓာတုဆေးဝါးများ(Fungicides)နှင့်(Insecticides)များ အစားဆပ်ပြာရည်ဖြင့် အရင်ဦးဆုံးဖျန်းပေးခြင်းသည် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေနိုင်ပါသည်။

**၃။ ပင်စည်အက်ကွဲသည့်လက္ခဏာ**(Stem canker)

ထိုရောဂါဖြစ်ရသည့်အကြောင်းမှာ သစ်ပင်များတွင် ထိခိုက်ဒဏ်ရာများမှတဆင့် ရောဂါဖြစ်ပေါ်စေနိုင်ပါသည်။ ထိုရောဂါလက္ခဏာမှာစိုက်ခင်းရှိ အချို့ကျွန်းပင်များ၏ ပင်စည်ပိုင်းနေရာများတွင် အခေါက်များအက်ကွဲနေသည့် ပင်စည်အက်ကွဲသည့်လက္ခဏာ(stem canker) မှိုရောဂါတစ်မျိုးဖြစ်ပါသည်။ ၎င်းအခေါက်များအားလက်ဖြင့် ဖဲ့ကြည့်ရာတွင် အလွယ်တကူပဲ့ကြွေပြီး လွှစာမှုန့်များကဲ့သို့ အမှုန်များ ဖြစ်နေပါသည်။



**အသားများမှာထွက်နေသော ကျွန်းပင်ပင်စည်၏အခေါက်**



**အက်ကွဲနေသော**(Canker)**ကျွန်းပင်၏ပင်စည်**



*Alternaria* sp. **မှိုရောဂါပိုး**



*Fusarium* sp.**မှိုရောဂါပိုး**

**ကာကွယ်နှိမ်နင်းနည်း**

➢ ဦးစွာပထမ ကျွန်းပင်၏ရောဂါဖြစ်နေသည့် အခေါက်ပတ်ပတ်လည်နေရာများအားဓားဖြင့် ခြစ်ချပစ်ရပါမည်။ ထိုကဲ့သို့ ခြစ်မချမီခြစ်ချရန် အသုံးပြုသည့်ပစ္စည်း ဥပမာ(ဓား) အား အရက်ပျံဖြင့် ပိုးသတ်ပေးရပါမည်။ ရောဂါဖြစ်နေသည့် အခေါက်နေရာအား ခြစ်ချပြီး ကျွန်းပင်တွင် ကျန်ရှိသောနေရာ အားသန့်ရှင်းအောင်ပြုလုပ်ပေးရပါမည်။ ထို့နောက် ၎င်းနေရာအား စိုက်ပျိုးဆေးဆိုင်များတွင် တရားဝင်ခွင့်ပြုထားသည့် stem canker မှိုသတ်ဆေး၊ ဥပမာCaptafol ကို ဆေးဗူးပါ အညွှန်းအတိုင်း(သို့) Benomပူဆေး(၁) ပေါင်နှင့်

ရေ (၁၀၀) ဂါလံတို့အားရောစပ်ပြီး၍ ပင်စည်ပတ်ပတ်လည်နေရာများအား စုတ်တံ(Brush)ဖြင့် သုတ်လူးပေးနိုင်ပါသည်။

- ရောဂါစွဲကပ်နေသည်ဟုထင်ရသည့် ဘေးကိုင်းတက်ငယ်များအား စနစ်တကျခုတ်ယူရှင်းပစ်ရပါမည်။ အခြားသောရောဂါပိုးများမဝင်ရောက်နိုင်စေရန် အပင်ရှိ ခုတ်ထားသည့် နေရာအားဆေးကတ္တရာ(သို့) သစ်စေး(သို့)သဘော်ဆေးဖြင့် သုတ်လိမ်းပေးရပါမည်။

## ၄။ ယူကလစ်လောင်ကျရောဂါ (Leaf Blight)

ထိုရောဂါကျရောက်ရခြင်းမှာ မိုးရာသီတွင် မိုးပြင်းထန်စွာရွာသွန်းခြင်းကြောင့် တစ်သျှူးယူကလစ်ပျိုးပင်များတွင် အရွက်များ၌ လောင်ကျရောဂါ(Leaf Blight) ကျရောက်ရခြင်းဖြစ်ပါသည်။ ရောဂါလက္ခဏာမှာ ယူကလစ်ပျိုးပင်များ၏ အညွန့်များညိုးနွမ်းခြောက်သွေ့နေပြီး အရွက်၏အနားတစ်ချို့နှင့် အရွက်မျက်နှာပြင်တွင် အကွက်လိုက်အကွက်လိုက် ခြောက်သွေ့နေသည့် လက္ခဏာများကိုတွေ့ရှိရပါသည်။ အပင်ကို ဆွဲနုတ်သောအခါ အလွယ်တကူပါလာနိုင်ပါသည်။ အများအားဖြင့် ပျိုးပင်သက်တမ်းနစဉ် ၂-၃ လသားပျိုးပင်များ၌ ဖြစ်စေနိုင်ပါသည်။ ရောဂါအစပိုင်းတွင် အရွက်များ ညိုးနွမ်းခြောက်သွေ့ကာ နောက်ပိုင်းတွင် အရွက်များကြွေကျကုန်ပြီး အပင်သည် တဖြည်းဖြည်းကြီးထွားမှုနှုန်း ရပ်တန့်စေနိုင်ပါသည်။ နောက်ဆုံးတွင် အပင်သေစေသည်အထိဖြစ်စေနိုင်ပါသည်။

ဓာတ်ခွဲခန်းတွင် ရောဂါမွေးမြူလေ့လာရာ*Rhizoctonia* sp.နှင့် *Phytophthra*sp. မှိုရောဂါနှစ်မျိုးတွေ့ရှိရပါသည်။ *Rhizoctonia sp.*သည် မြေကြီးအတွင်း ခိုအောင်းသောရောဂါ (soil pathogen) တစ်မျိုးဖြစ်ပါသည်။ သို့သော် စိုထိုင်းမှု (humidity)များသောဒေသ၊ ကာလများတွင် စိုရွှမ်းသောအရွက်နုသစ်များတွင်လည်း ထိုမှိုရောဂါအားတွေ့ရှိစေနိုင်ပါသည်။

## အကြံပြုချက်

ပျိုးဥယျာဉ်ကို ရေမဝပ်စေဘဲ ရေစီးရေလာကောင်းအောင် ဆောင်ရွက်သင့်ပါသည်။ ပျိုးဥယျာဉ်အမိုးကို ဖယ်ရှား၍ နေရောင်ခြည်လုံလောက်စွာရရန် ဆောင်ရွက်ရမည်။ ရောဂါဖြစ်သောအပင်နှင့် မဖြစ်သေးသောအပင်များကို သီးခြားခွဲထား၍ သေသွားသောအပင်များကို မီးရှို့ဖျက်ဆီးပစ်ရပါမည်။ ရေလောင်းများခြင်း၊ ပျိုးပင်များကြပ်ညပ်နေခြင်းများ သတိပြုပြင်ဆင်ပေးသင့်သည်။

## ကာကွယ်နှိမ်နင်းခြင်းနည်းလမ်းများ

- ပျိုးပင်များစိုက်ခင်းရောက်ပြီးပါက ပျိုးဥယျာဉ်အား သန့်ရှင်းအောင် မှိုသတ်ဆေး၊ ဘတ်တီးရီးယားသတ်ဆေးများဖြန်း၍ နောင်နှစ်ပျိုးပင်များအတွက် အဆင်သင့်ပြင်ဆင်ထားရမည်။



အရွက်အနားများခြောက်သွေ့နေသောယူကလစ်ပျိုးပင်ငယ်



(*Rhizoctonia* sp.)



(*Phytophthra* sp.)

- ပျိုးမြေတွင်ရောဂါပိုးမွှားများပါလာတတ်၍ အပင်မပျိုးမီ ပျိုးမြေကို MEMC (Methoxy Ethyl Mercury Chloride) မှိုသတ်ဆေးဖြန်းပြီး နှပ်ထား၍ သုံးသင့်သည်။
- ရောဂါဖြစ်ပျိုးပင်များအား carbendazin, carboxin, MEMC တို့ကိုအပင်ပေါ်ဖြန်းပေးနိုင်သည်။
- ရောဂါကျရောက်သောပျိုးပင်မှ ရောဂါမကူးစက်စေရန် ထိုပျိုးပင်ကိုမီးရှို့ဖျက်ဆီးပစ်ရမည်။
- ပျိုးဥယျာဉ်အတွင်းရှိ မြေများအား ထုံး၊ ဒုတ္ထာ အမှုန့်များဖြူးပေးသင့်သည်။

## ကိုးကားများ


၁။ Sooty Mold Management Guidelines--UC IPM ipm.ucanr.edu/PMG/PESTNOTES//pn74108.html

၂။ Black mildew and sooty mold - Missouri Botanical Garden www.missouribotanicalgarden.org › ... › Pests and problems › Diseases

၃။ A manual of diseases of tropical acacias in Australia, South-East Asia https://www.cifor.org//...//a-manual-of-diseases-of-tropical-acacias-in-australia-south-ea...

၄။ ဒေါ်မော်မော်စန်း၊ ဒုဦးစီးမှူး၊ အပင်ရောဂါဌာနစု၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန။

၅။ Jerry W. Riffle and Glenn W. Peterson, GTR RM-129 1986, Diseases of Trees in the Great Plains.

## မှတ်တမ်းဓာတ်ပုံများ



ကျွန်းစိုက်ခင်းတွင် သံချေးမှို (Rust)ရောဂါကျရောက်မှု



ကျွန်းရွက်၏အောက်ဖတ်မျက်နှာပြင်ရှိ နနွင်းမှုန့်ကဲ့သို့
အဝါရောင် အမှုန့်များ





Microscope အောက်တွင်တွေ့ရှိရသော ကျွန်းရွက်သံချေး မှိုရောဂါ (Rust)
(*Oliveatectonae*)



ကျွန်းရွက်၏အောက်ဖက်မျက်နှာပြင်ရှိ
အမည်းရောင်အမှုန်များ



စုပ်စားပိုးများကြောင့်
ကျွန်းရွက်အနားများတွန့်လိပ်နေခြင်း





Microscope အောက်တွင်တွေ့ရှိရသော မှိုရောဂါပိုး (*Meliola*.sp)

နောက်ကျောဖုံးမှအဆက်



ခြေဖဝါးကွဲပြားခြားနားသည့် ဇီဝမျိုးစိတ်များ

အဓိကရည်မှန်းချက်မှာ (၁) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး (Biodiversity Conservation) (၂) ရေရှည် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲရေး (Sustainable use of Biological Diversity) (၃) မျိုးဗီဇအရင်းအမြစ် သုံးစွဲရာတွင် အရင်းခံသည့်အကျိုးကျေးဇူးကို သာတူညီမျှ မျှဝေသုံးစွဲရေး (Benefit sharing of genetic resources) တို့ဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကွန်ဗင်းရှင်းအတွင်းဝန်ရုံးသည် ကနေဒါနိုင်ငံ၊ မွန်ထရီရယ်မြို့ Montreal တွင်တည်ရှိသည်။

ကမ္ဘာ့ ကုလသမဂ္ဂသည် မေလ ၂၂ ရက်နေ့ကို နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲများနေ့အဖြစ် သတ်မှတ်ကြေညာကာ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာပြဿနာဖြေရှင်းရန်အချက်များနှင့် ပတ်သက်၍ နားလည်သဘောပေါက်စေရေးနှင့် လူထုအသိပညာပေးရေးတိုးတက်မြင့်မားရန်အတွက် ဆောင်ရွက်လျက်ရှိသည်။ ဒုတိယအကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ ညီလာခံမှ ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ(၂၉)ရက်နေ့တွင် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကွန်ဗင်းရှင်း ဖြစ်ပေါ်ရန် စတင်တွန်းအားပေးကာ နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲနေ့အဖြစ် လျာထားသတ်မှတ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကမ္ဘာ့ကုလသမဂ္ဂသည် မေလ(၂၂)ရက်နေ့ကို နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲများနေ့အဖြစ် သဘောတူလက်ခံခဲ့သည်။ နှစ်စဉ် နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲများနေ့အထိမ်းအမှတ်ပွဲအဖြစ် ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာဆောင်ပုဒ်များ ကမ္ဘာအနှံ့ကြေညာကာ လူထုအသိပညာပေးရေး၊ ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာလူထုလှုပ်ရှားမှု မြင့်မားလာစေရေးတို့ကို လမ်းညွှန်ဆောင်ရွက်ရှိသည်။ ကမ္ဘာပေါ်တွင် ဖြစ်ထွန်းတည်ရှိကုန်သော ဇီဝမျိုးစိတ်အားလုံး မျိုးတုံးပျောက်ကွယ်မှုမရှိစေရေး၊ ရေရှည်တည်တံ့ရေး၊ ကမ္ဘာကြီး၏ သက်ရှိလောကတည်မြဲရေးကိုဦးတည်ကာ သဘာဝပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များထိန်းသိမ်းကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန်အတွက် လမ်းညွှန်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာကြီး၏ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးကိုအကောင်အထည်ဖော်ရန် ၂၀၀၀ ပြည့်နှစ်တွင် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများမှ ဆယ်စုနှစ်အတွင်း ဇီဝမျိုးစုံမျိုးကွဲများသုညမျိုးတုံးမှု(Zero extinction) ဖြစ်အောင် ကြိုးပမ်းအားထုတ်ရန် ရည်မှန်းချက်ထားခဲ့ကြသည်။ ဆယ်စုနှစ်ပြည့်မြောက်သည့် ၂၀၁၀ ပြည့်နှစ်တွင် ရည်မှန်းချက်အောင်မြင်မှုမရပဲ ဆင်စွယ်များ၊ ကြံ့ချို၊ ကျားသားရေ၊ ကျားရိုးများစသည့် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ၊ ဆေးဖက်ဝင်အပင်များ၊ သစ်ခွမျိုးစိတ်များ တရားမဝင်ကုန်သွယ်မှုကျူးလွန်မှုများကိုတွေ့မြင်နေရသည်။ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းနိုင်ရေး မအောင်မြင်ရသည့် အကြောင်းတရားကို စိစစ်သုံးသပ်ကာလာမည့် ဆယ်စုနှစ်အတွင်းဇီဝမျိုးစုံမျိုးကွဲများရေရှည်တည်တံ့ရေး၊ မျိုးတုံးပျောက်ကွယ်မှုမရှိစေရေးတို့ကို အလေးထားပါဝင်ကူညီဆောင်ရွက်ရန် ၂၀၁၀ ပြည့်နှစ်ကို နိုင်ငံတကာ ဇီဝမျိုးစုံမျိုးကွဲနှစ် (International Year of Biological Diversity) အဖြစ် သတ်မှတ် ကြေညာကာ ''**ဇီဝမျိုးစုံမျိုးကွဲသည် သက်ရှိ ဖြစ်ပြီး၊ ၎င်းတို့သည် ကျွန်ုပ်တို့၏အသက်ဖြစ်သည် (Biodiversity is life, it is our life)**''ဆောင်ပုဒ်ဖြင့် ဇီဝမျိုးစုံမျိုးကွဲ၏ အရေးပါပုံနှင့်တန်ဖိုးကို ကမ္ဘာအနှံ့လူအားလုံး နားလည်တန်ဖိုးထားထိန်းသိမ်းကြရန် နိုးဆော်တိုက်တွန်းခဲ့သည်။ ကမ္ဘာပေါ်ရှိ လူသားနှင့်တကွ သက်ရှိအားလုံးအသက်ရှင်သန်နေနိုင်ရေးအတွက် ဇီဝမျိုးစုံမျိုးကွဲတို့ အရေးကြီးပုံကိုဖော်ညွှန်းထားခြင်းဖြစ်သည်။ လူသားတို့၏ ကံကြမ္မာသည် ကမ္ဘာပေါ်ရှိအမျိုးမျိုးကွဲပြားခြားနားသောဇီဝမျိုးစုံမျိုးကွဲနှင့် ခိုင်မာစွာချိတ်ဆက်နေသည်။ ဇီဝမျိုးစုံမျိုးကွဲသည် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုနှင့် လူသားတို့ချမ်းသာသုခအတွက် မရှိမဖြစ် အလိုအပ်ဆုံးအရာပင် ဖြစ်ပေသည်။

ကမ္ဘာကြီးတွင် ဇီဝမျိုးစုံမျိုးကွဲမရှိလျှင် သက်ရှိလောကမရှိနိုင်၊ လူအပါအဝင် သတ္တဝါနှင့် အပင် သက်ရှိအားလုံး အသက်ရှင်မနေနိုင်ပေ။ လူနှင့်သတ္တဝါအတော်များများသည် လေထဲမှ အောက်ဆီဂျင်ကို ရှူကာအသက်ရှင်နေကြသည်။ တဖန် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ရှူထုတ်ကြသည်။ အပင်တို့သည် ရှူထုတ်လိုက်သောကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူကာအစာချက်လုပ်ခြင်းဖြင့် ကာဗွန်ကို သိမ်းဆည်းထားကြသည်။ အပင်တို့သည် ၎င်းတို့ ရှင်သန်ကြီးထွားရေးအတွက် အစာချက်လုပ်ပြီး၊ အောက်ဆီဂျင်ကိုလေထုထဲထုတ်လွှတ်လိုက်သည်။ လူနှင့် သတ္တဝါများအသက်ရှင်နေနိုင်ရေးအတွက် အရေးကြီးလိုအပ်သည့် အောက်ဆီဂျင်ကိုသစ်ပင်များကသာလျှင် ထုတ်လွှတ်ပေးသည်။ တနည်းဆိုသော် ကမ္ဘာကြီးတွင် သစ်ပင်သစ်တောများမရှိလျှင် လေထုထဲအောက်ဆီဂျင်နည်းပါးကာ သတ္တဝါများအသက်ရှင်ရန် ခက်ခဲကြပေမည်။ ယနေ့ကမ္ဘာကြီးသည် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်သည့် မှန်လုံအိမ်ဓာတ်ငွေ့ (Green House Gasses)များ များပြားလာခြင်းဖြင့် ကမ္ဘာ့အပူချိန်တိုးလာခြင်း၊ ရာသီဥတုဖေါက်ပြန်ပြောင်းလဲလာခြင်းစသည်တို့ကြောင့် သဘာဝ



အင်းလေးကန် အတွင်းကျရောက်ကျက်စားသည့်
ဆောင်းခိုရေငှက် ရေကြက်ဒုံများ

ဘေးအန္တရာယ်များဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ဖေါက်ပြန်ပြောင်းလဲသည့် ရာသီဥတုလျော့ကျရေးအတွက် ကမ္ဘာ့လေထုထဲတိုးတက်များပြားလာသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်လျော့နည်းရန် အရေးကြီးသည်။ လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို လျော့နည်းသွားအောင် စုပ်ယူသိမ်းဆည်းနိုင်သူများမှာ သစ်ပင်သစ်တောကြီးများပင်ဖြစ်သည်။ ကမ္ဘာကြီးတွင် သက်တမ်းရင့် သဘာဝအတိုင်းတည်ရှိနေသော သစ်ပင်သစ်တောကြီးများသည်လေထုအတွင်း အောက်ဆီဂျင်ဓာတ်ငွေ့အများဆုံးထုတ်လွှတ်နိုင်သကဲ့သို့ လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကိုလည်း အကောင်းဆုံးစုပ်ယူသိမ်းဆည်းပေးကြောင်း ပညာရှင်များ၏ သုတေသနမှတ်တမ်းများအရသိရသည်။

လူတို့ အသက်ရှင်ရန် အရေးကြီးလိုအပ်သည့် အောက်ဆီဂျင်ကို ဇီဝမျိုးစုံမျိုးကွဲဖြစ်သည့် သစ်ပင်များမှ ထုတ်လွှတ်ပေးသည်သာမက နေ့စဉ် စားသုံးသည့် စားနပ်ရိက္ခာ၊ စားသောက်ကုန်ပစ္စည်း (ဆန်၊ ဂျုံဖြင့် ပြုလုပ်သည့် အစားအစာများ၊ လက်ဖက်ရည်၊ ကော်ဖီ၊ ချောကလက် စသည်) အားလုံးတို့သည် မွေးမြူစိုက်ပျိုးထုတ်လုပ်သည့် ဇီဝမျိုးစုံမျိုးကွဲများပင်ဖြစ်သည်။ ကမ္ဘာ့လူဦးရေသန်း (၁၈၀) ကျော်သည် ငါးလုပ်ငန်းနှင့်ရေလုပ်ငန်းတွင် တိုက်ရိုက် (သို့)သွယ်ဝိုက်သောနည်းဖြင့်လုပ်ကိုင်ကာ ဝင်ငွေကို အိမ်ထောင်စုဝင် မိသားစု စုစုပေါင်းသန်း (၅၄၀) ခန့် (ကမ္ဘာ့လူဦးရေ၏ ၈ %) ကိုထောက်ပံ့ထားကြသည်။ ထိုသူများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်(၉၀ %)နေထိုင်ကြသည်။ အာရှတောင်နှင့်အရှေ့တွင် လူဦးရေများစွာတို့သည် စပါးငါးစိုက်ပျိုးရေးဂေဟစနစ် အစုအဝေးပေါ်မှီခိုနေကြသည်။

လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်းများသည်လည်းဇီဝမျိုးစုံမျိုးကွဲကုန်ကြမ်းများဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။ ကျန်းမာရေးအတွက် ဆေးဝါး(ကင်ဆာကုသဆေး၊ ဂျင်စင်းဆေးဝါးစသည့် အစွမ်းထက်အာနိသင်ကောင်းသည့်ဆေးဝါး) တို့သည်လည်း ဇီဝမျိုးစုံမျိုးကွဲများမှ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဆေးဝါးဆိုင်ရာကဏ္ဍ အခွန်အခ၏ ၂၅–၅၀% (တစ်နှစ် အမေရိကန် ဒေါ်လာ ၆၅၀ ဘီလျံ)သည် မျိုးရိုးဗီဇဆိုင်ရာအရင်းအမြစ်များမှရရှိသည်။

လူတို့၏ အသက်မွေးလမ်းကျောင်းနှင့် စီးပွားရေးလုပ်ငန်းအများအပြားသည် ဇီဝမျိုးစုံမျိုးကွဲတို့ကို အရင်းခံကာလုပ်ကိုင်နေခြင်း ဖြစ်သည်။ လူတို့အသက်ရှင်နေထိုင်ရေးအတွက် သစ်ပင်သစ်တော၊အပင်မျိုးစိတ်များ၊တောရိုင်းတိရစ္ဆာန်မျိုးစိတ်များအားလုံးရေရှည် တည်တံ့ ခိုင်မြဲ မှသာ ၎င်းတို့ အချင်းချင်းဆက်နွယ်ကာ အပြန်အလှန်အကျိုးပြုသည့် ဂေဟစနစ် ဖြစ်စဉ်များကောင်းမွန်ခြင်းဖြင့် ကမ္ဘာကြီး၏သက်ရှိလောကပိုမိုကောင်းမွန်နိုင်ပေမည်။

နှစ်စဉ် နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲနေ့ အထိမ်းအမှတ်ပွဲတွင် နှစ်အလိုက်ထိန်းသိမ်းရေးဆိုင်ရာဆောင်ပုဒ်များ သတ်မှတ်ကြေညာကာ လူအများထိန်းသိမ်းရေးဆိုင်ရာ အသိပညာတိုးပွားလာစေရေးနှင့် ပါဝင်ကူညီနိုင်ရေး အတွက် နှိုးဆော်လျက်ရှိရာ ယခုနှစ် ၂၀၁၈ ခုနှစ် နိုင်ငံတကာဇီဝ မျိုးစုံမျိုးကွဲနေ့ဆောင်ပုဒ်မှာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးငွေရတုလုပ်ရှားမှု (Celebrating 25 Years of Action for Biodiversity) ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ လှုပ်ရှားမှုများ၊ အသိပညာပေးဟောပြောပွဲများ၊ တီဗွီ၊ ရေဒီယို၊ ပိုစတာ၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲတို့၏တန်ဖိုးနှင့် အရေးပါပုံကို လူအများသိရှိနားလည်ပြီး ရေရှည်တည်တံ့စေရေးအတွက် ပါဝင်ပူးပေါင်းလာစေရန် နှိုးဆော်ထားပါသဖြင့် ဇီဝမျိုးစုံမျိုးကွဲပေါများစုံလင်သည့် မြန်မာနိုင်ငံအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာငွေရတုအထိမ်းအမှတ် လူထုလှုပ်ရှားမှုကို အလေးထားဆောင်ရွက်သင့်ပါသည်။ မြန်မာလူထုတစ်ရပ်လုံးအနေဖြင့် တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ တရားမဝင်ကုန်သွယ်ခြင်းတိုက်ဖျက်ရေး၊ ဟင်းလျာအဖြစ်၊ ဆေးဝါးအဖြစ် မသုံးစွဲရေး၊ အသုံးအဆောင်ပစ္စည်းအဖြစ်မသုံးစွဲရေးတို့ကို အမျိုးသားရေးတာဝန်အနေဖြင့် ပါဝင်ကူညီဆောင်ရွက်ရန် အချိန်ကျရောက်ပါကြောင်း ရေးသားလိုက်ပါသည်။



ပူတာအိုလွင်ပြင်ဒေသတွင် ကျက်စားသည့်
ဆောင်းခို ကြိုးကြာများ

သစ်တောကြေးမုံ

# နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးငွေရတု

25 YEARS

## Convention on Biological Diversity

## SAFEGUARDING LIFE ON EARTH

ဒေါက်တာသိန်းအောင်၊ ဥက္ကဋ္ဌ၊ မြန်မာငှက်နှင့်သဘာဝထိန်းသိမ်းရေးအသင်း





ကမ္ဘာတစ်ဝန်းနေထိုင်ကျက်စားကြကုန်သောသတ္တဝါနှင့်အပင်သက်ရှိ သို့မဟုတ် ဇီဝမျိုးစုံမျိုးကွဲအားလုံးထိန်းသိမ်းရေးအတွက် နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကွန်ဗင်းရှင်း Convention on Biological Diversity-CBD မှ ရည်မှန်းချက်များချမှတ်ကာ သတိပြုအကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များချမှတ်ပေးလျက်ရှိသည်မှာ ၂၅နှစ်တိုင်ပြီဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကွန်ဗင်းရှင်း (Convention on Biological Diversity-CBD)သည် ကမ္ဘာပေါ်တွင် နိုင်ငံတကာပတ်ဝန်းကျင်ဆိုင်ရာ ပေါ်ပေါ်လွင်လွင် ပါဝင်ဆောင်ရွက်မှုအများဆုံး၌ တစ်ခုဖြစ်သည့် နိုင်ငံအချင်းချင်းသဘောတူစာချုပ်ဖြစ်သည်။ (Rio de Janeiro) မြို့တွင် ၁၉၉၂ ခုနှစ်တွင် ကျင်းပသည့် ကမ္ဘာမြေဆိုင်ရာထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးပြီး လက်ရှိအဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၃) နိုင်ငံပါဝင်သည်။









၁။ မြန်မာနိုင်ငံတွင် ကျက်စားသည့် အိန္ဒိယကျား
၂။ မြန်မာနိုင်ငံအလယ်ပိုင်းပလိပ်အင်းအတွင်းကျက်စားသည့် ဆောင်းခိုပိုချပ် ခေါင်းစိမ်း
၃။ မြန်မာနိုင်ငံနတ်မတောင်တွင်သာတွေ့ရသည့် မြန်မာ့ဒေသရင်းငှက် မြန်မာတစ်ငှက်
၄။ မြန်မာနိုင်ငံမြောက်ပိုင်းတွင် ကျက်စားသည့် ထရိုကိုပင် ရစ်
၅။ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကျက်စားသည့် မြန်မာ့ဒေသရင်းငှက် မြန်မာဘီလုံး
၆။ မြန်မာ့ဒေသရင်းလိပ်မျိုးစိတ် ကြယ်လိပ်

စာမျက်နှာ -၄၈ သို့